Inter-Parliamentary Union
For democracy. For everyone.

UNDP



# မြန်မာလွှတ်တော်ကိုယ်စားလှယ် စစ်တမ်း –
# ဒုတိယအကြိမ်လွှတ်တော်မှ
# ကိုယ်စားလှယ်များ၏ ထင်ဟပ်သုံးသပ်ချက်များ

Australian Aid
Canada
Sweden
Sverige

Inter-Parliamentary Union
For democracy. For everyone.

UNDP

# မြန်မာလွှတ်တော်ကိုယ်စားလှယ် စစ်တမ်း –
# ဒုတိယအကြိမ်လွှတ်တော်မှ ကိုယ်စားလှယ်များ၏ ထင်ဟပ်သုံးသပ်ချက်များ

# ကျေးဇူးတင်လွှာ

ဤစစ်တမ်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ခေါင်းဆောင်မှုပေးခဲ့ကြသည့် လွှတ်တော်နှစ်ရပ်မှ ဥက္ကဋ္ဌများ ဖြစ်ကြသော ပြည်ထောင်စုလွှတ်တော် နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းတို့အား များစွာ ကျေးဇူးတင်ရှိပါသည်။

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် နှင့် အဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးတင်အောင်ချို နှင့် ဒေါ်အေးအေးမူ တို့ကိုလည်း စိတ်ရှည်လက်ရှည် လမ်းညွှန်ပြသပေးခဲ့မှုများအတွက် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် စစ်တမ်းအတွက် အစီအစဉ်ရေးဆွဲစဉ်နှင့် ဆောင်ရွက်စဉ်ကာလများအတွင်း အချိန်ပေး၍ ကူညီပံ့ပိုးခဲ့မှုများ၊ အကြံဉာဏ်များအတွက် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းအောင်တို့အပါအဝင် လွှတ်တော်ရုံးသုံးရုံးမှ အကြီးတမ်းအရာရှိကြီးများကိုလည်း အလွန်ပင် ကျေးဇူးတင်ရှိပါသည်။ ထို့မျှသာမက ပြည်ထောင်စုလွှတ်တော်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်း၊ အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း၊ ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန့်အေးအေးကြည်တို့ကိုလည်း စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုများ ပေးခဲ့ကြခြင်းအတွက် ကျေးဇူးတင်ရှိပါသည်။

ဤအစီရင်ခံစာမူကြမ်းကို ဖတ်ရှု၍ စဉ်းစားသုံးသပ်ကာ အပြုသဘောဆောင်သောမှတ်ချက်များပေးခဲ့ကြသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်စူဇန်နာလှလှစိုးနှင့် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းတို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

စစ်တမ်းအဆင့်အားလုံးတွင် လွှတ်တော်ကိုယ်စားလှယ်စစ်တမ်းလုပ်ငန်းအဖွဲ့ဝင်လွှတ်တော်ဝန်ထမ်းများက အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ကြပါသည်။ ၎င်းတို့၏ကူညီပံ့ပိုးမှုများ မပါရှိဘဲနှင့် ဤစစ်တမ်းကို အောင်မြင်စွာ ဆောင်ရွက်ရန် ဖြစ်နိုင်မည် မဟုတ်ပါ။

အားလုံးထဲတွင် အထူးကျေးဇူးတင်ရမည့်သူများမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များပင် ဖြစ်ပါသည်။ စစ်တမ်းကောက်ယူစဉ်အတွင်း အချိန်ပေးကာ အသိပညာဗဟုသုတများကို မျှဝေပေးခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လိုလားထက်သန်စွာ ပါဝင်ကူညီပေးခဲ့မှုများကြောင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်၏ စွမ်းဆောင်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ဤစစ်တမ်းအတွက် ဦးဆောင်လမ်းညွှန်ပေးခဲ့ကြသော အဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသည့် Ms. Meg Munn နှင့် Ms. Mary C. Murphy၊ လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ဆုံမေးမြန်းနိုင်အောင်၊ အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်နိုင်အောင်၊ စစ်တမ်းမေးခွန်းလွှာကို ပြုစု၍ လွှတ်တော်ကိုယ်စားလှယ်များ ဖြည့်စွက်နိုင်အောင် ပံ့ပိုးကူညီပေးခဲ့ကြသော စစ်တမ်းအဖွဲ့ဝင်များနှင့် UNDP/IPU အဖွဲ့ဝင်များအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အစီရင်ခံစာ ဦးဆောင်ရေးသားသူ
Dr. Mary C. Murphy

အဖွဲ့ခေါင်းဆောင်
Ms. Meg Munn

အစီရင်ခံစာရေးသားသူနှင့်
နည်းပညာအကြံပေး
Mr. Alex Read

အရေအတွက်စံပြုစစ်တမ်းပညာရှင်
ဒေါ်ထားထားအိ

တွေ့ဆုံမေးမြန်းမှု ဆောင်ရွက်သူများ
စောဘွယ်ဒိုအေး
ဒေါ်မြချောစုအေး
Ms. Andrea Flew
ဒေါ်လှိုင်ယုအောင်
ဒေါ်မြင့်မြင့်စမ်း

ဘာသာပြန်သူများ
Dr. တင်မောင်မောင်အုန်း
Dr. မြမြသက်

ဖတ်ရှုသုံးသပ်အကြံပြုပေးသူများ
Ms. Doina Ghimici၊ Senior Technical Specialist၊ UNDP အာရှနှင့် ပစိဖိတ်ဒေသရုံး

Mr. Thomas Gregory၊ လွှတ်တော်ကော်မတီ ကျွမ်းကျင်ပညာရှင်၊ UNDP မြန်မာ

Mr. Philipp Annawitt၊ Office In–Charge၊ ထိရောက်၍ တုံ့ပြန်ဖြည့်ဆည်းသော အဖွဲ့အစည်းများဖြစ်ရေး ပံ့ပိုးကူညီမှု စီမံချက် (SERIP)၊ UNDP မြန်မာ

Mr. John Patterson၊ Parliamentary Strengthening Technical Specialist၊ IPU

အယ်ဒီတာ
Mr. Nick Sandars

# မာတိကာ


အနှစ်ချုပ် ........ 5

၁။ နိဒါန်း ........ 10

၂။ အသုံးပြုသော နည်းစနစ် ........ 11

၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လာပုံ ........ 12

၃-၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံများ 12

၃-၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လာစေရန် စေ့ဆော်ပေးခဲ့သော အရာ 12

၃-၃။ လွှတ်တော်သို့ ပထမဆုံးအကြိမ် ရောက်ရှိချိန်တွင် ဖြစ်ပေါ်သော ခံစားချက်များ 14

၃-၄။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသော သဘောထားအမြင်များ 14

၄။ လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများ ........ 15

၄-၁။ လွှတ်တော်အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခြင်း 17

၄-၂။ လွှတ်တော်အစည်းအဝေးတွင် မေးခွန်းများနှင့် အဆိုများကို အသုံးပြုခြင်း 18

၄-၃။ အစိုးရထံမှ တုံ့ပြန်ဖြေကြားမှုများ 23

၅။ ကော်မတီများ ........ 25

၅-၁။ ကော်မတီများ၏ လုပ်ငန်းအစီအစဉ်များနှင့် ချမှတ်ထားသော လုပ်ငန်းစဉ်များ 26

၅-၂။ ကော်မတီလုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများ 30

၆။ မဲဆန္ဒနယ်မြေဆိုင်ရာ လုပ်ငန်းများ ........ 36

၆-၁။ မဲဆန္ဒနယ်မြေမှ ကိစ္စများအား တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းခြင်း 38

၆-၂။ လွှတ်တော်ဆိုင်ရာတာဝန်များမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ကိုယ်စားပြု ဆောင်ရွက်ပေးခြင်း 39

၆-၃။ မဲဆန္ဒရှင်ပြည်သူများနှင့် ထိတွေ့ဆက်သွယ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ အသုံးပြုသော ကျင့်သုံးမှုများ 42

၆-၄။ မဲဆန္ဒနယ်မြေနှင့် ထိတွေ့ဆက်သွယ်ရန် လိုအပ်သော အရင်းအမြစ်များ 44

၆-၅။ ပြည်သူလူထုကို ပညာပေးခြင်း 47

၇။ လွှတ်တော်ရုံးများမှ ဝန်ဆောင်မှုများ ........ 49

၈။ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ........ 53

၈-၁။ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ မိတ်ဆက်တင်ပြဆွေးနွေးခြင်း 53

၈-၂။ တာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ 54

၈-၃။ မူဝါဒနှင့် အကြောင်းကိစ္စရပ်များပေါ်အခြေခံသော ပံ့ပိုးကူညီမှု 57

၈-၄။ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီများကို ပံ့ပိုးပေးနိုင်သည့် နည်းလမ်းများ 58

၉။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရသည့်ဘဝ ........ 60

၉-၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်ချီးမြှင့်ငွေနှင့် အဆောင်အယောင်များ 61

နိဂုံး ........ 64

တွေ့ရှိချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ 64

ရည်ညွှန်းကိုးကားချက်များစာရင်း ........ 69

နောက်ဆက်တွဲ (၁) ........ 70

နောက်ဆက်တွဲ (၂) ........ 71

# အတိုကောက်စကားလုံးများ

| | |
|---|---|
| DDG | Deputy Director-General<br>ဒုတိယညွှန်ကြားရေးမှူးချုပ် |
| FAO | Food and Agriculture Organization of the United Nations<br>ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ |
| IPU | Inter-Parliamentary Union<br>နိုင်ငံတကာပါလီမန်များအဖွဲ့ |
| ICT | Information and Communications Technologies<br>သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ |
| IDEA | International Democracy and Electoral Assistance |
| MP | Member of Parliament<br>လွှတ်တော်ကိုယ်စားလှယ် |
| UNDP | United Nations Development Programme<br>ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| ToR | Terms of Reference<br>တာဝန်နှင့်လုပ်ပိုင်ခွင့်များ |

# အစီရင်ခံစာ အနှစ်ချုပ်

ဤအစီရင်ခံစာတွင် ဒုတိယအကြိမ်မြန်မာလွှတ်တော်ရှိ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ကျင့်သုံးဆောင်ရွက်မှုများအကြောင်း သက်သေအထောက်အထား အခြေခံသည့် တွေ့ရှိချက်များကို တင်ပြထားပါသည်။ ဤအစီရင်ခံစာမှာ (က) ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက လွှတ်တော်ကိုယ်စားလှယ် ၆၃ ဦး (ရွေးကောက်ခံကိုယ်စားလှယ် ၁၃%) နှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများ၊ ဦးတည်အုပ်စုဆွေးနွေးခြင်း (FGDs) များ နှင့် (ခ) ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ပြုလုပ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး (ရွေးကောက်ခံကိုယ်စားလှယ် ၇၉%[1]) ထံ မေးခွန်းလွှာများပေးပို့၍ စစ်တမ်းကောက်ယူခြင်းများ၏ ရလဒ်ပင် ဖြစ်ပါသည်။ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ မဟာဗျူဟာ ဦးတည်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များချမှတ်ရာတွင် လွှတ်တော်ခေါင်းဆောင်ပိုင်းမှ အသုံးပြုနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်များထံမှ အချက်အလက်၊ အထောက်အထားများကို တင်ပြပေးရန် ဖြစ်ပါသည်။ ဤအချက်အလက်များကို အသုံးပြုခြင်းဖြင့် လွှတ်တော်ရုံးအဖွဲ့များသည် လွှတ်တော်ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပံ့ပိုးပေးနိုင်မည့် ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြင်ဆင်ပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ရွေးချယ်ဆောင်ရွက်ပေးခြင်းတို့တွင် အထောက်အကူရနိုင်ပါသည်။ ဤအစီရင်ခံစာတွင် ၂၀၁၅ ခုနှစ်၌ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) မှ ကောက်ယူခဲ့သော ပထမအကြိမ်လွှတ်တော် ကိုယ်စားလှယ်စစ်တမ်းမှ အချက်အလက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်လွှတ်တော်မှ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များ မည်သို့ တိုးတက်ပြောင်းလဲလာသည်ကို သက်သေအထောက်အထားအနေဖြင့် မှတ်တမ်းတင်နိုင်ရန်အတွက် ဖြစ်ပါသည်။

ဓာတ်ပုံ (၁) ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြုလုပ်သော ဒုတိယအကြိမ်မြောက်လွှတ်တော်များ၏ နှစ်ပတ်လည်အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် နှင့် လွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်လာစဉ်



အရင်းအမြစ် – အမျိုးသားလွှတ်တော်

1 စစ်တမ်းမေးခွန်းလွှာမှာ ကိုယ်စားလှယ်အားလုံးအတွက် ဖြစ်ပါသည်။ ပြန်လည်ရရှိသည့် ဖြေကြားလွှာများတွင် မည်သူမည်ဝါ၏ ဖြေကြားလွှာဟူ၍ ခွဲခြားသတ်မှတ်နိုင်ခြင်းမရှိသော်လည်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၏ ဖြေကြားလွှာများ မပါဝင်ကြောင်း ခွဲခြားသိရှိနိုင်ပါသည်။

ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ကျေပြွန်စွာ ထမ်းဆောင်မှုတို့သည် မြန်မာနိုင်ငံတွင် ထိရောက်မှုရှိသော ဒီမိုကရေစီစနစ် တည်ဆောက်ရေးကို အထောက်အကူပြုလျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များတွင် ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့တွင် ပါဝင်ကူညီလိုစိတ်နှင့် မဲဆန္ဒနယ်မြေမှ ပြည်သူများ၏ အရေးကိစ္စများကို ဖြေရှင်းပေးလိုစိတ်တို့ ပြင်းပြမှုအား ၎င်းတို့၏ ပြောစကားများအရ သိရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်အများအပြားက ဥပဒေပြုရေးအား ၎င်းတို့၏ အရေးကြီးဆုံးတာဝန်အဖြစ် သတ်မှတ်ကြသော်လည်း ၎င်းတို့သည် ကိုယ်စားပြုရေးတာဝန်ကို စောင့်ကြည့်ထိန်းညှိရေးနှင့် ဥပဒေပြုရေးတို့ထက် ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်သည်ဟု ခံစားကြရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့တွင် ဥပဒေဆိုင်ရာ အတွေ့အကြုံနှင့် အသိပညာများမရှိလျှင် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာ၌ အခက်အခဲရှိသည်ဟု ယူဆကြပါသည်။ သို့သော် နိုင်ငံတကာအတွေ့အကြုံများအရ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့ကော်မတီများမှ ကိုင်တွယ်ရသည့် သက်ဆိုင်ရာမူဝါဒနယ်ပယ်တွင် အထူးပြုကျွမ်းကျင်အောင် ပြုလုပ်ခြင်းဖြင့် ဥပဒေဆိုင်ရာ အဆင့်မြင့်ပညာများ နားလည်တတ်ကျွမ်းမှုရှိရန် မလိုအပ်ဘဲ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတို့တွင် ကောင်းစွာ စွမ်းဆောင်နိုင်ကြောင်း တွေ့ရှိရပါသည်။ ဒီမိုကရေစီစနစ်တစ်ခု၏ မဏ္ဍိုင်များကြား တစ်ခုနှင့်တစ်ခု ဖြည့်စွက်ထောက်မပေးနေမှုများကို ပိုမိုနက်ရှိုင်းစွာ နားလည်သိရှိခြင်းကလည်း လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများအားလုံးကို ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

ဒုတိယအကြိမ်လွှတ်တော်သည် ပထမအကြိမ်လွှတ်တော်မှ ချပေးခဲ့သော အုတ်မြစ်နှင့် စွမ်းဆောင်အောင်မြင်မှုများပေါ်တွင် အခြေပြုကာ လွှတ်တော်လုပ်ငန်းစဉ်များနှင့် ကျင့်သုံးမှုများသည်လည်း အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့ပါသည်။ လွှတ်တော်အစည်းအဝေးတွင် မေးမြန်းသော မေးခွန်းများ (အထူးသဖြင့် မဲဆန္ဒနယ်မြေမှ ပြဿနာများကို ဖြေရှင်းပေးရန် မေးမြန်း သောမေးခွန်းများ)၏ရလဒ်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက အပြုသဘောဆောင်သော အမြင်များ ရှိကြပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ် များ အဓိက မေးမြန်းသောမေးခွန်းများသည် လွှတ်တော်ကိုယ်စားလှယ် ၏ မူဝါဒအဆိုပြုချက်များအတွက် အစိုးရ၏ ပံ့ပိုးကူညီမှုရရှိရေး သို့မဟုတ် မဲဆန္ဒရှင်နယ်မြေမှ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းနိုင်ရေးအတွက် ဖြစ်ပါသည်။ ယင်းသည် ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အမျိုးသား မူဝါဒများနှင့် အစိုးရ၏ လုပ်ဆောင်ချက်တို့ကို စောင့်ကြည့်ထိန်းညှိနိုင်သည့် လုပ်ပိုင်ခွင့်များအားလုံးကို အပြည့်အဝ အသုံးမပြုရာ ရောက်ပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များသည် တစ်ခါတစ်ရံ လွှတ်တော်အစည်းအဝေးတွင် အစိုးရမှ ဖြေကြားသော အဖြေများကို စိတ်ကျေနပ်မှု မရှိသည်များလည်း ရှိပါသည်။ အချို့သော လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးတွင် ယခုထက်ပို၍ သက်ဝင်လှုပ်ရှား တက်ကြွသော ငြင်းခုံဆွေးနွေးမှုများ ရှိရန် လိုအပ်သည်ဟု ဆိုပါသည်။

ဒုတိယအကြိမ်လွှတ်တော်တွင် ကော်မတီများသည် ပို၍ တက်ကြွလာကြပြီး လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေအလုပ်များကို ပုံမှန်ဆောင်ရွက်မှုများ ပိုမိုများပြားလာပါသည်။ ကြားနာမှုများ ပြုလုပ်ခြင်း၊ ကွင်းဆင်းလေ့လာခြင်း၊ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း စသည်တို့တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်မှုများကြောင့် လွှတ်တော်ကိုယ်စားလှယ်များတွင် လက်ဆုပ်လက်ကိုင်ပြနိုင်သော ရလဒ်များနှင့် အောင်မြင်မှုများ ရှိနေကြပါသည်။ သို့သော် ပြဿနာများကို တင်ပြလာမှသာ တုံ့ပြန်ဆောင်ရွက်ကြသည့် ရေးရာကော်မတီ[2] အချို့ ရှိနေဆဲဖြစ်ပြီး ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို အပြည့်အဝ အသုံးပြုနိုင်ခြင်းမရှိဘဲ တိုင်ကြားစာများနှင့် မဲဆန္ဒရှင်ပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို တုံ့ပြန်ဖြေရှင်းပေးခြင်းများကိုသာ အဓိကထား လုပ်ဆောင်နေကြပါသည်။ သို့သော် အချို့ကော်မတီများမှာမူ ကော်မတီလေ့လာစိစစ်မှုဟု ခေါ်သည့် လုပ်ငန်းစဉ်ဖြင့် ၎င်းတို့ Term of reference (ToR) အတွင်းရှိ ကိစ္စရပ်များကို အသေးစိတ်လေ့လာမှုများ ပြုလုပ်နေကြပါသည်။ လွှတ်တော်အစည်းအဝေးတွင် ကော်မတီမှ အစီရင်ခံစာများ တင်ပြခြင်းသည် စနစ်တကျ မဖြစ်သေးပါ။ ကော်မတီများသည် နှစ်ပတ်လည် အစီရင်ခံစာများကို ရေးသားပြုစုကြပါသည်။ သို့သော် ကော်မတီအများအပြားသည် မူဝါဒဆိုင်ရာ ကိစ္စရပ်များအပေါ် လေ့လာစိစစ်မှုများအား အစီရင်ခံတင်ပြခြင်း မရှိကြသေးပါ။ ရေးရာကော်မတီများအားလုံးကြား အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်သင့်ပါသည်။ သို့မှသာ ထိရောက်သော လွှတ်တော်ဆိုင်ရာ ကျင့်သုံးလုပ်ဆောင်မှုများကို လေ့လာသင်ယူကာ ခံယူကျင့်သုံးနိုင်ကြမည်ဖြစ်ပါသည်။ ကော်မတီ၏ Terms of Reference ကို ပြင်ဆင်ခြင်းများလည်း ဖြစ်လာနိုင်ပါသည်။

2 ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ခုစလုံးတွင် အမြဲတမ်းကော်မတီ လေးခု ရှိပါသည်။ ၎င်းတို့မှာ ဥပဒေကြမ်း ကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတို့ ဖြစ်ပါသည်။ ထိုလွှတ်တော်များတွင် စီးပွားရေး၊ တိုင်းရင်းသားရေးရာ၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးနှင့် နိုင်ငံအတွက် အရေးကြီးသည့် အခြားသောကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ရေးရာကော်မတီများကိုလည်း ဖွဲ့စည်း ထားပါသည်။ ရေးရာ ကော်မတီများကို ငါးနှစ်သက်တမ်းရှိသည့် လွှတ်တော်တစ်ခု၏ သက်တမ်းအစတွင် ဖွဲ့စည်းပြီး သက်တမ်းတစ်လျှောက်လုံး တာဝန်ထမ်းဆောင်ပါသည်။ ထို့ပြင် သီးခြားကိစ္စရပ်များအတွက် အချိန်ကာလအကန့်အသတ်ဖြင့် ဖွဲ့စည်းသော ရေးရာကော်မတီများလည်း ရှိပါသည်။ ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ပါသည်။

## ဓာတ်ပုံ (၂) ပြည်ထောင်စုလွှတ်တော်ဝင်းအတွင်းရှိ ကော်မတီအဆောင်များ



အရင်းအမြစ် – အမျိုးသားလွှတ်တော်

ဒေသန္တရအဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုအပ်ချက်များနှင့် မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ တင်ပြမှုများကို အားကြိုးမာန်တက် တုံ့ပြန်ဖြေရှင်းပေးနေကြပါသည်။ လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် ပြဿနာများကို ၎င်းတို့ကိုယ်တိုင် ဖြေရှင်းကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်မြေပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းသည့် နည်းလမ်းများ၊ မြို့နယ် စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်အပါအဝင် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သည့် အတိုင်းအတာများသည် တစ်ဦးနှင့်တစ်ဦး မတူကြဘဲ ၎င်းတို့နှင့် ၎င်းတို့မြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မှ အခြားအစိုးရအရာရှိများနှင့် ဆက်ဆံရေးအပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။ ပြည်ထောင်စုအဆင့်တွင် လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ လုပ်ပိုင်ခွင့်များကို အသုံးပြု၍ ပိုမိုကောင်းမွန်သော ကဏ္ဍအလိုက်မူဝါဒများနှင့် ဥပဒေဆိုင်ရာမူဝါဒများမှ တစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုရန်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို ကိုင်တွယ်ဆောင်ရွက်ပေးရန် ကြိုးပမ်းသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ နည်းပါးနေသေးသော်လည်း တဖြည်းဖြည်း တိုးပွားလာလျက် ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်အစည်းအဝေးနှင့် ကော်မတီများတွင် အရေးကြီးသော စနစ်တစ်ခုလုံးနှင့် သက်ဆိုင်သည့် နိုင်ငံအဆင့်ပြဿနာများကို သတ်မှတ်ဖော်ထုတ်၍ ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုကောင်းမွန်သောရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ကြပါသည်။ ထိုသို့ ဆောင်ရွက်နိုင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များတွင် ဒေသန္တရအစိုးရများနှင့် သော်လည်းကောင်း၊ ဒီမိုကရေစီစနစ်၏ အခြားမဏ္ဍိုင်များနှင့်သော်လည်းကောင်း ဆက်စပ်နေသည့် ၎င်းတို့၏ အခန်းကဏ္ဍများ၊ မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ကိုယ်စားပြုနိုင်မည့်၊ တွန်းအားပေး ဆွေးနွေးတင်ပြနိုင်မည့် နည်းလမ်းများကို ရှင်းရှင်းလင်းလင်း နားလည်သိရှိဖို့ လိုအပ်ပါသည်။ လွှတ်တော်အစည်းအဝေး၊ ကော်မတီဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများတွင် အပြောင်းအလဲများ ပြုလုပ်ထားပြီးဖြစ်ပါသည်။ ထိုအပြောင်းအလဲများသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် ၎င်းတို့မဲဆန္ဒရှင်များ၏ လိုအပ်ချက်များနှင့်စပ်လျဉ်းသော မူဝါဒနှင့် ဥပဒေများ ရေးဆွဲရာတွင် သက်သေအထောက်အထား အခြေခံသော တင်ပြချက်များကို တိုးတက်အကြံပြု ဆွေးနွေးနိုင်ရန် အထောက်အကူပြုပါသည်။

လွှတ်တော်ပြက္ခဒိန်ကို စတင်အသုံးပြုလာခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ ကိုယ်စားပြုရေးတာဝန်များကို ပိုမိုထိရောက်စွာ အစီအစဉ်ရေးဆွဲဆောင်ရွက်နိုင်လာပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များအတွက် လက်တွေ့လုပ်ငန်း ဆောင်ရွက်မှုများတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်ပါသည်။ မဲဆန္ဒနယ်မြေနှင့်စပ်လျဉ်းသော ယုံကြည်ကိုးစားနိုင်သည့် အချက်အလက် များ ရရှိနိုင်မှု မရှိခြင်းသည် လွှတ်တော်ကိုယ်စားလှယ် အများအပြားအတွက် အခက်အခဲ ဖြစ်နေပါသည်။ နောက်ဆုံးရ သတင်း အချက်အလက်များ အသေးစိတ်မရရှိဘဲနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံး၏ လိုအပ်ချက် များကို အတိအကျဖော်ထုတ်သိရှိနိုင်ရန်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်ရန် ခက်ခဲသည်ဟု ဆိုကြပါ သည်။ ပြည်သူများသည် ဒီမိုကရေစီစနစ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ၊ အခြား သော မဏ္ဍိုင်များ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းတာဝန်များကို သိရှိနားလည်မှု မရှိခြင်းကလည်း အခက်အခဲတစ်ခုဖြစ်ကြောင်း ကိုယ်စားလှယ်များက မှတ်ချက်ပြုကြပါသည်။ လွှတ်တော်ဆိုင်ရာဥပဒေများတွင် မဲဆန္ဒနယ်မြေလုပ်ငန်းများအတွက် စရိတ်များ ထောက်ပံ့ပေးခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားချက်များပါရှိသော်ငြားလည်း လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေသို့ သွားရောက်ရန်နှင့် မဲဆန္ဒနယ်မြေအတွင်း လှည့်လည်သွားလာရန် ခရီးစရိတ်များအတွက် အခက်အခဲများ ရှိကြောင်းလည်း ပြောပြ ကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏တာဝန်များကို ထိရောက်စွာထမ်းဆောင်ရန် အမျိုးမျိုးသောအရင်းအမြစ်များမှ ပိုမို ပြည့်စုံ၍ အသေးစိတ်သော သတင်းအချက်အလက်များ လိုအပ်ကြောင်းလည်း ပြောကြပါသည်။ ထိုလိုအပ်ချက်ကို လုပ်ထုံး လုပ်နည်း ပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ (ICT) ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ခြင်း၊ သုတေသနဝန်ဆောင်မှုနှင့် ကော်မတီဝန်ထမ်းများမှ ပိုမိုပြည့်စုံကောင်းမွန်သည့် အကြောင်းအရာအလိုက် စာတမ်းတိုများ တိုးမြှင့်ပြုစုပေးခြင်း၊ လွှတ်တော်၏ အစိုးရနှင့် သော်လည်းကောင်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့်သော် လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းအောင်ပြုလုပ်ခြင်း နည်းလမ်းများဖြင့် ဖြည့်ဆည်း ဆောင်ရွက် ပေးသင့်ပါသည်။ လွှတ်တော်သည် ၂၀၁၁ ခုနှစ်ကမှသာ နိုင်ငံအတွက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များအားလုံးကို အပြည့်အဝ နားလည်သိရှိရန်နှင့် ထိုတာဝန်များ ထမ်းဆောင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို သင်ယူဆည်းပူးနိုင်ရန် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုး ကူညီမှုများကို ဆက်လက်လိုအပ်နေဦးမည်ဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်များကလည်း အဆိုပါ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်များ ကျင်းပသင့်သည့် အချိန်နှင့် ၎င်းတို့ဘာသာ သီးခြားလေ့လာသင်ယူနိုင်ရန် အရေးကြီးပုံကိုလည်း တညီ တညွတ်တည်း ပြောကြားခဲ့ကြပါသည်။

နေ့စဉ် နေထိုင်စားသောက်ရေးအတွက် စီစဉ်ရခြင်းကြောင့် ကိုယ်စားလှယ်တာဝန်များကို ထမ်းဆောင်ရာတွင် အခက်အခဲများ ကြုံတွေ့ကြရသည်ဟု ဆိုပါသည်။ ၎င်းတို့က တည်းခိုနေထိုင်ရေးနှင့် အိမ်ရာကိစ္စများအတွက် စိတ်ပူပန်ရခြင်း နှင့် နေထိုင်မှုစရိတ်နှင့် သွားလာမှုကုန်ကျစရိတ်များ အခက်အခဲရှိနေကြောင်းကိုလည်း ထုတ်ဖော်ပြောကြားကြပါသည်။ ထိုအချက်များသည် ကိုယ်စားလှယ် များ၏ မိသားစုဘဝနှင့် စီးပွားရေးကိစ္စရပ်များအပေါ် ကြီးစွာသော သက်ရောက်မှုရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ၎င်းတို့၏အခန်းကဏ္ဍကို ဆက်လက်ထမ်းရွက်နိုင်မည့်၊ အထူးပြုကျွမ်းကျင်မှုများ ရရှိလာ အောင် လေ့လာဆည်းပူးနိုင်မည့် နည်းလမ်းများ ရရှိစေရန် အထက်ပါကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေပေးရန် အရေးကြီးမည် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့က မြန်မာ လွှတ်တော်မဟာဗျူဟာစီမံကိန်း၊ ၂၀၁၉–၂၀၂၂ ကို လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ တင်ပြခဲ့ပါသည်။ စစ်တမ်းမေးခွန်းလွှာ ကို ဖြေဆိုပေးသော၊ တွေ့ဆုံမေးမြန်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များပေါ်တွင် အခြေခံပြုစုထားသည့် ဤအစီရင်ခံစာတွင် ဒုတိယအကြိမ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့၏တာဝန်များ ထမ်းဆောင်နိုင်အောင် ပံ့ပိုးပေးရန်နှင့် ထိုသို့ ပံ့ပိုးပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ခိုင်မာရင့်သန်လာစေရေး လုပ်ငန်းစဉ်ကို ပိုမိုနက်ရှိုင်းစွာ အလေးပေးဆောင်ရွက်နိုင်စေရန် မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်းတွင် အောက်ပါလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက် ရန် အကြံပြုပါသည် –

| ရှေ့လုပ်ငန်းစဉ်များ | မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း၊ ၂၀၁၉–၂၀၂၂ – ဦးစားပေးလုပ်ငန်းများ |
|---|---|
| ရေးရာကော်မတီများ၏ ကျင့်သုံးမှုများအား တညီတညွတ်တည်းဖြစ်စေခြင်း | ၁–၅။ ဘတ်ဂျက်စိစစ်ခြင်းနှင့် စောင့်ကြည့်ထိန်းညှိခြင်း လုပ်ငန်းစဉ်များတွင် လွှတ်တော်က ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊<br>၁–၆။ ဥပဒေကြမ်းမရေးဆွဲမီ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်၊ ဥပဒေကြမ်း တင်သွင်းရေး ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့် ဥပဒေပြုပြီးနောက် ပြန်လည် ဆန်းစစ်သည့်လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊<br>၂–၄။ လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်၊ လိုလားချက်များကို အချိန်မီ သိရှိ ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သည့် အစီအမံများထားရှိ ဆောင်ရွက်ရန်၊ |
| လွှတ်တော်၏ လုပ်ငန်းစဉ်များနှင့် လုပ်ငန်း လည်ပတ်မှုများအတွက် လွှတ်တော် ကိုယ်စား လှယ်များက အကြံဉာဏ်များ ပေးအပ်နိုင်မည့် အစီအမံများ ထားရှိဆောင်ရွက်ခြင်း၊ | ၁–၂။ လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေမှုများနှင့် ဥပဒေပြုရေး လုပ်ငန်း စဉ်များကို ထိရောက်အားကောင်းလာစေရန် ပြန်လည်သုံးသပ်ပြီး ပိုမို ကောင်းမွန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပံ့ပိုးမှုများ ချမှတ်ကျင့်သုံးရေး စီမံဆောင်ရွက်ရန်၊ |
| လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်မည့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု အစီအစဉ်များကို ရွေးချယ်ကာ လွှတ်တော် ကိုယ်စားလှယ်များ အဆင်ပြေမည့် အချိန်များတွင် လိုအပ်သလို ပြင်ဆင်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း | ၂–၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ မူလတာဝန်များကို ပိုမို ထိရောက်မှု ရှိစေရန်နှင့် ပြည်သူများကို ဦးဆောင်မှုပေးနိုင်ရန်အတွက် အထောက်အကူပေးခြင်းကို တိုးမြှင့် ဆောင်ရွက်ရန်၊<br>၂–၅။ ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်းများနှင့် ပတ်သက် ပြီး နိုင်ငံတကာလွှတ်တော်များမှ အကောင်းဆုံး အလေ့အကျင့်များကို ပိုမို လေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊ |
| လွှတ်တော်ကိုယ်စားလှယ်များ၏ နေထိုင်မှု အခြေအနေများ တိုးတက်ကောင်းမွန် လာစေရန် ဆောင်ရွက်ပေးခြင်း | ၂–၉။ လွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် လွှတ်တော်ကိုယ်စားလှယ် အဆောင်အယောင်ဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်၊ |
| လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအအချက်အလက် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးခြင်း၊ | ၃–၇။ လွှတ်တော်ဝန်ထမ်းများ၏ သုတေသနဝန်ဆောင်မှုနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှု နည်းပညာအရည်အသွေး မြှင့်တင်ရေးအစီအစဉ်များ စီစဉ် ဆောင်ရွက်သွားရန်၊ |
| ပညာရပ်နယ်ပယ်အလိုက် လေ့လာနိုင်စေရန် ကူညီပံ့ပိုးမှုပေးခြင်းနှင့် မိမိဘာသာ လေ့လာ သင်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ | ၃–၆။ လွှတ်တော်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ပညာရပ်နယ်ပယ် အလိုက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် အရည်အသွေး မြှင့်တင်သည့် အစီအစဉ်များကို ထိရောက်စွာစီမံဆောင်ရွက်ရန်၊<br>၄–၈။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရာတွင် လွှတ်တော်သင်ကြားရေး ဗဟိုဌာနက ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်သင်ကြားရေးဗဟိုဌာန ဖွံ့ဖြိုးရေးဗျူဟာတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် |
| လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်း ကဏ္ဍနှင့် တာဝန်များကို အများပြည်သူ သိရှိစေရန် လွှတ်တော်မှ လူထုနှင့် ထိတွေ့ဆက်သွယ်ပညာပေးမှုများ ပိုမို အားကောင်းအောင် ဆောင်ရွက်ခြင်း၊ | ၄–၁။ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်း တာဝန်များကို ပြည်သူများ ပိုမိုသိရှိလာစေရေးအတွက် လွှတ်တော် သတင်း အချက်အလက်များကို ကျယ်ပြန့်စွာ ဖြန့်ဝေနိုင်ရေးနှင့် ပြည်သူ့အသံကို ပိုမိုနားထောင်နိုင်စေရန် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်ရန်၊ |
| ဒီမိုကရေစီစနစ်တစ်ခု၏ အာဏာခွဲဝေကျင့်သုံး ခြင်းကို နက်နက်နဲနဲ နားလည်သိရှိအောင် ဆောင်ရွက်ခြင်း၊ | ၄–၇။ လွှတ်တော်အချင်းချင်းသော်လည်းကောင်း၊ လွှတ်တော် ပြင်ပအဖွဲ့အစည်း များနှင့်သော်လည်းကောင်း၊ အခြားပါဝင် ပတ်သက်သူများနှင့် သော် လည်းကောင်း ကျယ်ပြန့်စွာ တိုက်ရိုက် ဆက်သွယ်မှုများ ပါဝင်သည့် လွှတ်တော်ဆက်သွယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေး အတွက် ဆက်သွယ်ရေး ဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန်၊ |

# ၁။ နိဒါန်း

ဒီမိုကရေစီအသွင်ကူးပြောင်းမှုတိုင်းတွင် အဖွဲ့အစည်းသစ်များကို တည်ထောင်ရုံသာမက တွေးခေါ်ပုံများ ပြောင်းလဲ၍ ကျင့်သုံးမှု အသစ်များကိုပါ ခိုင်မာအောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ အခြားလွှတ်တော်များနှင့်မတူဘဲ မြန်မာလွှတ်တော်ရှိ ကိုယ်စားလှယ်များသည် ဒီမိုကရေစီစနစ်များနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများ နည်းပါးပြီး ရည်ညွှန်းအသုံးပြုနိုင်မည့် institutional memory ဟုခေါ်သည့် လွှတ်တော်တွင်း အစဉ်အဆက်လက်ဆင့်ကမ်းလာသော အတွေ့အကြုံဗဟုသုတများလည်း နည်းပါးနေပါသည်။ သို့သော် ယခုအခါလွှတ်တော်တွင်းတွင် ထို institutional memory ကို တစ်စထက်တစ်စ စုဆောင်းလာနိုင်ပြီဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များတွင် မြန်မာ့လူဘောင် အဖွဲ့အစည်းအတွင်းရှိ မိမိတို့၏လွှတ်တော်နှင့် လွှတ်တော်၏ အခန်းကဏ္ဍကို ဂုဏ်ယူဝံ့ကြွားစိတ်များ ဖြစ်ပေါ်လာအောင်လည်း အထောက်အကူပြုပါသည်။

လွှတ်တော်များသည် ဥပဒေပြုရေး၊ စောင့်ကြည့်ထိန်းကျောင်းရေးနှင့် ကိုယ်စားပြုရေးအပါအဝင် အရေးကြီးသော လုပ်ငန်းတာဝန်အချို့ကို ထမ်းဆောင်ရပါသည်။ အဆိုပါ လုပ်ငန်းတာဝန်များသည် အဖွဲ့အစည်း၏ တရားဝင်နှင့် အလွှတ်သဘော စည်းမျဉ်းစည်းကမ်းများမှတစ်ဆင့် နိုင်ငံရေးအမူအကျင့်များကိုလည်း ပုံဖော်ပေးပါသည်။ အဖွဲ့အစည်းတစ်ခု၏အစောပိုင်းကာလတွင် စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်သုံးမှုများ စတင်အခြေတည် ဖွံ့ဖြိုးလာပြီးနောက် အမြစ်တွယ်ခိုင်မာလာကာ ကြာရှည်တည်တံ့ခိုင်မြဲနေမည့် ယဉ်ကျေးမှုလက္ခဏာများ ပေါ်ထွန်းလာစေပြီး လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများကိုလည်း ပြဋ္ဌာန်းပေးပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်၏ လိုင်းတံပိုးများကြား ရုန်းကန်လှုပ်ရှားကြရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်လုံးသည် သင်ယူလေ့လာမှုများကို အစဉ်အမြဲ ပြုလုပ်နေဖို့ လိုပါသည်။ ထိုလွှတ်တော်ကိုယ်စားလှယ်များ လိုအပ်သည့် ကူညီပံ့ပိုးမှုများနှင့် ထိုပံ့ပိုးမှုများကို ပေးအပ်နေသည့် အတိုင်းအတာတို့ကို လေ့လာသိရှိနိုင်သည့် နည်းလမ်းတစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များကို မည်သို့ ထမ်းဆောင်နေကြကြောင်း ပုံမှန် ဆန်းစစ်လေ့လာနေခြင်းပင် ဖြစ်ပါသည်။

ဒုတိယအကြိမ် မြန်မာလွှတ်တော်သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး ၂၀၂၁ ဖေဖော်ဝါရီလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ဒုတိယအကြိမ်လွှတ်တော်သည် ပထမအကြိမ်လွှတ်တော်၏ စွမ်းဆောင်အောင်မြင်ခဲ့မှုများအပေါ် အခြေပြုကာ လွှတ်တော်အဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုနှင့် လွှတ်တော်လုပ်ငန်းစဉ်များ၊ ကျင့်သုံးမှုများသည်လည်း အဆင့်ဆင့် ပြောင်းလဲတိုးတက်လျက်ရှိနေသည်မှာ ထင်ရှားပါသည်။ ဥပမာ ကော်မတီများသည် ပို၍တက်ကြွလာပြီး မဲဆန္ဒနယ်မြေဆိုင်ရာ လုပ်ငန်းများကိုလည်း ပုံမှန်လုပ်ဆောင်လာကြပါသည်။ ဤသည်ကိုကြည့်လျှင် လွှတ်တော်အဖွဲ့အစည်းသည် လိုက်လျောညီထွေ လိုက်ပါပြောင်းလဲနိုင်စွမ်းရှိကြောင်း လက်တွေ့ပြသနေခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ လုပ်ငန်းများကို ကျင့်သုံးဆောင်ရွက်ပုံ အလေ့အထများကို လိုအပ်သလို ထိန်းညှိ ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ပုံများကိုလည်း တွေ့မြင်ရပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီကျင့်စဉ်များကို ပျိုးထောင်ကျင့်သုံးရာတွင် အတားအဆီးများနှင့် အခက်အခဲများကြုံတွေ့ခဲ့ရသည့် သက်သေသာဓက အချို့ကိုလည်း တွေ့ရပါသည်။ ပြည်သူ့ရေးရာ မူဝါဒများ အားကောင်းစေရေးနှင့် ပိုမိုအရည်အသွေးမြင့်မားသော ဥပဒေများပြုနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများကို ပိုမိုထိရောက်မှုရှိအောင် မည်သို့ကျင်းပနိုင်မည်၊ လွှတ်တော်ကော်မတီများ၏ လုပ်ငန်းများကို လွယ်ကူထိရောက်ပြီး စနစ်တကျဖြစ်စေရန် မည်သို့ လုပ်ဆောင်နိုင်မည်ဟူသည့် အကြံဉာဏ်များကို ပေးခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်အများအပြား ရင်ဆိုင်ကြရသည့် စိန်ခေါ်မှုများထဲတွင် လွှတ်တော်လုပ်ငန်းများနှင့် မဲဆန္ဒနယ်မြေဆိုင်ရာ လုပ်ငန်းများကို ဟန်ချက်ညီအောင် ထိန်းညှိရခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရခြင်းကြောင့် ပုဂ္ဂိုလ်ရေးနှင့်မိသားစုဘဝအပေါ် သက်ရောက်မှုတို့ ပါဝင်ပါသည်။

> “ကျွန်မတို့နိုင်ငံမှာ လွှတ်တော်ဟာ ဒီမိုကရေစီကို ပြုစုပျိုးထောင်ပေးနေတဲ့ ပျိုးခင်းတစ်ခုလို့ ရှုမြင်သင့်ပါတယ်
>
> ဒေါ်အောင်ဆန်းစုကြည်

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ဒုတိယအကြိမ် မြန်မာလွှတ်တော်ရှိ မြန်မာနိုင်ငံဒီမိုကရေစီစနစ်အတွင်းမှ လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ၊ တာဝန်များနှင့် ကျင့်သုံးမှုများကို နားလည်သိရှိနိုင်မည့် သက်သေအထောက်အထားများ ရရှိစေခြင်းဖြင့် လွှတ်တော်များအတွက် မဟာဗျူဟာ ဦးတည်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို အားကောင်းအောင် လုပ်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။ တွေ့ရှိချက်များသည် လွှတ်တော်ရုံးအဖွဲ့အတွက်လည်း အဖွဲ့အစည်းဆိုင်ရာစွမ်းရည် မြင့်မားတိုးတက်စေရေး၊ ဝန်ဆောင်မှုများ၊ ပံ့ပိုးကူညီမှုများနှင့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ရမည့် လမ်းကြောင်းကို ရရှိစေနိုင်ပါသည်။ မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း ၂၀၁၉–၂၀၂၂ ၏ ရည်ရွယ်ချက် များသည် သင့်လျော်ညီညွတ်မှုရှိကြောင်း အတည်ပြုပေးနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်စေရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ရာတွင်လည်း အထောက်အကူပြုနိုင်ပါသည်။

# ၂။ စစ်တမ်းကောက်ယူသော နည်းစနစ်

ဤစစ်တမ်းသည် ၂၀၁၅ ခုနှစ်က ပထမအကြိမ်လွှတ်တော်တွင် ဆောင်ရွက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ စစ်တမ်း၏ နောက်ဆက်တွဲဖြစ်ပါသည်။ ဒုတိယအကြိမ်လွှတ်တော်စတင်ချိန်မှ အစပြု၍ လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ မိတ်ဆက်တင်ပြဆွေးနွေးခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလာခဲ့သော ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကိုပထမအကြိမ်စစ်တမ်းမှတွေ့ရှိချက်များကိုအခြေခံ၍ ဒီဇိုင်း ရေးဆွဲခဲ့ပါသည်။ စဉ်ဆက်မပြတ် ဖြစ်စေရေးအတွက် ဒုတိယအကြိမ်စစ်တမ်းကိုလည်း ပထမအကြိမ်က စစ်တမ်းအဖွဲ့ခေါင်းဆောင်နှစ်ဦးဖြစ်သော (UNDP/IPU လွှတ်တော် အားကောင်းခိုင်မာရေးအစီအစဉ်မှ) မစ္စမက်မန်းနှင့် မစ္စမေရီမာဖီတို့က ဦးဆောင်၍ တူညီသော စစ်တမ်းအဖွဲ့ဝင်များကိုသာ အသုံးပြုကာ ဆောင်ရွက်ခဲ့ပါသည်။

စစ်တမ်းအဖွဲ့ကို လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့က လမ်းညွှန်မှုပေးခဲ့ပြီး စစ်တမ်းကောက်ယူမည့် နယ်ပယ်၊ အသုံးပြုမည့် နည်းစနစ်နှင့် မေးခွန်းများကို အတည်ပြုပေးခဲ့ပါသည်။ စစ်တမ်းအဖွဲ့သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ကိုးရက်ကြာ စစ်တမ်းကောက်ယူရာတွင် လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၃ ဦး[3] ကို တစ်ဦးချင်း စီသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် လေးဦးအထိပါဝင်သည့် အဖွဲ့များအဖြစ်လည်းကောင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မေးခွန်းလွှာဖြင့် စစ်တမ်းကောက်ယူမှုကို ၂၀၁၉ ခုနှစ်၊ ဖွန်လတွင် နှစ်ပတ်ကြာ အချိန်ယူ၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီဌာနများမှ တဆင့် မေးခွန်းလွှာများ ပေးပို့၍ ကောက်ယူခဲ့ပါသည်။ မေးခွန်းလွှာကို စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၃၆၀[4](၇၂%)က ဖြေဆိုပေးခဲ့ပါသည်။

စစ်တမ်းကောက်ယူ မှု အပိုင်းနှစ်ပိုင်းစလုံးတွင် လွှတ်တော်ရုံးသုံးရုံးမှ ဝန်ထမ်းများပါဝင်သော Working Group က ကူညီပံ့ပိုးပေးခဲ့ပါသည်။ စစ်တမ်းများကို စဉ်ဆက်မပြတ်ကောက်ယူသွားနိုင်ရန်ရည်ရွယ်၍ လွှတ်တော်ရုံးများက လွှတ်တော်ကိုယ်စားလှယ်များ၏ အနာဂတ်လိုအပ်ချက်များကို သိရှိရန် စစ်တမ်းကောက်ယူခြင်း၊ အချက်အလက်များကို လေ့လာဆန်းစစ်ခြင်းနှင့် အစီရင်ခံခြင်းများတို့ ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးရန် Working Group ကို ဖွဲ့စည်း၍ လေ့ကျင့် သင်ကြားပေးခြင်းဖြစ်ပါသည်။

**ဓာတ်ပုံ (၃)** ကိုယ်စားလှယ်များကို စစ်တမ်းအဖွဲ့က လူချင်းတွေ့ဆုံမေးမြန်းနေစဉ်



အရင်းအမြစ် – UNDP

စစ်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များထံမှ ရရှိသော အချက်အလက်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံများကို အသေးစိတ်မှတ်တမ်းတင်နိုင်ခဲ့သလို ပထမအကြိမ်လွှတ်တော်မှ ဒုတိယအကြိမ်လွှတ်တော်သို့အဆင့်ဆင့် ပြောင်းလဲတိုးတက်လာပုံကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ လွှတ်တော်အများအပြားတွင် ဒီမိုကရေစီ ဥပဒေပြုအဖွဲ့များအတွက် သတ်မှတ်ထားသောစံနှုန်း (benchmark)များနှင့်နှိုင်းယှဉ်၍ တိုးတက်မှုများကို လေ့လာဆန်းစစ်ခြင်းဖြင့် လွှတ်တော်ခေါင်းဆောင်များအနေဖြင့် အပြောင်းအလဲကို ဦးဆောင်အားပေးရန်နှင့် မဟာဗျူဟာ စီမံကိန်းတွင် ဦးစားပေးလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်မည့်အရေးကြီးသော ကိစ္စရပ်များကိုလည်း ဖော်ထုတ်သိရှိနိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။[5] ထို့အတွက်ကြောင့် ဤအစီရင်ခံစာတွင် နိုင်ငံတကာ အသိအမှတ်ပြု ဒီမိုကရေစီနည်းကျ အရည်အချင်း သတ်မှတ်ချက်များနှင့်အတူ လွှတ်တော်များနှင့် စပ်လျဉ်းသော စံနှုန်းများနှင့် သတ်မှတ်ချက်များကို ထည့်သွင်းရည်ညွှန်း ကိုးကားထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်လွှတ်တော်များအတွင်း ရရှိလာသည့် တိုးတက်ပြောင်းလဲလာမှုများကို အကောင်းဆုံး အသုံးချ၍ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေပုံကို နိုင်ငံတကာ ရှုထောင့်မှ နှိုင်းယှဉ်တင်ပြထားပြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် အခြားရွေးချယ် အသုံးပြုနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ပြပေးထားပါသည်။

3 ကိုယ်စားလှယ် ၄၁ ဦးသည် ပြည်သူ့လွှတ်တော်မှဖြစ်ပြီး ထိုအထဲမှ ၉ ဦးမှာ အမျိုးသမီး ကိုယ်စားလှယ်များ ဖြစ်ပါသည်။ ကိုယ်စားလှယ် ၂၂ ဦး မှာ အမျိုးသားလွှတ်တော်မှ ဖြစ်ပြီး ထိုအထဲမှ ၇ ဦးမှာ အမျိုးသမီးကိုယ်စားလှယ်များ ဖြစ်ပါသည်။ ကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် နိုင်ငံရေးပါတီများအားလုံးနှင့် မြန်မာနိုင်ငံရှိ ဒေသများအားလုံးကို ကိုယ်စားပြုနိုင်စေရန် JCC နှင့် တိုင်ပင်ဆွေးနွေးကာ ၎င်း၏လမ်းညွှန်မှု၊ အတည်ပြုမှုများ ရယူကာ ရွေးချယ်ခဲ့ပါသည်။ အသက်အရွယ်အုပ်စုများ အားလုံးမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်စေရန်လည်း ဂရုပြုရွေးချယ်ခဲ့ပါသည်။ စစ်တမ်းကောက်ယူခဲ့သော ကိုယ်စားလှယ်များ၏ ပညာအရည်အချင်းများနှင့် အဆင့်များသည်လည်း စုံလင်ပြီး နောက်ခံ အမျိုးမျိုး ရှိကြသည့် ပညာရှင်များ၊ ကျွမ်းကျင်သူများ ပါဝင်ပါသည်။

4 အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၄၆ ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၃၁၄ ဦး ဖြေကြားပါသည်။

5 Hubli, S. (၂၀၁၀) "ဒီမိုကရေစီလွှတ်တော်များအတွက် လေ့လာဆန်းစစ်မှု မူဘောင်"၊ ဒီမိုကရေစီလွှတ်တော်များအတွက် စံနှုန်းသတ်မှတ်ခြင်းနှင့် မိမိဘာသာ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံတွင် ဖြန့်ဝေခဲ့သောစာတမ်း၊ ပဲရစ် နှင့် Hubli, S (၂၀၀၉) "ဒီမိုကရေစီလွှတ်တော်များအတွက် စံသတ်မှတ်ချက်များနှင့် စံနှုန်းများ"၊ (ထိရောက်သော ရွေးကောက်ပွဲကူညီပံ့ပိုးမှုဆိုင်ရာပူးပေါင်းအစည်းအဝေး၊ National Democratic Institute တွင် တင်ပြခဲ့သော ရှင်းလင်းတင်ပြချက်)၊ Accra

# ၃။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်လာပုံ

## ၃-၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံများ

ဒုတိယအကြိမ်လွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များသည် ပညာရှင်များနှင့် ကျွမ်းကျင်သူများအပါအဝင် နောက်ခံအမျိုးမျိုးရှိကြသူများ ဖြစ်ပါသည်။ အချို့လွှတ်တော်ကိုယ်စားလှယ်များသည် ယခင်က နိုင်ငံရေး တက်ကြွလှုပ်ရှားသူများဖြစ်ပါသည်။ ဤသည်မှာ ပထမအကြိမ်လွှတ်တော်နှင့် ကွာခြားချက်ဖြစ်ပါသည်။ ပထမအကြိမ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် နိုင်ငံ့ဝန်ထမ်းလောကမှ ဖြစ်ကြသည့်အတွက် ၎င်းတို့သည် အစိုးရ၏လုပ်ငန်းဆောင်ရွက်ပုံများနှင့် ရင်းနှီးကျွမ်းဝင်မှုနှင့် အတွေ့အကြုံများရှိကြပါသည်။

ယခင်က ရရှိခဲ့သည့် အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူပြုကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆိုပါသည်။ ဥပဒေဆိုင်ရာအတွေ့အကြုံများသည် အလွန်ပင် အထောက်အကူပြုသည်ဟု ယူဆကြသလို ဥပဒေပညာရှင်တစ်ဦးအဖြစ် ဥပဒေများကို လက်တွေ့ကျင့်သုံးခြင်းနှင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရခြင်းနှင့် များစွာကွာခြားမှုရှိကြောင်း ပြောဆိုကြသည်ကိုလည်း တွေ့ရပါသည်။

အချို့ကဏ္ဍများတွင် အတွေ့အကြုံများ ရှိခဲ့သော လွှတ်တော်ကိုယ်စားလှယ်များသည် ကော်မတီအဖွဲ့ဝင်များအဖြစ် ထမ်းဆောင်ရသောလုပ်ငန်းများတွင် ၎င်းတို့၏ အသိပညာ ဗဟုသုတနှင့် အတွေ့အကြုံများကို အကျိုးရှိစွာ အသုံးချနိုင်သည့် အခွင့်အလမ်းများ ရှိကြောင်း မျှဝေပြောပြကြပါသည်။

> "ကျောင်းဆရာလုပ်ခဲ့တဲ့အတွေ့အကြုံရှိတော့ ပညာရေးကဏ္ဍမှာ ဘာအပြောင်းအလဲတွေ လုပ်ဖို့လိုတယ်ဆိုတာ ကျွန်တော် သိတယ်။ အဲဒါက ကျွန်တော့်ရဲ့ ကော်မတီအလုပ်တွေမှာ အထောက်အကူဖြစ်ပါတယ်။

ပညာရေးနောက်ခံရှိသော လွှတ်တော်ကိုယ်စားလှယ်များက စာသင်ခဲ့သည့် အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများသည် လွှတ်တော်ကိုယ်စားလှယ် အချင်းချင်းကြားတွင်သော်လည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူများနှင့်သော်လည်းကောင်းထိရောက်စွာဆက်သွယ်နိုင်ရန် အထောက်အကူပြုသည်ဟု ဆိုပါသည်။

> "စာသင်ခဲ့တဲ့အတွေ့အကြုံက နိုင်ငံရေးလုပ်တဲ့ အခါမှာလည်း အထောက်အကူဖြစ်ပါတယ်။ ဆရာတစ်ယောက်အနေနဲ့ [ကျောင်းသားတွေ] နဲ့ ဆက်ဆံရတယ်၊ ဆွေးနွေးရတယ်၊ သူတို့ မေးတဲ့ မေးခွန်းတွေကို ဖြေပေးရပါတယ်။

အမျိုးမျိုးသော ပညာရပ်ပိုင်းဆိုင်ရာ အတွေ့အကြုံများသည် မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များအတွက် အလွန်အဖိုးတန်ကြောင်း သိသာထင်ရှားလှပါသည်။ ထို့မျှသာမက နိုင်ငံတကာအတွေ့အကြုံများအရ ဥပဒေရေးရာနှင့် စပ်လျဉ်းသည့် သို့မဟုတ် သက်ဆိုင်ရာကဏ္ဍနှင့် စပ်လျဉ်းသည့်အတွေ့အကြုံများ မရှိခြင်းသည် မူဝါဒနယ်ပယ်တစ်ရပ်တွင် အထူးပြုကျွမ်းကျင်မှုများ ရရှိလာရေးအတွက် အဟန့်အတားတစ်ခု မဖြစ်နိုင်ကြောင်း တွေ့ရှိရပါသည်။ လွှတ်တော် ကော်မတီများ၏ လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ခြင်း၊ သက်သေအထောက်အထားများ စုဆောင်းခြင်း၊ ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များနှင့် အစီရင်ခံတင်ပြမှုများကို ရယူခြင်း၊ စသည့် ကျင့်သုံးဆောင်ရွက်မှုများမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များသည် မူဝါဒဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်မှုများကို ရရှိလာနိုင်ပါသည်။

## ၃-၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်လာစေရန် စေ့ဆော်ပေးခဲ့သော အရာ

လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်လာစေသည့် စေ့ဆော်မှုများမှာ အမျိုးမျိုးကွဲပြားသော်လည်း တူညီသည့်အချက်မှာ ပြင်းပြသော စေ့ဆော်မှုများ ရှိနေခြင်းဖြစ်ပါသည်။ ၎င်းတို့၏ မြို့နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုမှုနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုမှုများ လွှတ်တော်ကိုယ်စားလှယ် အများအပြားတွင် ရှိနေပါသည်။ တိုင်းရင်းသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် တိုင်းရင်းသား လူနည်းစုများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ရပ်ရွာလူမှုအသိုင်းအဝိုင်းကို အလုပ်အကျွေးပြုလိုကြောင်း ပြောပြကြပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ ဘဝတိုးတက်ရေးတွင် ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အဓိက ကျသောနည်းလမ်းတစ်ခုဟု ရှုမြင်ကြောင်းကိုလည်း ပြောပြပါသည်။



အရင်းအမြစ် – အမျိုးသားလွှတ်တော်

> ကိုယ့်မြို့၊ ကိုယ့်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် တစ်တပ်တစ်အား ပါဝင်ချင်တယ်။ ဒီမိုကရေစီအစိုးရ တက်လာရင် ဒီရည်မှန်းချက်ကို ပြည့်ဝအောင် ပိုပြီးလုပ်နိုင်မယ်လို့ ယုံကြည်တဲ့ အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ဖြစ်လာတာပါ။

လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာစေရန် နောက်ထပ် စေ့ဆော်မှုတစ်ခုမှာ ဒီမိုကရေစီစနစ် ခိုင်မာအားကောင်းတည် ငြိမ်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အကူး အပြောင်းတွင် ပါဝင်ကူညီလိုသည့် စိတ်ဆန္ဒဖြစ်ပါသည်။ ထို စိတ်ဆန္ဒတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင် လိုမှုလည်း ပါဝင်ပါသည်။

> ကျွန်တော့်အမြင်မှာ ကျွန်တော်တို့နိုင်ငံဟာ ပြောင်းလဲနေပြီ၊ ဒါပေမဲ့ ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီ တန်ဖိုးတွေ၊ လူ့အခွင့်အရေးဆိုင်ရာ တန်ဖိုးတွေ ကို မရရှိသေးဘူး၊ ဒါကြောင့် နိုင်ငံရေးကို စလုပ်ခဲ့ တာပါ။ နိုင်ငံရေးသမား တစ်ယောက်အနေနဲ့ ပါဝင်ကူညီချင်လို့ပါ။

ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး သို့မဟုတ် ကျားမတန်းတူညီမျှရေးကဲ့သို့ ကိစ္စရပ်တစ်ခုကို ကိုယ်တွယ် ဖြေရှင်းလိုသည့် ဆန္ဒရှိသော လွှတ်တော်ကိုယ်စားလှယ်အချို့ ကိုလည်း တွေ့ရပါသည်။

> ဆရာဝန်တစ်ယောက်အနေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးခဲ့ပါတယ်။ ဒါပေမဲ့ အဲဒါထက်ပိုပြီး ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် လုပ်ပေးချင်ပါတယ်။ ပိုပြီးအရေးကြီးတာက ပြည်သူတွေကို ကျန်းမာရေးနဲ့ ပတ်သက်တဲ့ သတင်းစကားတွေ ဖြန့်ဝေပေးချင်တယ်။

အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် ကျားမတန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် ဆောင်ရွက်လိုသောကြောင့် လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်လာကြောင်း ပြောပြကြပါသည်။

> ကျွန်မ ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ် လောင်းတစ်ဦးအနေနဲ့ အရွေးချယ်ခံရဖို့ ပါတီမှာ လျှောက်လွှာတင်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မအနေနဲ့ မူဝါဒချမှတ်ရေးနဲ့ ဥပဒေပြုရေး တွေမှာ ပါဝင်ချင်တယ်။ နိုင်ငံမှာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးလုပ်ငန်းစဉ် ရရှိအောင်၊ နိုင်ငံရေး ကဏ္ဍမှာလည်း အမျိုးသမီးတွေကို စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်အောင် ပါဝင်ကူညီချင်တယ်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြည်သူများ၏ လွှတ်တော် ကိုယ်စားလှယ်များအပေါ်တွင် ထားရှိသော မျှော်လင့်ချက်များ

သည် မြင့်မားလွန်းပြီး လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မျှော်လင့်ချက်များအားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိဟု ဆိုပါသည်။ ပထမအကြိမ် လွှတ်တော်ကိုယ်စားလှယ် စစ်တမ်းတွင် ဤခံစားချက်သည် သိသာထင်ရှားမှု မရှိလှသည့်အတွက် ဒုတိယအကြိမ်လွှတ်တော်အပေါ် ပြည်သူများ ထားရှိသည့် မျှော်လင့်ချက်များသည် ပိုမိုမြင့်မားသည်ဟု ယူဆကောင်း ယူဆနိုင်မည်ဖြစ်ပါသည်။

## ၃-၃။ လွှတ်တော်သို့ ပထမဆုံးအကြိမ် ရောက်ရှိချိန်တွင် ဖြစ်ပေါ်သောခံစားချက်များ

ဒုတိယအကြိမ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်အသစ်များက လွှတ်တော်အဆောက်အဦများ၏ ခမ်းနားကြီးကျယ်မှုကို ရင်သပ်ရှုမောဖြစ်ရကြောင်း ပြောပြကြပြီး အချို့က ‘ကမ္ဘာသစ်တစ်ခု’ သို့ ရောက်ရှိလာသကဲ့သို့ ခံစားရသည်ဟု ဆိုပါသည်။ သို့သော် နှိုင်းစာလျှင် ထိုကဲ့သို့သောခံစားမှုများဖြစ်ပေါ်သည်ဟု ဖြေကြားမှုသည် ပထမအကြိမ်လွှတ်တော် ကိုယ်စားလှယ်များစစ်တမ်းထက် ပိုမိုနည်းပါးပြီး အချို့ကဆိုလျှင် လွှတ်တော်အဆောက်အဦများသည် လက်တွေ့မကျ သို့မဟုတ် ရည်ရွယ်ချက်နှင့် အပြည့်အဝ ကိုက်ညီဆီလျော်မှုမရှိဟု ရှုမြင်ကြောင်း ပြောပါသည်။

> Wizard of Oz ထဲကို ဝင်လိုက်ရသလိုပဲ။ ပထမဆုံး ခံစားချက်က အဆောက်အဦတွေက အရမ်းကြီးမားတယ်၊ နေရာတွေလည်း အကျယ်ကြီးရှိတယ်၊ ဒါပေမဲ့ အများစုက အသုံးမဝင်ဘူး။ အခြေခံအဆောက်အအုံအနေနဲ့ ပြောရရင် လွှတ်တော်မှာ ပိုပြီးအသုံးတည့်မယ့်နေရာတွေ လိုအပ်ပါတယ်။

## ၃-၄။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသော သဘောထားအမြင်များ

ဥပဒေပြုရေးတာဝန်သည် ၎င်းတို့အဓိကထားသော ပင်မတာဝန်ဖြစ်ကြောင်း ပြောကြားသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ အတန်ပင် များပြားပါသည်။ ဤအချက်သည် နိုင်ငံတကာ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ ပင်မလုပ်ငန်းတာဝန်အဖြစ် နားလည်သဘောထားမှုနှင့်လည်း ကိုက်ညီမှုရှိပါသည်။

> ဥပဒေတွေကို လွှတ်တော်ကိုယ်စားလှယ်တွေ လေ့လာဖို့ လိုတယ်၊ နားလည်ဖို့ လိုတယ်။ ဥပဒေသစ်တွေကို ပြုပြီး ဥပဒေဟောင်းတွေကို ခေတ်နဲ့ လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရမယ်။ အသုံးမပြုသင့်တော့တဲ့ ဥပဒေတချို့ကိုလည်း ဖျက်သိမ်းပစ်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် အစဉ်အဆက် ‘ဥပဒေများ’ကို အဆိုးမြင်သော ရှုထောင့်မှ ရှုမြင်လာသည်ဖြစ်ရာ ထိုအခြေအနေကလည်း ဥပဒေနှင့် ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ရှုမြင်ပုံအပေါ်တွင်လည်း သက်ရောက်မှု ရှိပါသည်။

> ပြည်သူတွေက ဥပဒေဆိုတာ သူတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ရှိနေတာလို့ မယူဆကြဘူး။ ‘ဥပဒေ’ ဆိုတဲ့ အသံကြားတာနဲ့ ကြောက်နေကြတယ်။ ဒါကြောင့် ဥပဒေတွေကို ဖျက်သိမ်းဖို့၊ ပြင်ဆင်ဖို့၊ ပြောင်းလဲဖို့တွေ အများကြီး လိုအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များကြားတွင် ဥပဒေပြုခြင်းနှင့် စပ်လျဉ်း၍ ပို၍ အပြုသဘောဆောင်သော ပုံရိပ်တစ်ခု ဖြစ်တည်လာနေပါသည်။ သို့သော် ဥပဒေပြုခြင်းတွင် မည်သည်တို့ ပါဝင်ပတ်သက်မှုရှိသည်ဟူသော သဘောတရားကို နားလည်သိရှိထားမှုမှာ ကျဉ်းမြောင်းနေပါသေးသည်။ ဥပဒေပြုခြင်း၏ ဥပဒေပိုင်းဆိုင်ရာ အပိုင်းကဏ္ဍကိုသာ အဓိကဦးတည်ပြီး လွှတ်တော်သို့ တင်သွင်းလာသော ဥပဒေများ၏ နောက်ကွယ်ရှိ မူဝါဒဆိုင်ရာများ သို့မဟုတ် တူညီသော ကိစ္စရပ်များအတွက် မူဝါဒ ပူးပေါင်းချမှတ်မှု (joined-up policy development) ကို နားလည်သိရှိမှု နည်းပါးနေပါသည်။ တစ်ခါတစ်ရံ ဥပဒေကို ပြင်ဆင်ခြင်းထက် အစိုးရ၏ မူဝါဒနှင့် ဥပဒေအကောင်အထည်ဖော်မှုတို့ကို စောင့်ကြည့်ထိန်းကျောင်းခြင်းဖြင့် မူဝါဒ ရလဒ်တစ်ခု ပြောင်းလဲမှု ရရှိအောင် အလွယ်တကူ ဆောင်ရွက်နိုင်သည်များ ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီစနစ်၏ အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်းရမည့် ၎င်းတို့၏ အခန်း ကဏ္ဍသည် အရေးပါကြောင်းကိုလည်း မကြာခဏ ဖော်ပြပြောဆိုကြပါသည်။

အစိုးရရဲ့ ဘတ်ဂျက်သုံးစွဲမှုတွေကို ကျွန်မတို့က အပြန်အလှန်ထိန်းကျောင်းဖို့ အရမ်း အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရရဲ့ ဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်သုံးစွဲမှုတွေဟာ အစဉ်အဆက် ထိရောက်မှု မရှိခဲ့ပါဘူး။

လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ဥပဒေပြုရေးတစ်ခုတည်းကိုပဲ သိလို့ မလုံလောက်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဟာ တခြား ကဏ္ဍအများအပြားကိုလည်း လေ့လာထားဖို့ လိုပါတယ်။ ဒါမှ အစိုးရရဲ့ တခြားမဏ္ဍိုင်တွေကို အပြန်အလှန် ထိန်းကျောင်းပေးနိုင်မှာပါ။

အပြန်အလှန်ထိန်းကျောင်းမှုသဘောတရားကို အများအပြား ပြောကြားကြသော်လည်း လွှတ်တော်ကိုယ်စားလှယ် အချို့သည် စောင့်ကြည့် ထိန်းညှိမှုနှင့် တာဝန်ခံမှုတို့ကို မည်သို့လုပ်ဆောင်နိုင်မည်ဆိုသည်ကို အတိအကျ မသိရှိကြပါ။ လွှတ်တော်အစည်းအဝေးများနှင့် ကော်မတီများရှိ အစိုးရနှင့် လွှတ်တော်ကြား ဆက်ဆံရေးကိုကြည့်လျှင် အစဉ်အလာကျင့်သုံးနေသည့် စောင့်ကြည့်ထိန်းညှိမှုနှင့် စိစစ်လေ့လာမှုအသွင် ပုံသဏ္ဌာန်များကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်း မရှိသေးကြောင်းတွေ့ရှိရမည်ဖြစ်သည်။ ထို့ပြင် နောက်ပိုင်းတွင် ဆက်လက် ဆွေးနွေးတင်ပြမည့် စောင့်ကြည့်ထိန်းညှိမှု နည်းလမ်းတစ်ခုဖြစ်သည့် လွှတ်တော်ကော်မတီလုပ်ငန်းများတွင်လည်း လွှမ်းခြုံလုပ်ဆောင်သည့် အတိုင်းအတာမှာ များသောအားဖြင့် နည်းပါးနေသေးသည်ကို တွေ့ရပါသည်။

နိုင်ငံတွင် ရှိနေသည့် နိုင်ငံရေးအခင်းအကျင်းကလည်း လွှတ်တော် ကိုယ်စားလှယ်များ၏ စောင့်ကြည့်ထိန်းညှိရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်စွမ်းအပေါ် အကန့်အသတ်ဖြစ်ကောင်း ဖြစ်စေနိုင်ပါသည်။ အရပ်သားအစိုးရကို ထောက်ခံပံ့ပိုးသော လွှတ်တော်တွင် အများစုဖြစ်သည့် NLD ကိုယ်စားလှယ်များသည် အစိုးရအား မေးခွန်းများ မေးမြန်းခြင်း သို့မဟုတ် ဝေဖန်ခြင်းတို့ကို လွန်ကဲစွာ ပြုလုပ်မိခြင်း မရှိစေရန် သတိထားနေကြပါသည်။

ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းတွေနဲ့ ဆက်စပ်မေးခွန်းတွေ မေးဖူးပါတယ်။ ဝန်ကြီးတွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ သိတယ်။ ဘတ်ဂျက်အခက်အခဲတွေ ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ သတိထားတယ်။ အစိုးရကို အခက်တွေ့စေမယ့် မေးခွန်းတွေ မမေးဘူး။

ပြည်သူများ၊ ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများမှတစ်ဆင့် သက်သေအထောက်အထားများ စနစ်တကျစုဆောင်းခြင်း (များသောအားဖြင့် ကော်မတီများတွင် လုပ်ဆောင်) သည် ပိုမိုကောင်းမွန်သည့် မူဝါဒနှင့် ဥပဒေများ ရှိလာစေရန် အထောက်အကူပြုနိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။ သက်သေအထောက်အထားများ ရယူစုဆောင်းခြင်းသည် အစိုးရကို ၎င်း၏ ရည်မှန်းချက်များ ပြည့်မြောက်စေရန် ကူညီပေးနိုင်သည်သာမက အစိုးရနှင့် လွှတ်တော်တို့အပေါ် အများပြည်သူ၏ ယုံကြည်လက်ခံမှု မြင့်မားလာစေနိုင်ပါသည်။

မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုရေးတာဝန်သည် အကျိုးရလဒ် အများဆုံး ထွက်ပေါ်အောင် ထမ်းဆောင်နိုင်သည့် တာဝန်တစ်ရပ်အဖြစ် ဖော်ပြပြောဆိုသော လွှတ်တော် ကိုယ်စားလှယ် အများအပြား ရှိပါသည်။ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတို့ကို ကိုယ်စားပြုရေးထက် ပိုမိုအရေးပါသည့် တာဝန်များအဖြစ်ဟု ရှုမြင်ကြသော်လည်း လွှတ်တော်ကိုယ်စားလှယ် အများအပြားက ကိုယ်စားပြုရေးတာဝန်သည် ၎င်းတို့အဖို့ လုပ်ရကျိုးအနပ်ဆုံး၊ စိတ်ကျေနပ်မှု အများဆုံး ရရှိသည့် လုပ်ငန်းတာဝန်ဖြစ်ကြောင်း ပြောပြကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူတွေရဲ့ အရေးကိစ္စတွေ၊ ပြဿနာတွေကို လွှတ်တော်မှာ တင်ပြဖို့ တာဝန် ရှိပါတယ်။ အဲဒီအပြင် ကိုယ်စားပြုရေးတာဝန်ကို ထမ်းဆောင်ရင်း လွှတ်တော်ကနေတစ်ဆင့် ဒေသန္တရဖွံ့ဖြိုးရေးမှာလည်း ပါဝင်ကူညီရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများထံမှ ရရှိသော အချက်အလက်များအား လွှတ်တော်ရှိ ၎င်းတို့၏ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတာဝန်များ ထမ်းဆောင်ရာတွင် ထည့်သွင်းအသုံးချနိုင်အောင် ကူညီပံ့ပိုးပေးမည်ဆိုလျှင်နိုင်ငံတွက်အရေးပါသည့်ကိစ္စရပ်များအပေါ်ပိုမိုထိရောက်၍ ရေရှည်တည်တံ့သော အကျိုးသက်ရောက်မှုများ ရရှိစေရန် အထောက်အကူပြုနိုင်ပြီး ဒီမိုကရေစီစနစ်ကြီးတစ်လုံးကိုလည်း ပိုမို ခိုင်မာအားကောင်းစေမည်ဖြစ်သည်။

## ၄။ လွှတ်တော်၏ ကျင့်သုံးမှုများနှင့် လုပ်ထုံးလုပ်နည်းများ

လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများသည် လွှတ်တော်အဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုတွင် အခရာကျပါသည်။ ယင်းတို့သည် အဖွဲ့အစည်း၏ လုပ်ငန်းလည်ပတ်မှုကို ပြဋ္ဌာန်းပေးထားသော စည်းမျဉ်းစည်းကမ်းများဖြစ်ပြီး ရှုပ်ထွေးလွန်းလှပါသည်။ လွှတ်တော်များအားလုံးတွင် လွှတ်တော် ကိုယ်စားလှယ်အသစ်များသည် အဖွဲ့အစည်း၏ လုပ်နည်းလုပ်ဟန် အစီအမံများကို နားလည်သိရှိ ကျွမ်းကျင်အောင် လုံးပန်းကြရပါသည်။

လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များကို ရင်းနှီးကျွမ်းဝင်စေရန် အဓိက နည်းလမ်းအဖြစ် လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို မိမိတို့ဖာသာ လေ့လာခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပထမနေ့မှစ၍ သူ၏စားပွဲပေါ်တွင် စာအုပ်များနှင့် လွှတ်တော် အစည်းအဝေးမှတ်တမ်းများ အပုံလိုက်ရှိနေပြီး လွှတ်တော်စနစ်အကြောင်း နားလည်သိရှိလိုတိုင်း ထိုစာအုပ်ပုံကြီးကို ရည်ညွှန်းကိုးကားရပုံကို ပြောပြပါသည်။ နိုင်ငံရေးပါတီများကလည်း ဖတ်စရာ မှတ်စရာများ ပံ့ပိုးပေးခြင်း၊ စာမေးပွဲများ စစ်ဆေးခြင်းတို့ ဆောင်ရွက်ပေးပြီး လွှတ်တော် ကိုယ်စားလှယ်များ၏ လွှတ်တော်နှင့် စပ်လျဉ်းသည် ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန် ကြိုးပမ်းပါသည်။ ပထမအကြိမ်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များထံမှ မေးမြန်းလေ့လာဆည်းပူးခြင်းသည်လည်း အရေးကြီးသော သတင်းအချက်အလက် အရင်းမြစ်တစ်ခု ဖြစ်ပါသည်။ သို့သော် အများအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် အလုပ်လုပ်ရင်းသင်ယူခဲ့ကြခြင်း ဖြစ်ပါသည်။

> ကျွန်တော်တို့ စာဖတ်ပါတယ်။ အစပိုင်းမှာတော့ သီအိုရီပဲ သိတယ်။ အဆို ဘယ်လိုတင်ရမယ်၊ ကြယ်ပွင့်ပြမေးခွန်း ဆိုတာ ဘာလဲ၊ ကြယ်ပွင့်မပြမေးခွန်းဆိုတာ ဘာလဲ၊ စတဲ့ လက်တွေ့ကျွမ်းကျင်မှုတွေ မရှိခဲ့ဘူး။ လွှတ်တော်ထဲ ရောက်ပြီး တစ်နှစ်လောက်ကြာတော့မှ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်တဲ့ သီအိုရီတွေကို ဘယ်လို လက်တွေ့ကျင့်သုံးရမယ်ဆိုတာ စပြီး သဘောပေါက်လာတာ။

အပြောင်းအလဲကို ဖော်ဆောင်ပေးရန် မျှော်လင့်ချက်ဖြင့် ရောက်ရှိလာခဲ့သော လွှတ်တော်ကိုယ်စားလှယ်အချို့သည် ထင်ထားသလောက် မလွယ်ကူကြောင်း တွေ့ရှိခဲ့သည်ဟု ဆိုကြပါသည်။ အကျိုးသက်ရောက်မှုတစ်ခု ရရှိအောင် လုပ်ဆောင်မှုသည် မျှော်လင့်ထားသည်ထက် ပို၍ အချိန်ကြာနေပြီး အပြောင်းအလဲများ မြန်မြန်ဆန်ဆန် ဖြစ်ပေါ်အောင် ဆောင်ရွက်နိုင်ရေးတွင် လွှတ်တော်၏ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များက အကန့်အသတ်ဖြစ်စေကြောင်း ၎င်းတို့က ဆိုပါသည်။ ထိုကဲ့သို့သော ခံစားမှုများကို အတွေ့အကြုံနုနယ်သေးသည့် အစောပိုင်းကာလများတွင် တွေ့ရလေ့ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် လိုအပ်သော အသေးစိတ်ဗဟုသုတများ မပြည့်စုံသေးခြင်းနှင့် ပြဿနာရပ်တစ်ခုကို ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်အဖြေရှာခြင်း လုပ်ငန်းစဉ်များနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသေးခြင်းတို့က ထိုခံစားချက်များကို ဖြစ်ပေါ်စေကြောင်းကို နားလည် စာနာပေးနိုင်ပါသည်။

> လူငယ်တစ်ယောက်အနေနဲ့ ကောင်းမွန်တဲ့ ပြောင်းလဲတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ မြန်မြန်ဆန်ဆန် ဖြစ်လာအောင် ပါဝင်ကူညီပေးနိုင်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ လွှတ်တော်ကို ရောက်လာတော့ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းအဆင့်တွေက အရမ်းများတာကို တွေ့ရတဲ့အခါ အပြောင်းအလဲတွေ မြန်မြန်ဆန်ဆန် ဖြစ်မလာနိုင်ဘူးဆိုတာကို သဘောပေါက်လာပါတယ်။

လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို ရင်းနှီးကျွမ်းဝင်လာမှုကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဆိုင်ရာနည်းလမ်း အထောက်အကူအမျိုးမျိုး၏ အရည်အသွေး၊ အသုံးဝင်မှုနှင့် ထိရောက်မှုတို့ကို နားလည်သိမြင်နိုင်စွမ်းရှိလာပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက အချို့သော လုပ်ထုံးလုပ်နည်းများသည် တင်းကြပ်လွန်းသည်ဟု ပြောပြကြပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တစ်ခု ထားရှိအသုံးပြုနိုင်ရေးအတွက် တစ်ဖက်တစ်လမ်း ပါဝင်ကူညီပေးရန် လိုလားကြကြောင်း တွေ့ရှိပါသည်။

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

နိုင်ငံအများအပြားတွင် လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဥပဒေတွင် အသေးစိတ်ပြဋ္ဌာန်းထားနိုင်သော်လည်း လွှတ်တော်၏ ကျင့်သုံးမှုများသည်ကိုယ်စားလှယ်များနှင့် လွှတ်တော်စနစ်၏ အသစ်ပေါ်ထွက်လာသော လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းရန်အတွက် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။ လွှတ်တော်ခေါင်းဆောင်ပိုင်းအား လွှတ်တော်အစည်းအဝေးနှင့် ကော်မတီများ၏လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များထံမှ အကြံပြုချက်များပေါ် အခြေခံကာ ပြောင်းလဲနိုင်သည့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် များစွာပေးအပ်ထားပါသည်။ IPU က "စောင့်ကြည့်ထိန်းညှိခြင်း အပါအဝင် လွှတ်တော်၏ ပင်မလုပ်ငန်းများကို နှောင့်နှေးခြင်းမရှိ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကျင့်သုံးမှုများနှင့် နည်းဥပဒေများသည် အစဉ်အမြဲ ဆီလျော်ကိုက်ညီမှု ရှိနေရမည်ဖြစ်ရာ ၎င်းတို့အား ပုံမှန်သုံးသပ်လေ့လာနေရန်" အရေးကြီးပုံဟု အလေးပေး တင်ပြထားပါသည်။ *(IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာ့လုံး ဆိုင်ရာ လွှတ်တော် အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော်၏ အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ၊ စာမျက်နှာ ၂၂)။*

## ၄-၁။ လွှတ်တော်အစည်းအဝေး တက်ရောက်ခြင်း

လွှတ်တော်အစည်းအဝေး တက်ရောက်၍ ပါဝင်ဆွေးနွေးခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် အဓိကကျသော လုပ်ငန်းတာဝန်တစ်ခု ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အများစုတွင် လွှတ်တော် အစည်းအဝေး၌ ပါဝင်တက်ရောက်ခြင်းနှင့် စပ်လျဉ်း၍ အပြုသဘောဆောင်သော အမြင်များရှိကြပါသည်။ အထူးသဖြင့် လွှတ်တော်အစည်းအဝေးများအတွင်း မိမိတို့မဲဆန္ဒနယ်မြေမှကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းအပေါ် လွှတ်တော် ကိုယ်စားလှယ်များက အားရကျေနပ်ကြပါသည်။ သို့သော် အချို့လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးတွင် ယခုထက်ပို၍ တက်ကြွလှုပ်ရှားပြီး သက်ဝင်မှုရှိသော ပတ်ဝန်းကျင်မျိုးကို လိုလားကြောင်း ပြောပါသည်။

> လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ အရာရာကို လွတ်လွတ်လပ်လပ်၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်တဲ့ လွှတ်တော်မျိုးကို လိုချင်ပါတယ်။ ဒါမှသာ ဒီမိုကရေစီရင့်သန်တဲ့ နိုင်ငံတွေက လွှတ်တော်ကိုယ်စားလှယ်တွေလို ပြည်သူတွေအတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မှာပါ။'

> ဂျပန်၊ ကိုရီးယားနဲ့ အိန္ဒိယမှာဆိုရင် လွှတ်တော်ထဲမှ လွှတ်တော်ကိုယ်စားလှယ်တွေ ငြင်းခုံရန်ဖြစ်နေကြတယ်။ ဒီမှာ ကျွန်တော်တို့ အဲဒီလို လုပ်လို့မရဘူး။ ဝေဖန်လို့မရဘူး။ ငြင်းခုံလို့မရဘူး။ ရန်ဖြစ်လို့မရဘူး။

လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများသည် များသောအားဖြင့် မဲဆန္ဒနယ်မြေဆိုင်ရာ ကိစ္စများနှင့် အရင်းအမြစ်လိုအပ်ချက်များ ဖြစ်နေသည်ဟု ၎င်းတို့က ဆိုပါသည်။ ထို့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် သက်ဆိုင်နေသည့်၊ စိတ်ဝင်စားသည့် နိုင်ငံအတွက် အရေးကြီးသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ဆွေးနွေးအဖြေရှာကြသည့် လွှတ်တော်အစည်းအဝေးများတွင် တွေ့ရလေ့ရှိသော သက်ဝင်လှုပ်ရှား တက်ကြွစွာ ငြင်းခုံဆွေးနွေးမှုမျိုးကို အတွေ့ရနည်းသွားစေပါသည်။

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

လွှတ်တော်များတွင် အများပြည်သူအတွက် အရေးကြီးသော ကိစ္စတစ်ခုကို ဆွေးနွေးရန် အရေးကြီးအဆို တင်သွင်းနိုင်သည့် ပြဋ္ဌာန်းချက်များ ရှိပါသည်။ ဥပမာတစ်ခုအနေဖြင့် တင်ပြရမည်ဆိုလျှင် ကနေဒါလွှတ်တော်တွင်ဖြစ်ပါသည်။ "Standing Order 52 တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အရေးတကြီးစဉ်းစားသုံးသပ်ရန် လိုသည့်ကိစ္စတစ်ခုကို ဆွေးနွေးရန်အဆိုအား လွှတ်တော်သို့ တင်သွင်းနိုင်သည်။ ထိုအဆိုကို လက်ခံအတည်ပြုပါက လွှတ်တော်တွင် အမြန်ဆုံး ဆွေးနွေးရမည်။ ၂၀၁၄ ခုနှစ်အတွင်းတွင် အရေးကြီးအဆို ငါးခုကို လွှတ်တော်တွင် ဆွေးနွေးခဲ့ပါသည်။ Standing Order 53.1 တွင် လွှတ်တော်သည် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ရန်မလိုသည့် 'take note' debate ဟုခေါ်သောလွှတ်တော်ကိုယ်စားလှယ်များမှ ကိစ္စရပ်တစ်ခုအပေါ် ၎င်းတို့၏အမြင်များကို ထုတ်ဖော်တင်ပြနိုင်သည့် ဆွေးနွေးမှုများကိုပြုလုပ်နိုင်သည်။ ထို 'Take note' debate များတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစိုးရမှ မူဝါဒတစ်ခုမချမှတ်မီ ၎င်းတို့၏အမြင်များကို အသိပေးနိုင်သောကြောင့်အစိုးရမူဝါဒချမှတ်မှုတွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးကို ရရှိပါသည်။" *(IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာ့လုံး ဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော်၏အစိုးရကိုတာဝန်ခံမှုရှိအောင်ဆောင်ရွက်နိုင်သည့်အခွင့်အာဏာ၊စာမျက်နှာ၃၈)။*

မြန်မာလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးတိုင်းကို တက်ရောက်ကြရသည်ဟု ၎င်းတို့က ပြောပြပါသည်။ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးနေသည့် အကြောင်းအရာသည် မိမိနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိလျှင်၊ မိမိအနေဖြင့် ဝင်ရောက်ဆွေးနွေးရန်မရှိလျှင် လွှတ်တော်အစည်းအဝေးကို မပျက်မကွက် တက်ရောက်ရမှုသည် အချိန်ကို ထိရောက်အကျိုးရှိစွာ အသုံးပြုသည်ဟု မဆိုနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ် အချို့က ယူဆပါသည်။ ထိုယူဆချက်များကို ကြည့်လျှင် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးတစ်ခု ထမြောက်ရန်အတွက် တက်ရောက်ရန် လိုအပ်သည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ထားသည့် ဥပဒေအား မရင်းနှီးသေးဟု ဆိုနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကမူ အစည်းအဝေး စတင်ချိန်တွင် အစည်းအဝေး ထမြောက်ရန် ၅၀ ရာခိုင်နှုန်း တက်ရောက်ရမည်ဟု သတ်မှတ်ပေးပြီး နောက်ပိုင်းတွင် ၃၀ ရာခိုင်နှုန်းသို့ လျှော့ချ ပေးသင့်သည်ဟု အကြံပြုပါသည်။ သို့မှသာ လွှတ် တော်ကိုယ်စားလှယ်များအနေဖြင့် အခြားလုပ်ဆောင်ရန်ရှိသည့် အလုပ်များ၊ တက်ရောက်ရန်ရှိသည့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများအတွက် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည်ဟု ဆိုပါသည်။

> **လက်ရှိမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံး လွှတ်တော်အစည်းအဝေးကို မဖြစ်မနေ တက်ရပါတယ်။ အစည်းအဝေးမှာ မဲပေးဖို့ မလိုရင်တောင် တက်ရပါတယ် … အဲဒါ အချိန်ဖြုန်းတာပဲလို့ ခံစားရပါတယ်။ လွှတ်တော်ရဲ့ စွမ်းဆောင်ရည်ကိုလည်း ကျဆင်းစေတယ်လို့ ယူဆပါသည်။**

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

အစည်းအဝေးထမြောက်ရန် တက်ရောက်ရမည့်ဦးရေကို သတ်မှတ်ပေးခြင်းဖြင့် ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများကို ရွေးချယ်တက်ရောက်ခွင့်ရပြီး ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုသည် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် စိတ်ပါဝင်စားမှုတို့ပေါ်တွင် အခြေခံသည့်အတွက် ပိုမိုတက်ကြွလှုပ်ရှားပြီး သက်ဝင်မှုရှိသော ဆွေးနွေးမှုမျိုးကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ကော်မတီအလုပ်နှင့် မဲဆန္ဒနယ်မြေအလုပ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကိုလည်း ရရှိစေပါသည်။ အမေရိကန်အထက်လွှတ်တော်တွင် အစည်းအဝေး ထမြောက်ရန် လိုအပ်သော အရေအတွက်မှာ ကိုယ်စားလှယ်များ၏ ၅၀ ရာခိုင်နှုန်းနှင့် နောက်ထပ်တစ်ဦး (အထက်လွှတ်တော် ကိုယ်စားလှယ် ၅၁ ဦး) ဖြစ်ပါသည်။ ဩစတြေးလျအောက်လွှတ်တော်တွင် သတ်မှတ်ထားသော အရေအတွက်မှာ ပို၍ပင်နည်းပြီး ကိုယ်စားလှယ် ၂၀ ရာ ခိုင်နှုန်း တက်ရောက်လျှင် အထမြောက်ပါသည်။ အိန္ဒိယတွင်မူ ကိုယ်စားလှယ်များ၏ ၁၀ ရာခိုင်နှုန်းသာ တက်ရောက်ရန် လိုပါသည်။

## ၄-၂။ မေးခွန်းများနှင့် အဆိုများကို အသုံးချခြင်း

မေးခွန်းများ မေးမြန်းခြင်းသည် အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရန်နှင့် မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုရန် အဓိကျသော နည်းလမ်းတစ်ခု ဖြစ်ပြီး ထိုကျင့်သုံးမှုအတွက် လွှတ်တော်က ထိရောက်စွာ ကူညီပံ့ပိုးပေးပါသည်။ ကိုယ်စားလှယ်များသည် ကြယ်ပွင့်ပြမေးခွန်း (အစိုးရအဖွဲ့က လွှတ်တော်အစည်းအဝေးတွင် နှုတ်ဖြင့်လာရောက် ဖြေဆိုရသည့် မေးခွန်း) နှင့် ကြယ်ပွင့်မပြမေးခွန်း (အစိုးရအဖွဲ့က စာဖြင့် ဖြေကြားရသည့်မေးခွန်း) များ မေးမြန်းနိုင်ပါသည်။

ကိုယ်စားလှယ်များ၏ စစ်တမ်းမေးခွန်းလွှာ ဖြေကြားမှုများအရ ကိုယ်စားလှယ် ၈၆ ရာခိုင်နှုန်းက ကြယ်ပွင့်မပြ မေးခွန်းများ မေးမြန်းခဲ့ကြပါသည်။ ကိုယ်စားလှယ် ၇၂ ရာခိုင်နှုန်းက ကြယ်ပွင့်မပြမေးခွန်း အများဆုံးအခု (၂၀) ၊ ၂၅ ရာခိုင်နှုန်းက ကြယ်ပွင့်မပြ မေးခွန်း (၂၀ မှ ၁၀၀) အကြား၊ ၃ ရာခိုင်နှုန်းက ကြယ်ပွင့်မပြမေးခွန်း (၁၀၀) ကျော် မေးမြန်းခဲ့ကြပါသည်။ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားအတွက် အရင်းအမြစ်များ တောင်းဆိုပေးရန် ကြယ်ပွင့်မပြမေးခွန်းများကို အဓိကအားဖြင့် အသုံးပြုကြပါသည်။ ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းက ၎င်းတို့၏ မေးခွန်းအများစုမှာ အရင်းအမြစ်များ တောင်းဆိုပေးခြင်းဖြစ်ကြောင်း ဖြေဆိုကြပါသည်။ ၎င်းတို့၏ မေးခွန်းအများစုမှာ “နိုင်ငံအတွက်အရေးကြီးသော နိုင်ငံ့အရေးကိစ္စရပ်များ” ဖြစ်ကြောင်း ဖြေကြားသည့် ကိုယ်စားလှယ် ၆.၅ ရာခိုင်နှုန်း ရှိပါသည်။

ကိုယ်စားလှယ် ၈၄ ရာခိုင်နှုန်းက ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ကြပါသည်။ ကိုယ်စားလှယ် ၆၈ ရာခိုင်နှုန်းက ကြယ်ပွင့်ပြမေးခွန်း (၁ မှ ၁၀) အကြား၊ ၂၂ ရာခိုင်နှုန်းက (၁၀ မှ ၂၀) အကြား၊၁၀ရာခိုင်နှုန်းက(၂၀)နှင့်အထက်မေးမြန်းခဲ့ကြပါသည်။ ကိုယ်စားလှယ် ၅၁ ရာခိုင်နှုန်းက ၎င်းတို့၏ မဲဆန္ဒရှင်များ၏ အကျိုးစီးပွားအတွက် အရင်းအမြစ်များတောင်းဆိုသည့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့ကြပါသည်။ ၂၁ ရာခိုင်နှုန်းက ၎င်းတို့၏မေးခွန်းအများစုမှာ “နိုင်ငံအတွက်အရေးကြီးသော နိုင်ငံ့အရေးကိစ္စရပ်များ” ဖြစ်ကြောင်း ဖြေကြားကြပါသည်။

အဆိုများမှာ ပို၍ရှုပ်ထွေးပြီး သုတေသနနှင့် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ လိုအပ်သည့်အတွက် အဆိုတင်သွင်းဖူးသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ ပို၍နည်းပါသည်။ ကိုယ်စားလှယ် ၂၄ ရာခိုင်နှုန်းက အဆိုများ

**ပုံ ၁** အမျိုးသား၊ အမျိုးသမီးအလိုက် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အစည်းအဝေးတွင် ပါဝင်ဆွေးနွေးဆောင်ရွက်မှု ပြပုံ




**ပုံ ၂** ကြယ်ပွင့်မပြမေးခွန်း မေးမြန်းမှုအခြေအနေ (ကိုယ်စားလှယ် ရာခိုင်နှုန်း)




**ပုံ ၃** ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှုအခြေအနေ (ကိုယ်စားလှယ် ရာခိုင်နှုန်း)



တင်သွင်းခဲ့ကြပြီး ၎င်းတို့ထဲမှ ၅၉%ရာခိုင်နှုန်းမှာ အဆိုတစ်ခု တည်းသာ တင်သွင်းဖူးသူများ ဖြစ်ပါသည်။ လွှတ်တော်တွင် တစ်စထက်တစ်စ အခြေခိုင်လာသည့် ကျင့်သုံးမှုတစ်ခုမှာ ကော်မတီများမှ အဆိုများ တင်သွင်းခြင်းဖြစ်ပြီး များသောအားဖြင့် ထိုအဆိုများသည် နိုင်ငံအတွက်အရေးကြီးသော အရေးကိစ္စရပ်များ ဖြစ်ပါသည်။ (ထိုအဆိုများတွင် အများဆုံးဆွေးနွေးသော အကြောင်းအရာသည် နိုင်ငံအရေးကိစ္စများ ဖြစ်ကြောင်း ကိုယ်စားလှယ် ၇၄ ရာခိုင်နှုန်းက ဆိုပါသည်)။ ကိုယ်စားလှယ်များ၏ ၂၂ ရာခိုင်နှုန်းက ၎င်းတို့သည် လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးရန် အမည်စာရင်းပေးဖူးသည်ဟု ဆိုပါသည်။

မေးခွန်းလွှာဖြင့် ကောက်ခံရရှိသော အချက်အလက်များအရ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြမေးခွန်းများကို မေးမြန်းဖူးသည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အချိုးအစားမှာ ထပ်တူနီးပါး တူညီကြောင်း တွေ့ရပါသည်။ သို့သော် အဆို တင်သွင်းသော၊ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခွင့်ရရန် အမည်စာရင်း ပေးဖူးသော အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အချိုးအစားမှာ အနည်းငယ် ပိုမိုမြင့်မားပါသည်။

မေးခွန်းများအား မဲဆန္ဒနယ်မြေဆိုင်ရာ ကိစ္စများအတွက် မေးမြန်းသည့် မေးခွန်းနှင့် နိုင်ငံ့အရေး သို့မဟုတ် မူဝါဒဆိုင်ရာ ကိစ္စများအတွက် မေးမြန်းသည့် မေးခွန်းဟူ၍ ခွဲခြားနိုင်ပါသည်။ ယေဘုယျအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းတိုင်းသည် အစိုးရအား စောင့်ကြည့်ထိန်းညှိရန် အတွက်သာ ဖြစ်ရန်မလိုဘဲ နိုင်ငံအဆင့် အစိုးရမူဝါဒနှင့် ဆောင်ရွက်ချက်များအကြောင်း မေးမြန်းရန်လည်း အစဉ်အမြဲ မလိုအပ်ပါ။ မေးခွန်းများသည် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမှ အဆိုပြုသည့် မူဝါဒကို အစိုးရမှ ထောက်ခံပံ့ပိုးရန် သို့မဟုတ် မဲဆန္ဒနယ်မြေမှ လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်း ပေးရန် တိုက်တွန်းသည့် မေးခွန်းများလည်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် မေးခွန်းများကို အသုံးပြုကာ မဲဆန္ဒနယ်မြေအတွက် အရင်းအမြစ်များအကြောင်း မေးမြန်းခြင်း၊ တောင်းဆိုခြင်းများကို ပြုလုပ်ကြပြီး လွှတ်တော်အစည်းအဝေးအား ဤနည်းဖြင့် အသုံးပြုနိုင်မှုအပေါ် ကျေနပ်အားရမှုရှိကြကြောင်း တွေ့ရပါသည်။ ဥပမာ လွှတ်တော်ကိုယ်စားလှယ်များသည် ကျောင်းများ ဆောက်လုပ်ပေးရန်၊ ဆရာ/ ဆရာမများ တိုးမြှင့်ခန့်အပ်ပေးရန်၊ လမ်းများ အဆင့်မြှင့်တင်ပေးရန်၊ ကျန်းမာရေးဌာနများနှင့် ဝန်ထမ်းများ တိုးချဲ့ ပံ့ပိုးပေးရန် အသေးစိတ်အချက်အလက်များ တင်ပြ၍ တောင်းဆိုကြပြီး ထိုတောင်းဆိုမှု အများအပြားကို အစိုးရမှ ဖြည့်ဆည်းပေးခဲ့ပါသည်။

ဓာတ်ပုံ (၅) ဒုတိယအကြိမ်မြောက်လွှတ်တော်သက်တမ်းအစ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်သော နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား




အရင်းအမြစ် – အမျိုးသားလွှတ်တော်

အောင်မြင်မှုက အများကြီးပါ။ ကျွန်တော် မူကြိုကျောင်း တောင်းတယ်။ ရခဲ့တယ်။ ဆေးရုံ တိုးချဲ့ဖို့အတွက် စိုက်ပျိုးရေးဌာနကို မြေကွက် ချပေးဖို့ တောင်းတယ်။ ရခဲ့ပါတယ်။

ကိုယ်မေးတဲ့ မေးခွန်းတွေ အောင်မြင်ဖို့ အလား အလာ ဘယ်လောက်ရှိလဲဆိုတာ စဉ်းစားဖို့လိုတာ ပေါ့။ ဘတ်ဂျက် အများကြီးလိုမယ့်ဟာ တစ်ခုခုကို တောင်းရင် သူတို့လည်း လုပ်မပေးနိုင်ဘူးလေ။ ပြီးတော့ အချိန်အခါလည်း ကြည့်ရသေးတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေမှာ ဆေးရုံတစ်ရုံ အဆင့်မြှင့်တင်ဖို့နဲ့ ဆေးရုံဝန်ထမ်းအိမ်ရာ ဆောက်ဖို့ တောင်းတာ ဝန်ကြီးက ခွင့်ပြုခဲ့တယ်။ ကျွန်တော်က အခြေအနေ၊ အချိန်အခါနဲ့ လိုအပ်မယ့် ဘတ်ဂျက်ကို ကြည့်ပြီး မေးခွန်းမေးခဲ့လို့ ရခဲ့တာပါ။

မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အဓိက ဦးတည်မေးမြန်းသည့် မေးခွန်းများမှ ထွက်ပေါ်လာသော ရလဒ်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက စိတ်ကျေနပ်မှု ရှိကြသော်လည်း ယင်းကိုသာ အဓိက အလေးထားနေမည် ဆိုလျှင် ပြည်ထောင်စုအဆင့်ရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ အစိုးရမူဝါဒနှင့် ဆောင်ရွက်ချက်များအပေါ် စောင့်ကြည့် ထိန်းညှိနိုင်သည့် အခွင့်အာဏာ အမျိုးမျိုးကို အပြည့်အဝ အသုံးချနိုင်မည် မဟုတ်ပါ။

မဲဆန္ဒနယ်မြေမှ အရေးကိစ္စများ၊ ပြဿနာများကို အသုံးပြုကာ နိုင်ငံအတွက် အရေးပါသည့် ကိစ္စရပ်များအတွက် မေးမြန်းခဲ့သည့် မေးခွန်းအချို့ ရှိသည်ကိုလည်း တွေ့ရပါသည်။ ထိုအထဲတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များက မြန်မာနိုင်ငံ တစ်ဝှမ်းလုံးရှိ အမျိုးသမီးများအပေါ် သက်ရောက်မှုရှိသော ကိစ္စများအကြောင်း မေးမြန်းခြင်းများ ပါဝင်ပါသည်။သို့သော် ယင်းသည် အသုံးများသည့် နည်းလမ်းတစ်ခုတော့ မဟုတ်သေးပါ။

နောက်ထပ်မေးခဲ့တဲ့ မေးခွန်းတစ်ခုကတော့ သက်ငယ်မုဒိမ်းကိစ္စပါ ... အဲဒီမေးခွန်းကို ကျွန်မ မေးပြီးတဲ့နောက်မှာ ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံးက သက်ငယ်မုဒိမ်းမှုတိုင်းမှာ ကျူးလွန်သူကို [တစ်သက်တစ်ကျွန်း] ပြစ်ဒဏ်ချဖို့ တစ်နိုင်ငံလုံးက တရားရုံးတွေကို ညွှန်ကြားချက် ထုတ်ခဲ့ပါတယ်။

တစ်နိုင်ငံလုံးအတွက် မေးတဲ့ မေးခွန်းတစ်ခု အောင်မြင်ခဲ့တာရှိပါတယ်။ အဲဒါကတော့ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအကြောင်း ဖြစ်ပြီး ဝန်ကြီးဌာနက အဲဒီကိစ္စကို ကိုင်တွယ် ဖြေရှင်းပေးနေပါတယ်။

လွှတ်တော်အများစုတွင် မေးခွန်းများတွင် မည်သည့်အကြောင်း အရာများကို မေးမြန်းနိုင်မည် (များသောအားဖြင့် ဆက်စပ် ဆီလျော်မှုရှိသည့် မေးခွန်းများ ဖြစ်ရမည်ဟု ဖော်ပြလေ့ရှိကြ သည်)၊ မေးခွန်းများကို မည်သို့ မေးမြန်းရမည် ဟူသည့် စည်း မျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းထားပြီး တင်ပြလာသော မေးခွန်းများသည် ထိုစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ခြင်း ရှိ/မရှိလွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ပါသည်။လွှတ်တော်ဥက္ကဋ္ဌ၏ အခန်းကဏ္ဍသည် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရ ကြား အပြန်အလှန် ဝေဖန်ထောက်ပြဆွေးနွေးနိုင်မည့် အခွင့်

ပုံ ၄ ကြယ်ပွင့်မပြမေးခွန်းများတွင် အမေးအများဆုံး အကြောင်းအရာများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းဖြင့်)



**ပုံ ၅** ကြယ်ပွင့်ပြမေးခွန်းများတွင် အမေးအများဆုံး အကြောင်းအရာများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းဖြင့်)




အလမ်းကို ဖန်တီးပေးရန် ဖြစ်ပါသည်။ ယင်းသည် နိုင်ငံရေးလုပ်ငန်းစဉ်ကြီး တစ်ခုလုံး၏ ဒီမိုကရေစီသွင်ပြင်လက္ခဏာကို ပိုမိုပီပြင်စေမည်ဖြစ်ပါသည်။[6] လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခွင့်ပြုမည့် မေးခွန်းများသည် လွှတ်တော်ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်ပေါ်တွင်သာ မူတည်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောပြပါသည်။ လွှတ်တော် ကိုယ်စားလှယ်အချို့က ၎င်းတို့၏ ပါတီတွင်လည်း မေးခွန်းများကို စိစစ်သည့် လုပ်ငန်းစဉ်တစ်ခု ရှိကြောင်း ပြောပြပါသည်။ ထိုစိစစ်မှုလုပ်ငန်းစဉ်အရ တစ်ခါတစ်ရံ လွှတ်တော်ကိုယ်စားလှယ်များက အချို့မေးခွန်းများသည် ရှေ့ဆက်ဆွေးနွေးခွင့်ရမည် မဟုတ်ကြောင်း သိရှိသောကြောင့် မေးမြန်းခြင်း မပြုတော့ကြောင်း ပြောပြပါသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် မေးခွန်းများသို့မဟုတ် အဆိုများ ပြုစုရာတွင် အကြံဉာဏ်များပေးနိုင်သည့် လွှတ်တော် ရုံးဝန်ထမ်းများ၏အခန်းကဏ္ဍကို ထည့်သွင်း ပြောကြားခြင်း မရှိကြကြောင်း ယေဘုယျအားဖြင့် တွေ့ရှိရပါသည်။

ဥပဒေကြမ်းများနှင့် အဆိုများကို ဆွေးနွေးခြင်းမပြုမီ ပြင်ဆင်ချိန် အလုံအလောက် မရရှိခြင်းအပေါ် လွှတ်တော်ကိုယ်စားလှယ်အချို့က စိတ်ကျေနပ်ခြင်း မရှိကြပါ။ လွှတ်တော်ကိုယ်စားလှယ်များအား နှစ်ရက်သာ ကြိုတင်အသိပေးသည့် အလေ့အထသည် အရည်အသွေးမြင့်မားသည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် လုံလောက်သော အချိန်မဟုတ်ဟု ယူဆကြပါသည်။ ထို့ပြင်

**ခါတ်ပုံ (၆)** ပြည်ထောင်စုလွှတ်တော်ဝင်းအတွင်းရှိ အဆောက်အဦများ



အရင်းအမြစ် – အမျိုးသားလွှတ်တော်

6 (IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော် ၏ အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ၊ ပြင်သစ်။ www.ipu.org/oversight. စာမျက်နှာ ၅၉

လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်း ခွင့်ပြုသည့် မေးခွန်းများ၏ အရေအတွက်နှင့် ကြိမ်နှုန်းအပေါ် ကန့်သတ်ချက်များ မထားရှိရန်လည်း လိုလားကြပါသည်။ ထို့ပြင် လွှတ်တော် ကိုယ်စားလှယ်များကို ဆွေးနွေး ခွင့်ပြုသော အချိန်အား ငါးမိနစ်မှ သုံးမိနစ်သို့ လျှော့ချထားပြီး ထိုအချိန်နှင့် စပ်လျဉ်း၍လည်း လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားကြပါသည်။

> လွှတ်တော်အစည်းအဝေးမှာဆိုရင် ကြယ်ပွင့်ပြမေးခွန်း ငါးခုပဲ မေးခွင့်ပြုပါတယ်။ ကြယ်ပွင့်မပြမေးခွန်းကတော့ အကန့်အသတ်မရှိ မေးနိုင်ပါတယ်။ လွှတ်တော်ရဲ့အချိန်အတွက် ကန့်သတ်ချက်ထားရမယ်ဆိုတာကိုတော့ နားလည်ပါတယ်။ ဒါပေမဲ့ ကြယ်ပွင့်ပြမေးခွန်းတွေ ဒီထက်ပိုပြီး မေးခွင့်ရမယ်ဆိုရင် ပိုကောင်းပါတယ်။

ပြည်သူ့လွှတ်တော်တွင် business paper အား သုံးရက်သာ ကြိုတင်ထုတ်ပေးသည့်အတွက် ဆက်စပ်မေးခွန်းများကို ပြင်ဆင်ရန် အချိန်အလွန်နည်းကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ညည်းညူကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်သည့် အချက်အလက်များကို သုတေသန ပြည့်ပြည့်စုံစုံ မလုပ်နိုင်ဘဲ မေးခွန်းများကို တင်ပြနေရပါသည်။ ပြည်ထောင်စုလွှတ်တော်တွင်မူ business paper အား တစ်ပတ်ကြို၍ ထုတ်ပေးသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များက သဘောကျကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို အသေးစိတ်ဖော်ပြခြင်း မပြုသည့်တိုင် ဆွေးနွေးမည့် အကြောင်းအရာများကို ဖော်ပြပေးကာ စာစီးစွာ ကြိုတင်အသိပေးထားမည်ဆိုလျှင် ပိုကောင်းမည်ဟု အကြံပြုကြပါသည်။

## ၄-၃။ အစိုးရထံမှ တုံ့ပြန်ဖြေကြားမှုများ

ယေဘုယျအားဖြင့် အစိုးရ၏ဖြေကြားမှုများကို ကိုယ်စားလှယ်များက အပြုသဘောအမြင်ဖြင့် ရှုမြင်ကြပါသည်။ ကိုယ်စားလှယ် ၅၃ ရာခိုင်နှုန်းက ၎င်းတို့၏ ကြယ်ပွင့်မပြ မေးခွန်းများအတွက် ဖြေကြားမှုများကို ကျေနပ်ကြပြီး ၎င်းတို့၏ ကြယ်ပွင့်ပြမေးခွန်းများအတွက် ဖြေကြားမှုများကို ကျေနပ်ကြသော ကိုယ်စားလှယ် ၅၂ ရာခိုင်နှုန်း ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်အချို့က ၎င်းတို့မေးမြန်းသော မေးခွန်းများကို အစိုးရမှ ပြန်လည်ဖြေကြားပေးသည့် အဖြေများ၏ အရည်အသွေးကို ဝေဖန်ထောက်ပြကြပါသည်။ အသေးစိတ်မေးမြန်းသော မေးခွန်းများအား ဖြေကြားမှုများသည် ယေဘုယျဆန်ပြီး ရှင်းလင်းမှုမရှိခြင်း၊ ဝန်ကြီးများက ဖြေကြားသောအဖြေများသည် ပြည့်စုံလုံလောက်မှု မရှိခြင်းများ ဖြစ်နေသည့်အတွက် တာဝန်ခံမှုနည်းပါးနေသည်ဟု ရှုမြင်ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ကြီးအား ၎င်းတို့မေးထားသော မေးခွန်းများအတွက် ဆက်စပ်မေးခွန်းများ ဆက်လက်မေးမြန်းနိုင်စွမ်း အကန့်အသတ်ရှိသည့်အတွက် ယင်းသည် လွှတ်တော်၏စွမ်းဆောင်ရည်ကို ထိခိုက်စေသည်ဟု အချို့လွှတ်တော်ကိုယ်စားလှယ်များက ရှုမြင်ပါသည်။

**ပုံ ၆** စိတ်ကျေနပ်လောက်ဖွယ် ဖြေရှင်းပေးခဲ့သည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသော ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းများ ရာခိုင်နှုန်း



"တစ်ခါတစ်လေ ဝန်ကြီးတွေနဲ့၊ ဌာနဆိုင်ရာတွေရဲ့ ဝေဝါးတဲ့ အဖြေတွေကို စိတ်ကျေနပ်မှု မရှိပါဘူး။ ရှင်းလင်းတဲ့ အဖြေတွေနဲ့ မဲဆန္ဒရှင်ပြည်သူတွေ ရဲ့လိုအပ်ချက်တွေကို ဖြေရှင်းဖြည့်ဆည်းပေးမယ့် နည်းလမ်းတွေ လိုချင်ပါတယ်၊ သိချင်ပါတယ်။

လွှတ်တော်အစည်းအဝေးအပြီးမှာ ဝန်ကြီးတွေကို တိုက်ရိုက်ဆက်သွယ်ချဉ်းကပ်ချင်ပါတယ်။ ငါးမိနစ်မက ပြောစရာတွေ ရှိပါတယ်။ မြေပြင်က အခြေအနေမှန်တွေကို ဝန်ကြီးတွေကို ရှင်းပြဖို့ လိုပါတယ်။

တခြားနိုင်ငံကလွှတ်တော်တွေမှာ တစ်ခုခုပြော ချင်ရင် လက်ထောင်ပြီး ဆွေးနွေးလို့ရပါတယ်။ အဲဒါမျိုး ဒီမှာမရပါဘူး။

သို့သော် ဝန်ကြီးများသည် လွှတ်တော်အစည်းအဝေးသို့ ပိုမို လာရောက်ကြပြီး ထိရောက်စွာ ပါဝင်ဆွေးနွေးတင်ပြမှုများ ရှိလာသည်ကို တွေ့ရသည့်အတွက် အစိုးရနှင့်လွှတ်တော်ကြား ပိုမိုအပြုသဘောဆောင်သော ဆက်ဆံရေးဆီသို့ တဖြည်းဖြည်း ဦးတည်နေသည်ဟု ယူဆနိုင်ဖွယ်ရှိပါသည်။ လွှတ်တော်၏ လုပ်ငန်းတာဝန်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏အပြန် အလှန်ထိန်းကျောင်းရန် တာဝန်တို့ကို သိရှိမှုမြင့်မားလာအောင်

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

IPU ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ (၂၀၁၇) တွင် "အစိုးရသည် လွှတ်တော်၏ စောင့်ကြည့်ထိန်းညှိမှုတွင် ပူးပေါင်းပါဝင်ပေးရန် အရေးကြီးသည်။ ဥပမာ လွှတ်တော် မှ တောင်းခံသော အချက်အလက်များ ပံ့ပိုးပေးခြင်း၊ လွှတ်တော်မှ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပေး ခြင်းတို့ ဖြစ်သည်"ဟု ဖော်ပြပါရှိသည်။ အာဏာခွဲဝေအုပ် ချုပ်ခြင်းဟူသည် အပြန်အလှန်စစ်ဆေး ထိန်းကျောင်းမှု များ လုံလောက်စွာ ပြုလုပ်နိုင်စေရန် ရည်ရွယ်ပါသည်။ အပြန်အလှန်ထိန်းကျောင်းခြင်း ဆိုသည်မှာ အစိုးရ၏ လုပ်ဆောင်ချက်များကို ဝေဖန်ခြင်းဟူ၍ နားလည်သိရှိ ထားရမည် မဟုတ်ပါ။ ယင်းသည် အရည်အသွေးကောင်း မွန်သော ဥပဒေနှင့် မူဝါဒဆိုင်ရာရလဒ်များ ပေါ်ထွက်လာ စေနိုင်သည့် နိုင်ငံရေးစနစ်တစ်ခု၏ မဏ္ဍိုင်များကြား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများရရှိ ရေးအတွက် အခြေခံတစ်ခုအဖြစ် ရည်ရွယ်ခြင်းဖြစ်သည်။ *(IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာလုံးဆိုင်ရာ လွှတ် တော်အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့် ထိန်းညှိခြင်း – လွှတ်တော်၏ အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက် နိုင်သည့် အခွင့်အာဏာ၊ စာမျက်နှာ ၂၂)။*

ဆောင်ရွက်ပေးခြင်းနှင့် သတင်းအချက်အလက်များ တိုးမြှင့် ဖြန့်ဝေပေးခြင်းဖြင့်အစိုးရကို လွှတ်တော်အစည်းအဝေးများ၊ ကော်မတီများနှင့် ပိုမိုထိရောက်စွာ ဆက်သွယ်ညှိနှိုင်း ဆောင် ရွက်လာအောင် ကူညီ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

**ဓာတ်ပုံ (၇)** လွှတ်တော်ကော်မတီက FAO အဖွဲ့၏ ပရောဂျက်ရှိရာနေရာသို့ သွားရောက်၍ အစိုးရဝန်ထမ်းများ၊ ဒေသခံ တောင်သူများ၊ FAO မှတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်



အရင်းအမြစ် – အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ စိုက်ပျိုးရေးဓာတုဓာတ်ကြွင်းများ၏ ဘေးထွက် ဆိုးကျိုးများကို လျှော့ချရေး လေ့လာစိစစ်မှု (Inquiry) အစီရင်ခံစာ

# ၅။ ကော်မတီများ

ကမ္ဘာတစ်ဝှမ်းရှိ လွှတ်တော်အများအပြားတွင် *'လွှတ်တော်လုပ်ငန်းများ၏ ကြီးမားသော အစိတ်အပိုင်းအား ယခုအခါ လွှတ်တော်အစည်းအဝေးမှာထက် ကော်မတီများတွင် ဆောင်ရွက်နေခြင်း ဖြစ်သည်။'*[7] ဥပဒေပြုရေးနှင့် စောင့်ကြည့် ထိန်းညှိရေးလုပ်ငန်းစဉ်ကို အသေးစိတ်လုပ်ဆောင်နိုင်သည့် နေရာမှာ ကော်မတီများတွင် ဖြစ်ပါသည်။

ကိုယ်စားလှယ်များသည် ၎င်းတို့၏ ကော်မတီအခန်းကဏ္ဍနှင့် ပတ်သက်၍ တက်ကြွစွာဆောင်ရွက်ကြပါသည်။ စစ်တမ်း ဖြေကြားသူကိုယ်စားလှယ်များထဲမှ ၆၄ ရာခိုင်နှုန်းမှာ အနည်းဆုံး ကော်မတီတစ်ခု၏ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။ ၃၁ ရာခိုင်နှုန်းမှာ ကော်မတီနှစ်ခုနှင့် အထက် အဖွဲ့ဝင်များဖြစ်ကြပြီး ၂၄ ရာခိုင်နှုန်းမှာ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်၏ အမြဲတမ်းကော်မတီလေးခုထဲမှ တစ်ခု၏ အဖွဲ့ဝင်များဖြစ်ကြပါသည်။[8] ကိုယ်စားလှယ်အများစုမှာ တစ်ပတ်လျှင် ကော်မတီအစည်းအဝေးနှစ်ခု တက်ရောက်ကြရပြီး တစ်ပတ်လျှင် ကော်မတီအတွက် လေးနာရီခွဲခန့် အချိန်ပေးကြပါသည်။

ဒုတိယအကြိမ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ကော်မတီများ၌ ပထမအကြိမ်လွှတ်တော်တုန်းက အတွေ့ရနည်းသည့် နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်လာကြသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရှုပ်ထွေးနက်နဲသော လွှတ်တော်ကော်မတီစနစ်တစ်ခု၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံကို နားလည်သိရှိလာကြကြောင်း ပေါ်လွင်ထင်ရှားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့သည် ကော်မတီအလုပ်များမှ တစ်ဆင့် လွှတ်တော်စနစ်အတွက် အကောင်းဆုံး ပါဝင်ကူညီပေးနိုင်သည်ဟု ယူဆကြပြီး ပြီးမြောက် အောင်မြင်မှုရရှိသည့် ခံစားချက်ကိုလည်း ကော်မတီများတွင်သာ ရရှိသည်ဟု ဆိုပါသည်။

ပုံ ၇ ကော်မတီတွင် (တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကော်မတီများတွင်) ပါဝင်နေသော ကိုယ်စားလှယ်များ၏ အချိုး




ပုံ ၈ အမြဲတမ်း ကော်မတီ (၄)ခုတွင် ပါဝင်သော ကိုယ်စားလှယ်များ၏ အချိုး




7 H. Yamamoto, (၂၀၀၇) လွှတ်တော်၏ စောင့်ကြည့်ထိန်းညှိရေးအတွက် နည်းလမ်းအထောက်အကူများ – နိုင်ငံအဆင့် လွှတ်တော် ၈၈ ခုအား နှိုင်းယှဉ်လေ့လာချက် (Tools for parliamentary oversight: A comparative study of 88 national parliaments) (ဂျီနီဗာ)၊ http://archive.ipu.org/PDF/publications/oversight08–e.pdf. စာမျက်နှာ ၁၅

8 ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းရသော အမြဲတမ်းကော်မတီ လေးခုရှိပါသည်။ ဥပဒေကြမ်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ တို့ဖြစ်ပါသည်။

ကော်မတီအလုပ်တွေကို လုပ်ရတာ ပျော်တယ်။ လွှတ်တော်အစည်းအဝေးက ကျွန်တော့်အတွက် ကြီးကျယ်ခမ်းနားလွန်းနေတယ်။ ကော်မတီတွေမှာဆို ပိုပြီး လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်တယ်။

သို့သော် ယေဘုယျအားဖြင့် ရေးရာကော်မတီအများစုသည် ၎င်းတို့၏ အခွင့်အာဏာကို အပြည့်အဝအသုံးချ၍ လုပ်ဆောင်ခြင်းများ မရှိသေးကြောင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောစကားများအရ သိရှိရပါသည်။ ထိုကော်မတီများသည် မူဝါဒနယ်ပယ် တစ်ခုအတွက် သီးခြားဖွဲ့စည်းထားသော ကော်မတီများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ဆောင်မှုများကို စောင့်ကြည့်လေ့လာရန် တာဝန်ယူထားသော ကော်မတီများ ဖြစ်ပါသည်။ ထိုကော်မတီအများစုတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှ ပေးပို့သော တိုင်ကြားစာများကို ဖြေရှင်းခြင်း၊ ရေတိုလုပ်ငန်းစဉ်များသာ ချမှတ်ထားခြင်းတို့ကို တွေ့ရပါသည်။ တိုင်ကြားစာများကိုသာ အာရုံစိုက်နေခြင်းဖြင့် ထိုကော်မတီများသည် မူဝါဒပိုင်းဆိုင်ရာနှင့် စနစ်ပိုင်းဆိုင်ရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ထိုသို့သော ကိစ္စများကိုသာ ကိုင်တွယ်ဖြေရှင်းမည် ဆိုပါက ပိုမိုကြီးကျယ်ခမ်းနားသည့် အောင်မြင်မှုဇာတ်လမ်းများ ပေါ်ထွက်လာနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ကော်မတီများ ရင်ဆိုင်နေရသည့် အကန့်အသတ်များကို အလေးထားပြောပြကြပြီး လွှတ်တော်ကို မောင်းနှင်ပေးနေသည့် အင်ဂျင်စက်များနှင့် အလားသဏ္ဌာန်တူသော ကော်မတီများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတစ်ရပ်အဖြစ် ဆောင်ရွက်လိုစိတ်များ ထက်သန်နေကြပါသည်။

ကျွန်တော်/ကျွန်မတို့ ကော်မတီအနေနဲ့ ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်ခွင့်နဲ့ လွတ်လပ်ခွင့်တွေ ဒီ့ထက်ပိုပြီး ရသင့်ပါတယ်။

ကော်မတီ Terms of Reference (ToR) မှာ အားနည်းချက်တွေရှိပါတယ်။ တာဝန်ဝတ္တရားတွေကို တိတိကျကျ ပြဋ္ဌာန်းပေးထားခြင်း မရှိပါဘူး။

## ၅-၁။ ကော်မတီများ၏ လုပ်ငန်းအစီအစဉ်များနှင့် ချမှတ်ထားသော လုပ်ငန်းစဉ်များ

ကော်မတီများ၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းပုံနှင့် ဆွေးနွေးသုံးသပ်ပုံများသည် ကော်မတီတစ်ခုနှင့်တစ်ခု များစွာကွာခြားမှု ရှိပါသည်။ ကော်မတီများတွင် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲရာ၌ ကော်မတီဥက္ကဋ္ဌမှ ဦးဆောင်ရေးဆွဲခြင်းများ ရှိသလို ကော်မတီဝင်များအားလုံး၏ သဘောတူညီချက်ကို ရယူရေးဆွဲခြင်းများလည်း ရှိပါသည်။ စစ်တမ်းဖြေကြားသူ ကိုယ်စားလှယ်များထဲတွင် ၎င်းတို့၏ကော်မတီ၌ တစ်နှစ်တာအတွက် ရေးဆွဲထားသော လုပ်ငန်းအစီအစဉ်ရှိကြောင်း ဖြေကြားသူ ၅၁ ရာခိုင်နှုန်း၊ (၆) လတာ သို့မဟုတ် (၃) လတာ အစီအစဉ်ရှိကြောင်း ဖြေကြားသူ ၃၁ ရာခိုင်နှုန်း၊ တစ်လတာ အစီအစဉ်ရှိကြောင်း ဖြေကြားသူ ၃၂ ရာခိုင်နှုန်းနှင့် တစ်ပတ်တာ အစီအစဉ် ရှိကြောင်း ဖြေကြားသူ ၃၅ ရာခိုင်နှုန်း ရှိပါသည်။

ကော်မတီများတွင် ကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှု အခန်းကဏ္ဍသည် အလွန်ပင် အရေးပါပါသည်။ ကော်မတီဥက္ကဋ္ဌ၏ ပြုမူပုံများနှင့် လုပ်ဆောင်ချက်များသည် ကော်မတီအပေါ် (ကောင်းကျိုး နှင့် ဆိုးကျိုး) သက်ရောက်မှု ရှိစေသည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့က ယူဆပါသည်။ ထက်မြက်၍ ဘက်လိုက်ခြင်းကင်းသော ကော်မတီဥက္ကဋ္ဌတစ်ဦးသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ထိရောက်စွာ အသုံးချနိုင်ပါသည်။ သို့သော် အချို့သောလွှတ်တော်ကိုယ်စားလှယ်များက ကော်မတီဥက္ကဋ္ဌများကို ပေးအပ်ထားသော ကြီးမားသည့် အခွင့်အာဏာနှင့် စပ်လျဉ်း၍ သံသယရှိကြောင်း ထုတ်ဖော်ပြောပြကြပါသည်။ အချို့ကော်မတီ ဥက္ကဋ္ဌများသည် လွှမ်းမိုးချုပ်ကိုင်မှုရှိပြီး တစ်ခါတစ်ရံ တားမြစ်ပိတ်ပင်ခြင်းများကိုပင်ပြုလုပ်သည့် အထောက်အထားအချို့ ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက 'ဥက္ကဋ္ဌက အစည်း အဝေးအစီအစဉ်ကို သူပဲ ဆုံးဖြတ်ပြီး အစည်းအဝေးမှာလည်း သူပဲပြောတယ်'ဟု ဆိုပါသည်။ အချို့သောလွှတ်တော်ကိုယ်စားလှယ်များအတွက် ယင်းသည် စိတ်ကျေနပ်ဖွယ်မရှိဘဲ 'ကော်မတီတွေမှာ ကော်မတီအဖွဲ့ဝင်တွေရဲ့ အသံကို နားထောင်ပြီး လုပ်ငန်းတွေကို ဆောင်ရွက်နေကြတာ မဟုတ်ဘူး' ဟု ဆိုပါသည်။

ကော်မတီများတွင် ကျင့်သုံးမှုအများဆုံး အလေ့အထနှစ်ခုမှာ ပြည်သူများ၏ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းခြင်း (စစ်တမ်းဖြေဆိုသူများ၏ ၃၈ ရာခိုင်နှုန်းက ယင်းသည် ကော်မတီများတွင် အများဆုံး ကိုင်တွယ်ဆောင်ရွက်သည့်ကိစ္စဟု ဆိုပါသည်) နှင့် ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့် (Terms of reference) နှင့် သက်ဆိုင်သည့် ဥပဒေကြမ်းများကို စိစစ်သုံးသပ်ခြင်း (၃၄ ရာခိုင်နှုန်း) ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၆၃ ရာခိုင်နှုန်းက ၎င်းတို့၏ ကော်မတီများသည် ပြဿနာရပ်များကို အသေးစိတ်လေ့လာ၍ သက်သေအထောက်အထားများကို စုဆောင်းကြသည်ဟု ဆိုပါသည်။ သို့သော် ယင်းသည် ကော်မတီ၏ အများဆုံး လုပ်ဆောင်သည့် လုပ်ငန်းဟု ဖြေကြားသူမှာ ၁၉ ရာခိုင်နှုန်းသာ ရှိသည့်အတွက် ကော်မတီများသည် တိုင်ကြားစာ တစ်ခုချင်းစီကို သုံးသပ်ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းများကို စိစစ်ခြင်းအတွက် အချိန်အများစုကို သုံးစွဲသည်ဟု ယူဆရပါသည်။ တွေ့ဆုံမေးမြန်းမှုများတွင်လည်း ဤအချက်ကို တွေ့ရှိခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများတွင်ကော်မတီ များသည် ပြည်သူများထံမှ တိုင်ကြားစာများအားတုံ့ပြန် ဖြေရှင်းခြင်းကိုသာ အဓိက လုပ်ဆောင်သည်ဟုဆိုသူ လွှတ်တော်ကိုယ်စားလှယ် အများအပြား ရှိပါသည်။ တိုင်ကြားစာများကို တုံ့ပြန်ဖြေရှင်းပေးရန် ကြိုးပမ်းသည့်

**ဓာတ်ပုံ (၈)** အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်ရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံနေစဉ်



အရင်းအမြစ် – အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ စိုက်ပျိုးရေးဓာတုဓာတ်ကြွင်းများ၏ ဘေးထွက်ဆိုးကျိုးများကို လျှော့ချရေး လေ့လာစိစစ်မှု (Inquiry) အစီရင်ခံစာ

အနေဖြင့် ကော်မတီအစည်းအဝေးများတွင် တိုင်ကြားစာများအကြောင်း ဆွေးနွေးပြီး (များသောအားဖြင့် မဲဆန္ဒနယ်မြေအဆင့်ရှိ) ကိစ္စရပ်များကို တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ကြပါသည်။

“ကျွန်မက အမျိုးသမီးနဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီကပါ။ ကျွန်မတို့ကော်မတီက ဗုဒ္ဓဟူးနေ့တိုင်း လွှတ်တော်အစည်းအဝေးပြီးတဲ့အချိန် အစည်းအဝေး ထိုင်ပါတယ်။ ကော်မတီကို ပေးပို့လာတဲ့ အမျိုးသမီးနဲ့ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးတွေနဲ့ ပတ်သက်တဲ့ တိုင်ကြားစာတွေကို ဆွေးနွေးပါတယ်။ တိုင်ကြားစာတစ်စောင် လက်ခံရရှိရင် ကော်မတီဝန်ထမ်းတွေက ကော်မတီဝင်တွေ လေ့လာဖို့ မိတ္တူတစ်စောင်စီ ကြိုတင်ပြီး ဝေပေးထားပါတယ်။

ဒုတိယအကြိမ်လွှတ်တော်မှာ တရားစီရင်ရေးနဲ့ ဥပဒေရေးရာကော်မတီမှာ တာဝန်ပေးခံရပါတယ်။ ကျောင်းဆရာ လုပ်ခဲ့တာဆိုတော့ တရားစီရင်ရေးနဲ့ ဥပဒေရေးရာ ကိစ္စတွေကို သိပ်မရင်းနှီးပါဘူး။ ဒါပေမဲ့ ကော်မတီကို ကူညီနိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပါတယ်။ ကော်မတီမှာတော့ လုပ်ငန်းအစီအစဉ် ရေးဆွဲထားတာ မရှိသေးပါဘူး။ တိုင်ကြားစာတွေကို ကော်မတီဝင်တစ်ဦးချင်းစီကို ခွဲဝေတာဝန်ပေးပြီး ကော်မတီဝင်တွေက လေ့လာစိစစ်ပြီးရင် တွေ့ရှိချက်တွေကို ကော်မတီဥက္ကဋ္ဌထံ အစီရင်ခံတင်ပြရပါတယ်။

ကော်မတီများသည် လူတစ်ဦးချင်းစီမှ တိုင်ကြားစာများကို အာရုံစိုက်နေခြင်းဖြင့် ကော်မတီမှ တာဝန်ယူရန် ပေးအပ်ထားသည့် မူဝါဒနယ်ပယ်တစ်ရပ်လုံးကို လေ့လာသုံးသပ်ခြင်းပြုနိုင်မည်မဟုတ်ပါ။ ထို့ပြင် အစိုးရကို တာဝန်ခံစေခြင်း၊ ဥပဒေကြမ်းများနှင့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကို စောင့်ကြည့်ထိန်းညှိခြင်းများ လုပ်ငန်းများကိုလည်း အဟန့်အတားဖြစ်စေပါသည်။ တိုင်ကြားစာများ လွှတ်တော်သို့ ရောက်ရှိလာခြင်းသည် လွှတ်တော်အပေါ် ဒီမိုကရေစီအဖွဲ့အစည်းတစ်ရပ်အဖြစ် လူထု၏ ယုံကြည်ကိုးစားမှုကို ပြသနေသည်ဟု ယူဆနိုင်သော်လည်း တစ်ဖက်မှကြည့်လျှင် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ပြည်သူများအတွက်တိုင်ကြားစာများကို ဖြေရှင်းပေးမည့် အခြားရွေးချယ်စရာတိုင်ကြားမှုလုပ်ငန်းစဉ်များမရှိခြင်းကိုလည်း ပြသနေပါသည်။ မည်သည့်ကိစ္စများသည် ပြည်ထောင်စုအဆင့် ကော်မတီများ အနေဖြင့် အသေးစိတ် လေ့လာစိစစ်ရမည့် စနစ်တစ်ခုလုံးနှင့် ဆိုင်သောကိစ္စရပ်များ ဖြစ်ကြောင်း ဖော်ထုတ်သိရှိနိုင်ရန်အတွက် ပြည်သူတို့၏ တိုင်ကြားစာများဆိုင်ရာ ကော်မတီမှ ဖြစ်စေကြီးကြပ်၍ တိုင်ကြားစာများကို ပေါင်းစုလေ့လာပြီး သုံးသပ်အကဲဖြတ်ပေးသည့်စနစ်ကို ထားရှိအသုံးပြုနိုင်ပါသည်။ နိုင်ငံတကာတွင် လွှတ်တော် အများအပြား၌ အသနားခံစာ ကော်မတီများ ရှိကြပြီး ထိုကော်မတီများက တိုင်ကြားစာများအားလုံးကို ကိုင်တွယ်စိစစ်၍ လွှတ်တော်အနေဖြင့် နိုင်ငံအတွက် အရေးပါသော ကိစ္စရပ်များကို အကောင်းဆုံး ဖြေရှင်းပေးနိုင်မည့်နည်းလမ်းကို လွှတ်တော်အစည်းအဝေးတွင် အကြံပြုတင်ပြပါသည်။ လေ့လာစိစစ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းများ ပြုလုပ်ပေးရန်အတွက် သက်ဆိုင်ရာအကြောင်းအရာ နယ်ပယ်အလိုက် ကော်မတီများသို့ လွှဲပြောင်းညွှန်းပို့ပေးခြင်းများကိုလည်း လုပ်ဆောင်ပါသည်။

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

IPU က 'လွှတ်တော်၏ စောင့်ကြည့်ထိန်းညှိရေးကိုဆောင်ရွက်နေသော ကော်မတီများသည် အစိုးရနှင့် အခြားသက်ဆိုင်သူများထံမှ အဆိုပြုသော အကြောင်းအရာများကို စဉ်းစားသုံးသပ်ရန် လွတ်လပ်စွာ ဆုံးဖြတ်ရွေးချယ်နိုင်သည့် တစ်ချိန်တည်းတွင် ကော်မတီတွင်းတွင်သာသီးသန့်ဖြစ်စေ၊ အများပြည်သူရှေ့မှောက်တွင်ဖြစ်စေ ၎င်းတို့၏ လုပ်ငန်းစဉ်များကို လွတ်လပ်စွာ ဆုံးဖြတ်ချမှတ်ခွင့်ရှိခြင်းသည် ကောင်းမွန်သော ကျင့်သုံးမှု ဖြစ်သည်' ဟု ဆိုပါသည်။ ယင်းသည် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကြား ကော်မတီ၏ လုပ်ငန်းစဉ်ချမှတ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အား မျှဝေသုံးစွဲရန် အဆိုပြုထားခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များသည် ထိုသို့သာ စုပေါင်းလုပ်ဆောင်နိုင်စွမ်းရှိမည်ဆိုလျှင် ရရှိလာမည့် အကျိုးကျေးဇူးများမှာလည်း ကြီးမားကြောင်း သက်သေအထောက်အထားများ ရှိပါသည်။ ဤနည်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ကော်မတီလုပ်ငန်းများအား မိမိ၏ ကိုယ်ပိုင်လုပ်ငန်းများအဖြစ် ခံယူလုပ်ဆောင်မှု ပိုမို ကြီးမားစွာ ရရှိနိုင်ပြီး စနစ်ပိုင်းဆိုင်ရာ ပြဿနာများနှင့် နိုင်ငံနှင့် သက်ဆိုင်သော ပြဿနာများအား ပိုမို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ပါသည်။ *(IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – လွှတ်တော်မှစောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော်၏အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ၊ စာမျက်နှာ ၂၂)။*

ပုံ ၉ ကော်မတီလုပ်ငန်းများတွင် ကျင့်သုံးမှုအများဆုံး အလေ့အထများ (ဖြေကြားသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းဖြင့်)



## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

ယေဘုယျအားဖြင့် စောင့်ကြည့်ထိန်းညှိရေးနှင့် တာဝန်ခံမှုတို့အတွက် လွှတ်တော်၏ အထိရောက်ဆုံးသော နည်းလမ်း အထောက်အကူမှာ လွှတ်တော်ကော်မတီများဖြစ်သည်ဟု ယူဆကြပြီး အထူးသဖြင့် မူဝါဒနယ်ပယ်တစ်ခုစီကို ကိုင်တွယ်ရန်အတွက် သီးခြားဖွဲ့စည်းထားသောရေးရာ ကော်မတီများသည် အထိရောက်ဆုံးဖြစ်ပါသည်။ IPU က လွှတ်တော်ကော်မတီများ၏ စောင့်ကြည့်ထိန်းညှိရေးတာဝန်အတွက် သမားရိုးကျထမ်းဆောင်လေ့ရှိသောအခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဤသို့ဆိုထားပါသည် – 'လွှတ်တော်ကော်မတီများသည် သက်ဆိုင်ရာမူဝါဒ နယ်ပယ် တစ်ခုကို တစ်စိုက်မတ်မတ် ဦးတည်ချဉ်းကပ်နိုင်ခြင်းကြောင့် စောင့်ကြည့်ထိန်းညှိရေးကို စနစ်တကျဆောင်ရွက်ရေးတွင် ပါဝင်ကူညီပေးနိုင်ပါသည်။' နိုင်ငံရေးခေါင်းဆောင်များ၏ အားပေးပံ့ပိုးမှုနှင့် ဘဏ္ဍာငွေအရင်းအမြစ်များ ရှိပါက ကော်မတီတစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်များသည် မူဝါဒ အဆိုပြုလွှာတစ်ခု သို့မဟုတ် အစိုးရ၏ ဆောင်ရွက်ချက်တစ်ခုကို အသေးစိတ်လေ့လာစိစစ်နိုင်ပါသည်။ (များသောအားဖြင့် အစီရင်ခံစာများရေးသားပြုစုခြင်းမှ တစ်ဆင့်) တုံ့ပြန်မှုများနှင့် အကြံပြုချက်များပေးခြင်းဖြင့် ကော်မတီများသည် လွှတ်တော်၏ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းရလဒ်များတွင် တန်ဖိုးများကို ထပ်ဆင့်တိုးရရှိစေပါသည်။

များသောအားဖြင့် နိုင်ငံသားများ၏ တိုင်ကြားစာများကို ကိုင်တွယ်ဖြေရှင်းသည့် လုပ်ငန်းစဉ်အား ဗဟိုမှ စီမံဆောင်ရွက်လေ့ရှိပါသည်။ ဥပမာ ဂျာမနီတွင် ပန်ကြားလွှာများ ကော်မတီသည် ပန်ကြားချက်များနှင့် တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းရန် သီးခြားဖွဲ့စည်းထားသော ကော်မတီဖြစ်သည်။ ထိုကော်မတီသည် အခြားကော်မတီများထံမှ သဘောထားမှတ်ချက်များကို တောင်းခံကောင်းတောင်းခံနိုင်ပါသည်။ သို့သော် 'ပန်ကြားလွှာများသည် ထိုကော်မတီများ ဆွေးနွေးနေသည့် အကြောင်းအရာနှင့် ဆက်စပ်မှုရှိမှသာလျှင်' တောင်းခံခြင်းဖြစ်ပါသည်။ နိုင်ငံသားများ၏ တိုင်ကြားစာ အများအပြားသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စများကို စုံစမ်းမေးမြန်း ခြင်းသာ ဖြစ်သဖြင့် အခြားလွှတ်တော်ကော်မတီများသို့ လွှဲပြောင်းပေးပို့ခြင်းထက် Office of the Ombudsman (မြန်မာနိုင်ငံတွင် မရှိပါ) သို့ လွှဲပြောင်းပေးပို့ပါသည်။ တိုင်ကြားစာများကို ဤနည်းဖြင့် ချဉ်းကပ်ကိုင်တွယ်ခြင်းဖြင့် လွှတ်တော်ကော်မတီများသည် မူဝါဒဆိုင်ရာ စောင့်ကြည့်ထိန်းညှိမှုနှင့် နိုင်ငံရေးတာဝန်ခံမှုတို့အတွက် တိကျပြတ်သားစွာ ဘက်စုံကိုင်တွယ်ဆောင်ရွက်ခွင့်ရကြပါသည်။ *(IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော်၏ အစိုးရကို တာဝန်ခံမှု ရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ၊ စာမျက်နှာ ၅၁)*

ဓာတ်ပုံ (၉) ပြည်ထောင်စုလွှတ်တော်ဝင်းအတွင်း၌ ကော်မတီအစည်းအဝေးတစ်ရပ် ပြုလုပ်ကျင်းပနေစဉ်



အရင်းအမြစ် – အမျိုးသားလွှတ်တော်

## ၅-၂။ ကော်မတီလုပ်ငန်းစဉ်များနှင့် ကျင့်သုံးမှုများ

ကော်မတီအများအပြားသည် ကောင်းမွန်သော ကျင့်သုံးဆောင်ရွက်ချက်များဖြင့် အပြောင်းအလဲများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြသည့် အထောက်အထားများကိုလွှတ်တော်ကိုယ်စားလှယ်များထံမှ ကြားသိခဲ့ရပါသည်။ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ကွင်းဆင်းလေ့လာခြင်း၊ အစီရင်ခံစာရေးသားတင်ပြခြင်း၊ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက် ခြင်းများမှ တစ်ဆင့် အကျဉ်းသားများ၏ အခွင့်အရေးများတိုးတက်ရရှိအောင် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည့် မှတ်တမ်းများ ရှိပါသည်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ အစိုးရ ကတိကဝတ်များကို စောင့်ကြည့်လေ့လာသည့် လုပ်ငန်းများအပေါ် အားရကျေနပ်မှု ရှိကြောင်း ပြောပြကြပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျောက်မျက်ဥပဒေကို ပြင်ဆင်ရန် အဆိုတစ်ခု တင်သွင်းရာတွင် အောင်မြင်မှုရရှိခဲ့ပုံကို တင်ပြပါသည်။

လွှတ်တော်၏ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် ကော်မတီအမျိုးမျိုးအား ၎င်းတို့၏လုပ်ငန်းများကို ပိုမို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိရာ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည်လည်း စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဓာတ်ကြွင်းများ၏သက်ရောက်မှု လျှော့ချရေးဆိုင်ရာ ဘက်စုံလေ့လာစိစစ်မှု တစ်ခုကို ဆောင်ရွက်နေပါသည်။[9] ကော်မတီများသည် ကော်မတီလေ့လာစိစစ်မှုဟု ခေါ်သည့် လုပ်ငန်းစဉ်မှတစ်ဆင့် သက်သေအထောက်အထားများကို စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာ စိစစ်ခြင်း၊ လွှတ်တော်အစည်းအဝေးသို့ အစီရင်ခံတင်ပြခြင်းတို့ကို ပြုလုပ်၍ ခိုင်မာသည့် ရလဒ်များ ရရှိအောင် လုပ်ဆောင်နိုင်ကြသည့် သာဓကများ ရှိနေပြီ ဖြစ်ပါသည်။ နောက်တစ်ဆင့်အနေဖြင့် ထိုလေ့လာစိစစ်မှုများ၏ သဘောသဘာဝနှင့် အရည်အသွေးကို ပြသပေးနိုင်သည့် သက်သေအထောက်အထားများကို ထပ်မံစုဆောင်းရန် လိုအပ်ပါလိမ့်မည်။ ပထမဆုံးအနေဖြင့် ကော်မတီအစီရင်ခံစာများကို လေ့လာ၍ ထိုအစီရင်ခံစာများသည် သက်သေအထောက်အထားကို အခြေခံခြင်း၊ အသေးစိတ် ဆန်းစစ်လေ့လာထားခြင်း ရှိ/မရှိ၊ အခြေအမြစ်ရှိသည့် သုံးသပ်ချက်များ၊ အကြံပြုချက်များ ထွက်ပေါ်လာခြင်း ရှိ/မရှိ ဆန်းစစ်နိုင်ပါသည်။ ဒုတိယအနေဖြင့် ကော်မတီများ၏ တွေ့ရှိချက်များကို လွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးခြင်း ရှိ/မရှိ၊ တတိယအနေဖြင့် ကော်မတီများ၏ အကြံပြုချက်များအပေါ် အစိုးရ၏ အကောင်အထည်ဖော်မှုကို လွှတ်တော်က မည်သို့ဆက်လက်စောင့်ကြည့်ဆောင်ရွက်သည် ဆိုသည်တို့ကို လေ့လာဆန်းစစ်ကြည့်နိုင်ပါသည်။

လွှတ်တော်ရေးရာ ကော်မတီများ၏ ကျင့်သုံးလုပ်ဆောင်ပုံများသည် တစ်ခုနှင့် တစ်ခု သိသိသာသာ ကွဲပြားခြားနားပါသည်။ အချို့ကော်မတီများသည် မူဝါဒနယ်ပယ်တစ်ရပ်တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ထဲထဲဝင်ဝင် စူးစမ်း၍စိစစ်လေ့လာမှုများ ပိုမို ပြုလုပ်ကြပါသလို ကော်မတီတွင်း ဆွေးနွေးမှုများတွင် ခွဲခြမ်းစိတ်ဖြာ စိစစ်ဆွေးနွေးသည့်နည်းလမ်းကို အသုံးပြုကြပါသည်။ သို့သော် အချို့ကော်မတီများကမူ တက်ကြွမှုအားနည်းပြီး ကြိုတင်မျှော်မှန်းဆောင်ရွက်ခြင်း နည်းပါးကာ တိုင်ကြားစာများနှင့် မဲဆန္ဒနယ်မြေမှ နစ်နာဆုံးရှုံးမှုများအတွက် တုံ့ပြန်ဆောင်ရွက်ပေးခြင်းကိုသာ အဓိကထားလုပ်ဆောင်နေကြပါသည်။ ထို့အတွက်ကြောင့် ရေးရာကော်မတီအများအပြားသည် ၎င်းတို့၏ စောင့်ကြည့်ထိန်းညှိပေးရမည့် အခန်းကဏ္ဍကို အပြည့်အဝထမ်းဆောင်ရန် ပျက်ကွက်နေကြပါသည်။ ကော်မတီများကြား ကျင့်သုံးမှုများ တစ်ပြေးညီ ဖြစ်စေရန်အတွက် ရေးရာကော်မတီများအချင်းချင်း ကောင်းမွန်သော အတွေ့အကြုံများကို မျှဝေပေးသင့်ပါသည်။ သို့မှသာ ထိရောက်သော ကျင့်သုံးမှုများကို လေ့လာသင်ယူနိုင်ပြီး မိမိတို့၏ ကော်မတီများတွင်လည်း ကျင့်သုံးနိုင်မည်ဖြစ်သလို တာဝန်နှင့် လုပ်ပိုင်ခွင့် (Terms of reference)ကို လိုအပ်သလို ပြင်ဆင်နိုင်မည် ဖြစ်သည်။ကိစ္စရပ်တစ်ခုကို အသေးစိတ် လေ့လာစိစစ်၍ ရရှိသော သက်သေအထောက်အထားများအပေါ် အခြေခံကာ အစီရင်ခံစာ ရေးသားတင်ပြခြင်းကဲ့သို့ စောင့်ကြည့်ထိန်းညှိရာတွင် အသုံးပြုသော လုပ်ထုံးလုပ်နည်းများကို ရေးရာကော်မတီများနှင့် သက်ဆိုင်သည့် နယ်ပယ်အတွင်းရှိ ဥပဒေကြမ်းများ ကို စိစစ်သုံးသပ်ရာတွင်လည်း အသုံးပြုနိုင်ပါသည်။ ထိုသို့သော အပြောင်းအလဲများကို ပြုလုပ်ခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေး တာဝန်များ ပိုမိုအား ကောင်းလာမည်ဖြစ်ပြီး အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်း ဆွေးနွေးဆောင်ရွက်မှုများလည်း ပိုမိုတိုးတက်ကောင်းမွန်လာကာ လွှတ်တော်တစ်ရပ်လုံး၏ ထိရောက်မှုလည်း မြင့်မားလာမည်ဖြစ်ပါသည်။

**ကြားနာမှုများ ပြုလုပ်ခြင်းနှင့် သက်သေများအား ခေါ်ယူခြင်း** - ကော်မတီအများအပြားသည် ဝန်ကြီးဌာနများမှ အရာရှိများအား တံခါးပိတ်ကြားနာမှုများသို့ တက်ရောက်ရန်ပုံမှန် ဖိတ်ကြားလေ့ရှိပါသည်။ များသောအားဖြင့် အစည်းအဝေး တက်ရောက်သူများမှာ အကြီးတန်းအရာရှိများ (ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အမြဲတမ်းအတွင်းဝန်) ဖြစ်ကြပြီး ဝန်ကြီး

9 အကြံပြုစာများကို လက်ခံခြင်း၊ အကျိုးသက်ဆိုင်သူများနှင့် ကြားနာပွဲများ ကျင်းပခြင်းနှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များ ပါဝင်သည့် အစီရင်ခံစာပြုစုရန် အစီအစဉ်ရေးဆွဲထားခြင်းတို့အပါအဝင် နိုင်ငံတကာအကောင်းဆုံးကျင့်သုံးမှုအလေ့အထများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဓာတ်ပုံ (၁၀) ပြည်ထောင်စုလွှတ်တော်တွင် ကော်မတီအစည်းအဝေးတစ်ရပ် ပြုလုပ်နေစဉ်



အရင်းအမြစ် – UNDP

များနှင့် ဒုတိယဝန်ကြီးများက တက်ရောက်ခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူများ၏ ၆၂ ရာခိုင်နှုန်းက ဝန်ကြီးဌာန/ဦးစီးဌာန ဝန်ထမ်းများသည် ကော်မတီအစည်းအဝေးများကို တက်ရောက်ကြသည်ဟု ဆိုပါသည်။ သို့သော် ဝန်ကြီးများ တက်ရောက်သည်ဟု ဖြေဆိုသူမှာ ၁၉ ရာခိုင်နှုန်းသာရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ကော်မတီအစည်းအဝေးများသို့ ဝန်ကြီးများ တက်ရောက်မှုမရှိခြင်းအပေါ် အနည်းငယ် စိတ်ပျက်ကြောင်း ဖော်ပြကြပါသည်။ ကော်မတီများအနေဖြင့် ဝန်ကြီးများကို မေးခွန်းများ တိုက်ရိုက်မေးမြန်းခြင်း မပြုနိုင်လျှင် အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်စွမ်းမှာ များစွာ အကန့်အသတ်ရှိသွားပါသည်။ ကော်မတီများသည် ကော်မတီရှေ့မှောက်သို့ လာရောက်ရန်နှင့် မေးခွန်းများ ဖြေကြားပေးရန် သက်သေများကို ခေါ်ယူနိုင်စွမ်း (မဖြစ်မနေ လာရောက်ရန် ဆင့်ခေါ်နိုင်စွမ်း) နည်းပါးခြင်းကိုလည်း များစွာ စိတ်ကျေနပ်မှု မရှိကြောင်း လွှတ်တော် ကိုယ်စားလှယ်အချို့က ပြောပါသည်။

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

ဘိုလီးဗီးယားတွင် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၌ ကော်မတီတိုင်းသည် အပတ်စဉ်ကျင်းပသည့် အစည်းအဝေးများထဲမှ တစ်ခုတွင် လူထုကြားနာပွဲ ပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ဥပဒေကြမ်းတစ်ခုသည် ‘အရေးပေါ်စိစစ်သုံးသပ်ရန်လိုသည်’ သို့မဟုတ် ‘အလွန်အမင်းအရေးကြီးသည်’ ဟု မယူဆလျှင်ပင် ကော်မတီသည် အနည်းဆုံး လူထုကြားနာပွဲတစ်ခုအား အနည်းဆုံး တစ်နာရီ ကျင်းပကာ အကြံပြုချက်များ၊ သဘောထားများကို ရယူရန် တာဝန်ရှိသည်။ ကော်မတီရုံးအဖွဲ့များကလည်း လူထုကြားနာပွဲ အစီအစဉ်များကို လွှတ်တော်ဝက်ဆိုက်နှင့် ရုပ်မြင်သံကြားတို့တွင် ကြေညာအသိပေးရန် တာဝန်ရှိပါသည်။ *(IPU နှင့် UNDP (၂၀၁၂)၊ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ၊ ပြောင်းလဲလာသော လွှတ်တော်ကိုယ်စားပြုရေးတာဝန်၏ သဘာဝ၊ စာမျက်နှာ ၃၄)*

**ပါဝင်ပတ်သက်သူများ၊ ပြည်သူများနှင့် ဆက်သွယ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခြင်း** – ကော်မတီများသည် ကော်မတီလုပ်ငန်းများအတွက် အစီအစဉ်များ၊ အချိန်ဇယားများ ရေးဆွဲခြင်း၊ ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ဆွေးနွေးနိုင်ရန် စီစဉ်ခြင်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သည်ကို တွေ့ရပြီး အချို့ကော်မတီများသည် ပါဝင်ပတ်သက်သူများ၊ နိုင်ငံသားများနှင့် တွေ့ဆုံဆွေးနွေးမှုများ တက်ကြွစွာပြုလုပ်လျက်ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၆၄ ရာခိုင်နှုန်းက အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အစည်းအဝေးများကို တက်ရောက်ကြသည်ဟု ပြောပြပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ (၆၃%) နှင့် နိုင်ငံခြားကိုယ်စားလှယ်အဖွဲ့

များ (၄၂%)ကလည်း ကော်မတီအစည်းအဝေးများကို မကြာခဏ တက်ရောက်ကြပါသည်။ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံသူ လွှတ်တော်ကိုယ်စားလှယ်များမှာ ၄၉ ရာခိုင်နှုန်းရှိပြီး စီးပွားရေးလုပ်ငန်း အသင်းအဖွဲ့များကို ဖိတ်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ၄၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဥပမာ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ဆက်သွယ်ရေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပါသည်။ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် နိုင်ငံခြားငွေလဲနှုန်း၊ ငွေကြေးဈေးကွက်နှင့် ဘတ်ဂျက်များအကြောင်း ဆွေးနွေးရန် ကျွမ်းကျင်ပညာရှင်များနှင့်တွေ့ဆုံပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ၎င်း၏ကော်မတီမှ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားများသမဂ္ဂ၊ အလုပ်ရှင်များသမဂ္ဂနှင့် ငါးလုပ်ငန်းရှင်များ အသင်းတို့ကို ဖိတ်ကြားကာ ကျင်းပခဲ့သော အစည်းအဝေးတစ်ခုအကြောင်း ပြောပြခဲ့ပါသည်။ အခြား လွှတ်တော်ကိုယ်စားလှယ်များကလည်း ကော်မတီများနှင့် ကျွမ်းကျင်ပညာရှင်များကြား ဆက်သွယ်ဆွေးနွေးမှုများ ယခုထက်ပို၍ လုပ်ဆောင်လို စိတ်ရှိကြောင်း ထုတ်ဖော်ပြောကြားကြပါသည်။ သို့သော် မည်သို့လုပ်ဆောင်ရမည်ဆိုသည်ကို သေချာမသိကြပါ။ ယေဘုယျအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့သဘောဖြင့် ကော်မတီများသို့ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ကြားခွင့်မရှိပါ။ ယင်းသည် ခက်ခဲနက်နဲသောမူဝါဒများနှင့် အစိုးရ၏ ဆောင်ရွက်ချက်များကို စိစစ်နိုင်သည့် စွမ်းအားကို အကန့်အသတ်ဖြစ်စေကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောပြပါသည်။

> ကော်မတီတွေကို အဖွဲ့အစည်းတွေနဲ့ လွတ်လပ်စွာတွေ့ခွင့်ပြုမထားပါဘူး။ ပြည်တွင်းအဖွဲ့အစည်းတွေနဲ့ရော၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ပါ လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့် ရချင်ပါတယ်။

ကော်မတီအချို့က လူထုနှင့် ဆက်သွယ်ဆွေးနွေးမှုများရှိသည်ဟု ပြောကြသော်လည်း ယင်းသည် လေ့လာမှုတစ်ခု သို့မဟုတ် မူဝါဒလေ့လာသုံးသပ်မှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် တွေ့ဆုံခြင်းလား ဆိုသည်မှာ ရှင်းလင်းစွာ မသိရပါ။ ကော်မတီတစ်ခုက ၎င်းတို့ကော်မတီ၏လုပ်ငန်းများကို သတင်းစာထဲတွင် ထည့်သွင်းဖော်ပြဖူးသည်ဟု ပြောပါသည်။

**ကွင်းဆင်းလေ့လာမှုများ** – ကော်မတီများသည် လွှတ်တော်အပြင်ဘက်သို့ထွက်ကာ ကွင်းဆင်းလေ့လာမှုများကို ပိုမိုပြုလုပ်လာကြပြီး စစ်တမ်းဖြေဆိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၆၅ ရာခိုင်နှုန်းက ၎င်းတို့၏ ကော်မတီသည် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုပါသည်။ ကွင်း

ဓာတ်ပုံ (၁၁) အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ကွင်းဆင်းလေ့လာနေပုံများ



အရင်းအမြစ် – အမျိုးသားလွှတ်တော်

ပုံ ၁၀ ကော်မတီအစည်းအဝေးများသို့ တက်ရောက်ကြသော ပါဝင်ပတ်သက်သူများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)




ဆင်းစစ်ဆေးမှုများကို အကြိမ်မည်မျှ ပြုလုပ်မည် ဆိုသည်ကို လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်ပြီး ယေဘုယျအားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ပံ့ပိုးမှု သို့မဟုတ် ခွင့်ပြုချက် လိုအပ်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌက ကော်မတီကို ကွင်းဆင်းစစ်ဆေးခွင့်ပြုခဲ့သော်လည်း ထိုကွင်းဆင်းစစ်ဆေးမှုကို တရားဝင်ခရီးစဉ်အဖြစ် မသတ်မှတ်ဘဲ အလွတ်သဘော သွားရောက်သည့် ခရီးစဉ်တစ်ခုအဖြစ်သာ သတ်မှတ်ခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောပြပါသည်။ကွင်းဆင်းသွားရောက်မှုများတွင် အဓိကကျသော ပြဿနာတစ်ခုမှာ ကုန်ကျစရိတ်ဖြစ်ပါသည်။ ကော်မတီများတွင် ခရီးစရိတ်အတွက် ဘတ်ဂျက်မရှိသောကြောင့် ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်နိုင်စွမ်းမှာ အကန့်အသတ်ဖြစ်နေကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြကြပါသည်။

ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ရာတွင် ပုံမှန်အားဖြင့် ရည်ရွယ်ချက်နှစ်မျိုး ရှိပါသည်။ တစ်မျိုးမှာ အစိုးရသည် ၎င်း၏ ကတိကဝတ်များကို မည်သည့်အတိုင်းအတာအထိ အကောင်အထည်ဖော်နေကြောင်း စစ်ဆေးရန် ကွင်းဆင်းခြင်းဖြစ်ပြီး နောက်တစ်မျိုးမှာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်၊ သက်သေအထောက်အထားများ စုဆောင်းရန် ကွင်းဆင်းခြင်းဖြစ်ပါသည်။ ဥပမာ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီသည် ရမည်းသင်း အကျဉ်းထောင်သို့ သွားရောက်လေ့လာခဲ့ပါသည်။ကော်မတီဝင်များသည် အကျဉ်းထောင်တွင်း အခွင့်အရေးချိုးဖောက်မှုများကို လေ့လာခဲ့ပြီး ထိုပြဿနာကို လွှတ်တော်တွင် ကိုင်တွယ်ဖြေရှင်းပေးရန် ကြိုးပမ်းခဲ့ပါသည်။ တိုင်းရင်းသားရေးရာ ကော်မတီသည် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ စခန်း ၂၁ ခုသို့ သွားရောက်ခဲ့သလို တိုင်းရင်းသားလူနည်းစုအုပ်စုများ၊ အဖွဲ့အစည်းများကိုလည်း လွှတ်တော်တွင် လက်ခံတွေ့ဆုံခဲ့ပါသည်။

**အစီရင်ခံတင်ပြခြင်း** – လွှတ်တော်ကော်မတီများသည် များသောအားဖြင့် လွှတ်တော် သို့မဟုတ် အစိုးရသို့ ပေးအပ်သော အကြံပြုချက်များအပါအဝင် ၎င်းတို့ လေ့လာခဲ့သည့် ကိစ္စရပ်များကို လွှတ်တော်အစည်းအဝေးတွင် နှုတ်ဖြင့်ဖြစ်စေ၊ အစီရင်ခံစာများ ရေးသား၍ဖြစ်စေ တင်ပြလေ့ ရှိပါသည်။ ကော်မတီအစီရင်ခံစာများကို လွှတ်တော်သို့ တင်ပြသော်လည်း ကော်မတီများကြားတွင် အစီရင်ခံစာများကို အချိန်ဇယားရေးဆွဲ၍ ရေးသားတင်ပြမှုများမှာ တစ်ပြေးညီ မရှိဘဲ ကွဲပြားခြားနားနေပါသည်။ ဝန်ထမ်းများ၏ အစီရင်ခံစာများ ပြုစုထုတ်ပြန်ပေးနိုင်မှုစွမ်းရည်သည်လည်း အဟန့်အတားတစ်ခုဖြစ်နိုင်ပါသည်။

| | အစဉ်အမြဲ (ဖြေကြားသည့် လွှတ်တော် ကိုယ်စားလှယ် % ဖြင့်) | အများအားဖြင့် (ဖြေကြားသည့် လွှတ်တော် ကိုယ်စားလှယ် % ဖြင့်) | ရံဖန်ရံခါမျှသာ (ဖြေကြားသည့် လွှတ်တော် ကိုယ်စားလှယ် % ဖြင့်) | မည်သည့်အခါမျှ (ဖြေကြားသည့် လွှတ်တော် ကိုယ်စားလှယ် % ဖြင့်) |
|---|---|---|---|---|
| လူကြီးမင်း၏ကော်မတီသည် တစ်နှစ်တာ အစီရင်ခံစာများအပြင် ကော်မတီ၏ လက်ရှိ လုပ်ဆောင်နေသော ကိစ္စရပ်များအား အစီရင်ခံစာ ရေးသားပါသလား။ | ၇၁% | ၉% | ၅% | ၁၄% |
| ကော်မတီအစီရင်ခံစာများအား လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် များအားလုံးသို့ ဖတ်ကြားတင်ပြပါသလား။ | ၄၀% | ၁၆% | ၁၅% | ၂၉% |
| လွှတ်တော်အစည်းအဝေးတွင် ပေးပို့ တင်ပြသော ကော်မတီအစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးကြပါသလား။ | ၆၂% | ၁၃% | ၁၂% | ၁၃% |
| ကော်မတီအစီရင်ခံစာများအား on-line မှ ထုတ်ပြန်ပါသလား။ သို့မဟုတ် အများပြည်သူ လွယ်လင့်တကူ သိရှိနိုင်ရန် ဆောင်ရွက်ထားပါသလား။ | ၅၂% | ၂၀% | ၁၁% | ၁၈% |
| ကော်မတီအစီရင်ခံစာများတွင် အစိုးရအတွက် အကြံပြုချက်များ ပါဝင်ပါသလား။ | ၁၂% | ၆% | ၁၅% | ၆၇% |
| အစိုးရအနေဖြင့် ကော်မတီအစီရင်ခံစာများ အပေါ် ပြန်လည်တုန့်ပြန်မှု ရှိပါသလား။ (ကော်မတီသို့ လူကိုယ်တိုင်လာ၍သော် လည်းကောင်း(သို့)စာဖြင့်သော်လည်းကောင်း) | ၃၇% | ၂၇% | ၁၅% | ၂၁% |
| အစီရင်ခံစာရေးသားရာတွင် ကော်မတီ ဝန်ထမ်းများက ကူညီပံ့ပိုးပေးပါသလား။ | ၁၄% | ၁၇% | ၂၁% | ၄၇% |

ကော်မတီဝန်ထမ်းများသည် အစီရင်ခံစာများကို ရေးသားပြုစုခဲ့သည် သို့မဟုတ် မည်သည့်အခါမျှ ရေးသားပြုစုခဲ့ခြင်းမရှိဟု ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ၆၈ ရာခိုင်နှုန်းရှိပါသည်။ သို့သော် ကော်မတီဝန်ထမ်းများသည် ကော်မတီများအတွက် သုတေသနဆိုင်ရာ ပံ့ပိုးကူညီမှုအချို့ကို ပေးခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ် ၉၀ ရာခိုင်နှုန်းက ပြောပြပါသည်။

ကော်မတီများအားလုံးသည် တစ်နှစ်တစ်ကြိမ် လွှတ်တော်သို့ အစီရင်ခံရပါသည်။ သို့သော် ကော်မတီတိုင်းတွင် တစ်နှစ်တာအတွက် နှစ်စဉ်လုပ်ငန်းအစီအစဉ်များ မရှိကြပါ။ အမျိုးသားလွှတ်တော်တွင် ကော်မတီများသည် လွှတ်တော်အစည်းအဝေးသို့ အစီရင်ခံပါသည်။ ပြည်သူ့လွှတ်တော်တွင် ကော်မတီအစီရင်ခံစာများကို ဥပဒေကြမ်းကော်မတီမှ စိစစ်၍ လွှတ်တော်အစည်းအဝေးသို့ တင်ပြခြင်းများ ရှိကောင်းမှရှိမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၄၀ ရာခိုင်နှုန်းက ၎င်းတို့ကော်မတီ၏ အစီရင်ခံစာများကို လွှတ်တော်အစည်းအဝေးတွင် အစဉ်အမြဲ တင်ပြသည်ဟု ဆိုပြီး ၂၉ ရာခိုင်နှုန်းကမူ မည်သည့်အခါမျှ တင်ပြခြင်းမရှိခဲ့ဟု ဆိုပါသည်။သို့သော် အစီရင်ခံစာများတွင် အစိုးရအတွက် အကြံပြုချက်များ ပြုထားခြင်းမရှိဟု ဖြေကြားသူ လွှတ်တော်ကိုယ်စားလှယ်များမှာ ၆၇ ရာခိုင်နှုန်း ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ‘လွှတ်တော်အစည်းအဝေးမှာ ကော်မတီ အစီရင်ခံစာများကို ဆွေးနွေးရန်အချိန် အလုံအလောက် မရှိကြောင်း’ ကိုလည်း ပြောပြပါသည်။ ကော်မတီများအား ၎င်းတို့ ကိုင်တွယ်ဖြေရှင်းနေသည့်ကိစ္စများကို လွှတ်တော်အစည်းအဝေးသို့ တင်ပြခွင့်ပြု

ခြင်းနှင့် တင်ပြပြီး နောက်တွင် ဝိုင်းဝန်းဆွေးနွေးခွင့်ပေးခြင်း သည်လည်း လွှတ်တော်အစည်းအဝေးများတွင် ပိုမိုသက်ဝင် လှုပ်ရှား တက်ကြွသည့် ဆွေးနွေးမှုများကို ဖြစ်ပေါ်စေမည့် နည်းလမ်းတစ်ခုဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့်လည်း အမျိုးသားမူဝါဒကိစ္စများအား ပွင့်လင်းစွာ ဆွေးနွေး နိုင်သည့် အခွင့်အလမ်းကို ရရှိနိုင်မည် ဖြစ်ပါသည်။

## ပထမအကြိမ်လွှတ်တော်နှင့်မတူ ပြောင်းလဲလာမှုကို လေ့လာခြင်း

ပထမအကြိမ်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များကို စစ်တမ်းကောက်ယူခဲ့စဉ်က လွှတ်တော်ကိုယ်စားလှယ်များက ကော်မတီများရှိ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်မှု၊ ပွင့်လင်းမြင်သာရှိမှုအတိုင်းအတာအပေါ် စိတ်ကျေနပ်မှု မရှိကြောင်း ထုတ်ဖော်ပြောပြကြပါသည်။ စစ်တမ်းတွင် ကော်မတီများသည် နိုင်ငံသားများနှင့် ထိတွေ့ဆက်သွယ်မှု မရှိကြောင်း၊ ကော်မတီလုပ်ငန်းများတွင် အထောက်အကူရရှိစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်း၊ မူဝါဒဆိုင်ရာ ကျွမ်းကျင်သူများ၊ ပါဝင်ပတ် သက်သူများကို ဖိတ်ကြားခြင်းများ မရှိကြောင်းတွေ့ရပါသည်။ ဒုတိယအကြိမ်လွှတ်တော်တွင် ကော်မတီစနစ်သည် ပို၍ပွင့်လင်းလာပြီး အချို့ကော်မတီများသည် ပါဝင်ပတ်သက်သူများနှင့် အလွန်တက်ကြွစွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နေကြပါသည်။ ပထမအကြိမ်စစ်တမ်းတွင်လည်း ကော်မတီများ၏ ဆွေးနွေးသုံးသပ်မှုများနှင့် အစီရင်ခံစာများကို အများပြည်သူ သိရှိရန် ထုတ်ပြန်ခြင်းမရှိဟု သိရပါသည်။ ဒုတိယအကြိမ်လွှတ်တော်တွင် ဤအပိုင်းနှင့် စပ်လျဉ်း၍ တိုးတက်မှုများရှိပြီး လွှတ်တော်ကိုယ်စားလှယ် များ၏ ၇၂ ရာခိုင်နှုန်းက ၎င်းတို့ကော်မတီ၏ အစီရင်ခံများကို အများပြည်သူ လေ့လာဖတ်ရှုခွင့်ရအောင် အစဉ်အမြဲ သို့မဟုတ် အများအားဖြင့် ပြုလုပ်ပေးသည်ဟု ဆိုပါသည်။

# ၆။ မဲဆန္ဒနယ်မြေဆိုင်ရာ လုပ်ငန်းများ

မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် မဲဆန္ဒနယ်မြေဆိုင်ရာ လုပ်ငန်းများသည် အလွန်အရေးပါသော လုပ်ငန်းများ ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒနယ်မြေများတွင်ရော၊ မဲဆန္ဒနယ်မြေများအတွက်ပါ အလွန်ပင် ကြိုးစားလုပ်ဆောင်ကြပြီး ယင်းသည် ၎င်းတို့၏ ကိုယ်စားပြုရေးတာဝန်တွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ရှုမြင်ကြပါသည်။ လွှတ်တော် ကိုယ်စားလှယ် အများအပြားအား လွှတ်တော် တွင်းသို့ ဝင်ရောက်လာရန် စေ့ဆော်ပေးခဲ့သည့် အဓိက အကြောင်းမှာ ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုရန်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဘဝ ပိုမိုတိုးတက်အောင် လုပ်ဆောင်ပေးရန်ဖြစ်ပါသည်။ ဤရည်ရွယ်ချက်ကို ပြည့်မြောက်အောင် စွမ်းဆောင်နိုင်ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များအဖို့ အထူးပင် ကျေနပ်အားရဖွယ်ရာ ဖြစ်ပါသည်။

“လွှတ်တော်မှာ အစိုးရဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ သောက်ရေနဲ့ လျှပ်စစ်၊ စတာတွေအတွက် ပြောင်းလဲတိုးတက်မှုတွေ ရရှိအောင် ဆောင်ရွက်ပါတယ် – ခုချိန်အထိ ကျောင်းပေါင်း ၂၀ အသစ်ဆောက်လုပ်ပြီးသွားပါပြီ။

ကျွန်တော့်မဲဆန္ဒနယ်က သတ်မှတ်ချက်တွေနဲ့ မကိုက်ညီလို့ တွဲဖက်အလယ်တန်းကျောင်းတစ်ခုကို အလယ်တန်း ကျောင်းအဖြစ် အဆင့်မြှင့်တင်နိုင်ခြင်း မရှိခဲ့တာ ၂၅ နှစ် ကြာပါတယ်။ အခု ကျွန်တော်က ပညာရေးဝန်ကြီးဌာနကို မြို့နယ်က အချက်အလက်တွေနဲ့အတူ စာရေးပြီး တောင်းဆိုခဲ့တဲ့အခါမှာ အလယ်တန်းကျောင်းအဖြစ်နဲ့ အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

စစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၆၀ ရာခိုင်နှုန်းက ၎င်းတို့၏ အချိန်ထက်ဝက်ကျော်ကို မဲဆန္ဒနယ်မြေဆိုင်ရာလုပ်ငန်းများအတွက် အသုံးပြုကြောင်း ပြောပြသည့်အတွက် ထိုလုပ်ငန်းများအပေါ် အလေးထားဆောင်ရွက်ကြကြောင်း သိသာထင်ရှားနေပါသည်။ လွှတ်တော်ပြက္ခဒိန် ထုတ်ဝေနိုင်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက ဝမ်းသာအားရ ကြိုဆိုခဲ့ကြပါသည်။ လွှတ်တော်ပြက္ခဒိန်ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည်လွှတ်တော်နားချိန်အတွက် အစီအစဉ်များကို ရေးဆွဲနိုင်ကြပြီ ဖြစ်ပါသည်။ အချို့မဲဆန္ဒနယ်မြေများသည် အလွန်ကြီးမားပြီး ရွာပေါင်းရာချီရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များအဖို့ မဲဆန္ဒရှင် ပြည်သူများနှင့်တွေ့ဆုံနိုင်ရန် ကြိုတင်အစီအစဉ်ရေးဆွဲထားနိုင်ရေးသည် အလွန်တရာ အရေးကြီးပါသည်။ သို့သော် ဝေးလံခေါင်ဖျားဒေသများမှ လွှတ်တော်ကိုယ်စားလှယ်အချို့အတွက် လွှတ်တော် နားချိန် တိုတောင်းလွန်းခြင်းကြောင့် အဆင်မပြေမှုများ ရှိနေဆဲ ဖြစ်ပါသည်။

ပုံ ၁၁ မဲဆန္ဒနယ်မြေဆိုင်ရာ တာဝန်များအတွက် အသုံးပြုသော အချိန်အချိုးအစား (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)



လွှတ်တော်ကိုယ်စားလှယ်များသည်၎င်းတို့၏အချိန်အများစုကို မဲဆန္ဒနယ်မြေများတွင် ကုန်ဆုံးကြပြီး ကျေးရွာ/ရပ်ကွက် အမျိုးမျိုးရှိ ပြည်သူများနှင့် တွေ့ဆုံပါသည်။ ဖြေဆိုသူများ၏ ၅၆ ရာခိုင်နှုန်းက ယင်းအတွက် အချိန်ကို အများဆုံး အသုံးပြုကြောင်း ပြောပြပါသည်။ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ အချိန်အများစုကို မဲဆန္ဒနယ်မြေအတွင်း ခရီးသွားလာခြင်းများအတွက် အသုံးပြုကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၉၆ ရာခိုင်နှုန်းသည် ကျေးရွာ/ရပ်ကွက်များသို့ သွားရောက်ကြပြီး ၆၈ ရာခိုင်နှုန်းကမူ ရုံးတစ်ရုံး သို့မဟုတ် နေရာတစ်နေရာတွင် မဲဆန္ဒရှင်များကို ဖိတ်ကြား၍ တွေ့ဆုံပါသည်။ ပြည်သူများနှင့် တွေ့ဆုံခြင်းအပြင် ၈၈ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များက မဲဆန္ဒနယ်မြေများသို့ သွားရောက်စဉ်အတွင်း ဒေသခံအာဏာပိုင်များနှင့်လည်း တွေ့ဆုံကြောင်း ပြောပြပါသည်။ သို့သော် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံသည့် လွှတ်တော်ကိုယ်စားလှယ်ရာခိုင်နှုန်းမှာ ပိုမို နည်းပါးပါသည် (၅၆ ရာခိုင်နှုန်း)။

ယေဘုယျအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒနယ်မြေမှ ကိစ္စများကို တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းရန်သော်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ထမ်းဆောင်နေသော ၎င်းတို့၏ တာဝန်များမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ၏ ပိုမိုကျယ်ပြန့်သော ကဏ္ဍအသီးသီးမှ လိုအပ်ချက်များ၊ ဥပဒေဆိုင်ရာ လိုအပ်ချက်များကို ကိုယ်စားပြုနိုင်ရန်သော်လည်းကောင်း ဆောင်ရွက်ကြပါသည်။

## ပထမအကြိမ်လွှတ်တော်နှင့်မတူ ပြောင်းလဲလာမှုကို လေ့လာခြင်း

ပထမအကြိမ်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ကိုယ်စားလှယ်များအဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များအားလုံးကို ကျွမ်းကျင်စွာ ထမ်းဆောင်ရန် လက်တွေ့တွင် မဖြစ်နိုင်ကြောင်း၊ ဥပဒေပြုရေးတာဝန်ကို အဓိကထား ထမ်းဆောင်သောအခါ အခြားတာဝန်များ၊ အထူးသဖြင့် ကိုယ်စားပြုရေးတာဝန်အား ထမ်းဆောင်နိုင်စွမ်းအပေါ် များစွာ ထိခိုက်ကြောင်း ပြောပြကြပါသည်။ နေပြည်တော်တွင် အချိန်များစွာ ကုန်ဆုံးရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်အများ အပြားမှာ မဲဆန္ဒရှင် ပြည်သူများနှင့် ထိရောက်စွာ ဆက်သွယ်ရန်နှင့် မဲဆန္ဒနယ်မြေများတွင် လုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲစေပြီး အချို့လွှတ်တော်ကိုယ်စားလှယ်များအတွက်မူ လုံးဝနီးပါး မဖြစ်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ သို့သော် လွှတ်တော်ပြက္ခဒိန်ရှိလာသောအခါ ထိုပြဿနာ မရှိတော့ပါ။ လွှတ်တော်ပြက္ခဒိန်သည် လွှတ်တော် ကိုယ်စားလှယ်များအား ကိုယ်စားပြုရေးတာဝန်ကို ထမ်းဆောင်နိုင်အောင် အဓိကပံ့ပိုးကူညီပေးသည့် ဆန်းသစ်တီထွင်မှုတစ်ခုပင် ဖြစ်ပါသည်။

ဓာတ်ပုံ (၁၂) လွှတ်တော်ကိုယ်စားလှယ်များ တနင်္သာရီတိုင်းဒေသကြီးတွင် ကွင်းဆင်းကြည့်ရှုနေစဉ်




အရင်းအမြစ် – အမျိုးသားလွှတ်တော်

## ၆-၁။ မဲဆန္ဒနယ်မြေမှ ကိစ္စများကို တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းခြင်း

စစ်တမ်းကောက်ယူခဲ့သော လွှတ်တော်ကိုယ်စားလှယ် အများအပြားက များသောအားဖြင့် ၎င်းတို့၏ မဲဆန္ဒရှင် ပြည်သူများမှ တင်ပြလာသော ကိစ္စများကို ဖြေရှင်းပေးရန် တိုက်ရိုက်အရေးယူဆောင်ရွက်လေ့ရှိကြောင်း ပြောပြကြပြီး ၎င်းတို့သည် ပြဿနာ တစ်ခုချင်းစီကို ကိုင်တွယ်ဖြေရှင်းရန် အာရုံစိုက်၍ မဲဆန္ဒရှင်ပြည်သူများထံမှ တောင်းခံလာမှသာ တုံ့ပြန်ဆောင်ရွက်ကြပါသည်။

> အခုအထိတော့ လွှတ်တော်အစည်းအဝေးမှာ ကျွန်တော် မေးခွန်း မမေးဖူးသေးပါဘူး။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေက ဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းဖို့ ပြည်နယ်အစိုးရနဲ့ တိုက်ရိုက်ဆက်သွယ်ဆွေးနွေးပါတယ်။ ဒီပြဿနာတွေကို ဒေသန္တရအဆင့်မှာပဲ ကျွန်တော် ဖြေရှင်းနိုင်တဲ့အတွက် လွှတ်တော်ကို ယူလာစရာ မလိုပါဘူး။

လွှတ်တော်ကိုယ်စားလှယ်များသည် လူထုတွေ့ဆုံပွဲများ သို့မဟုတ် အစည်းအဝေးများကို မဲဆန္ဒနယ်မြေများတွင် မကြာခဏ ကျင်းပပေးပြီး ထိုပွဲများတွင် မဲဆန္ဒရှင်ပြည်သူများ၏ ပြဿနာများ၊ နစ်နာဆုံးရှုံးမှုများအတွက် အချက်အလက်များကို စုဆောင်းပါသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များသည် တိုင်ကြားမှုများ/ အခက်အခဲများကို ချက်ချင်းတုံ့ပြန်ဖြေရှင်းပေးရန် ကြိုးပမ်းပါသည်။ ပြည်နယ်အစိုးရ သို့မဟုတ် ဝန်ကြီးဌာနများမှ အစိုးရအရာရှိများနှင့် ဆက်သွယ်ညှိနှိုင်းခြင်း၊ လွှတ်တော်တွင် မဲဆန္ဒနယ်မြေနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းခြင်းများအပါအဝင် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု၍ ဖြေရှင်းကြခြင်းဖြစ်သည်။ မဲဆန္ဒနယ်မြေများတွင် မြေယာကိစ္စများကို ကြီးမားသော ပြဿနာများအဖြစ် တွေ့ရပါသည်။

> လိုအပ်ရင် ကျွန်မက ဝန်ကြီးတွေဆီကို မဲဆန္ဒရှင်တွေရှေ့မှာပဲ ချက်ချင်းဖုန်းဆက်ပါတယ်။ အစိုးရအရာရှိတွေက ပြဿနာကို သူတို့ ဖြေရှင်းပေးနိုင်ရန် ချက်ချင်းဖြေရှင်းပေးပါတယ်။
>
> ပြည်သူတွေနဲ့ တစ်ရပ်ကွက်ပြီးတစ်ရပ်ကွက် တွေ့ဆုံပါတယ်။ သူတို့ရဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်အောင် အစိုးရဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပေးပါတယ်။ ကိစ္စအတော်များများက မြေပြင်မှာပဲ ဖြေရှင်းပေးနိုင်တဲ့အတွက် ကြယ်ပွင့်ပြ မေးခွန်းတွေကို မမေးဖြစ်ပါဘူး။ လိုအပ်ရင် ဝန်ကြီးတွေနဲ့ရော၊ ဝန်ကြီးချုပ်နဲ့ရော တွေ့ပါတယ်။
>
> တစ်ခါတစ်လေ ဝန်ကြီးဌာနကို တိုက်ရိုက် စာရေးပါတယ်။ တစ်ခါတစ်လေတော့ လွှတ်တော်မှာ မေးခွန်းမေးပါတယ်။

ရံဖန်ရံခါတွင် ပြည်သူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် အစိုးရ၏ အခြားသော မဏ္ဍိုင်များ သို့မဟုတ် ဒေသခံအာဏာပိုင်များနှင့် ပို၍ သက်ဆိုင်သော ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များ ဖြစ်နေတတ်ပါသည်။

> ကျန်းမာရေးမကောင်းတဲ့ နိုင်ငံ့ဝန်ထမ်းအချို့ကို သူတို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်လိုတဲ့ နေရာဒေသကို သွားရောက်နိုင်အောင် ကျွန်တော် ကူညီပေးခဲ့ပါတယ်။

အချို့လွှတ်တော်ကိုယ်စားလှယ်များက မြေပြင်ပေါ်ရှိပြဿနာများကို တိုက်ရိုက် ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အစိုးရအရာရှိများအား ၎င်းတို့၏ မဲဆန္ဒနယ်မြေများသို့ ခေါ်ဆောင်သွားကြပါသည်။ ပြဿနာဖြေရှင်းရာတွင် အဖွဲ့အစည်းပေါင်းစုံ၊ အဆင့်စုံပါဝင်၍ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းကို အသုံးပြုခြင်းအား ကျယ်ကျယ်ပြန့်ပြန့် မတွေ့ရသော်လည်း လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေမှ ကိစ္စများကို ဒေသန္တရအဆင့်တွင် ကိုင်တွယ်ဖြေရှင်းနိုင်မည့်၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းအမျိုးမျိုးကို တဖြည်းဖြည်းချင်း လုပ်ဆောင်လာသည့်လက္ခဏာများကို တွေ့ရှိရပါသည်။ အချို့ လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ မဲဆန္ဒနယ်မြေတွင် ကြုံတွေ့နေရသည့်ကိစ္စများနှင့် ပြဿနာများကို ဖြေရှင်းရန်အတွက် နှစ်စဉ်စီမံကိန်းရေးဆွဲမှု လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်း အပါအဝင် မြို့နယ်အာဏာပိုင်များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ကြကြောင်း ပြောပြပါသည်။ မြို့နယ်အာဏာပိုင်များက ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းများကို ပြောပြကြသည့် လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိပါသည်။

မဲဆန္ဒရှင်ပြည်သူများ၏ မျှော်လင့်ချက်များကို စီမံခန့်ခွဲရန် ခက်ခက်ခဲခဲ ကြိုးပမ်းရကြောင်း ပြောပြသည့် လွှတ်တော်ကိုယ်စားလှယ် အများအပြား ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏ တာဝန်များအားလုံးကို

ထိရောက်စွာ ထမ်းဆောင်နိုင်ရေးအတွက် ပြည်သူများတွင် လွှတ်တော်အကြောင်းနှင့် အာဏာခွဲဝေအုပ်ချုပ်ခြင်းအကြောင်း ပိုမိုနားလည်သိရှိလာဖို့ လိုအပ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ဆိုပါသည်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက မဲဆန္ဒနယ်မြေမှ ကိစ္စအများအပြားသည် ဥပဒေပြောင်းလဲရန် တောင်းဆိုခြင်းများ မဟုတ်ဘဲ သာမန် စုံစမ်းမေးမြန်းမှုနှင့် တိုင်ကြားမှုများသာ ဖြစ်သည်ဟု ဆိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်တွေမှာ စိန်ခေါ်မှုတွေ အများကြီး ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ တိုက်ရိုက် ဝန်ဆောင်မှုပေးနေတဲ့သူတွေ မဟုတ်ပါဘူး။ အစိုးရနဲ့ ပြည်သူကြားက ပေါင်းကူးတွေသာ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြည်သူတွေက လက်ရှိ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံရေး အခင်းအကျင်းကို သိပ်ပြီး နားမလည်ကြပါဘူး။ သူတို့က အရာရာအတွက် လွှတ်တော်ကိုယ်စားလှယ်တွေအပေါ် အားကိုးလွန်းကြတယ်။သူတို့မှာ ဘာကိစ္စပဲ ကြုံကြုံ အဲဒါ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ပဲလို့ ယူဆပြီး လွှတ်တော်ကိုယ်စားလှယ်တွေကို ဝေဖန်အပြစ်တင်ကြပါတယ်။ ပြည်သူတွေက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အစိုးရရဲ့ အခန်းကဏ္ဍနဲ့ တာဝန်တွေကို နားမလည်တာဟာ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ခက်ခဲစေပါတယ်။ ဖြစ်နိုင်ရင် ပြည်သူတွေကို လွှတ်တော်ကိုယ်စားလှယ်တွေသာမက အစိုးရရဲ့ တခြားမဏ္ဍိုင်တွေရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေအကြောင်း၊ နိုင်ငံသားတွေရဲ့ တာဝန်တွေအကြောင်း ပညာပေးသင့်ပါတယ်။ အာဏာခွဲဝေအုပ်ချုပ်ခြင်းအကြောင်း ပိုသိလာအောင် လုပ်ပေးသင့်ပါတယ်။ အဲဒါဆိုရင် အများကြီး အထောက်အကူ ဖြစ်ပါလိမ့်မယ်။

ဤသည်မှာ တွေ့ကြုံရလေ့ရှိသော အခြေအနေတစ်ခု ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အသွင်ကူးပြောင်းနေသော နိုင်ငံများမှ လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် ပြည်သူများ၏ မျှော်လင့်ချက်နှင့်စပ်လျဉ်းသော အလားတူပြဿနာကို ကြုံတွေ့ကြရပါသည်။

## ၆–၂။ လွှတ်တော်ဆိုင်ရာ တာဝန်များမှ တစ်ဆင့် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ကိုယ်စားပြုဆောင်ရွက်ပေးခြင်း

ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များက အစိုးရမူဝါဒများကို စောင့်ကြည့်ထိန်းကျောင်းခြင်းဖြင့် ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများအပေါ် သက်ရောက်မှုရှိပြီး နိုင်ငံအတွက်လည်း အရေးကြီးသည့် စနစ်ပိုင်းဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်အောင် ကူညီပေးရန် အရေးကြီးပုံကို ပြောပြကြပါသည်။ သို့သော် မဲဆန္ဒနယ်မြေဆိုင်ရာလုပ်ငန်းများနှင့် လွှတ်တော်၏ ကိုယ်စားပြုရေး တာဝန်တို့အား ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တိုင်း သတိပြုမိခြင်းမရှိဘဲ မဲဆန္ဒနယ်မြေအလုပ်များနှင့် လွှတ်တော်အလုပ်များကြား ချိတ်ဆက်မှုများ သို့မဟုတ် ကွဲပြားမှုများကို တိတိကျကျ ပြောပြနိုင်သော လွှတ်တော်ကိုယ်စားလှယ်များမှာ အနည်းစုသာ ရှိပါသည်။

> ကျွန်မ မေးခွန်းမမေးပါဘူး။ အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) က လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုင်းဒေသကြီး လွှတ်တော်က လွှတ်တော်ကိုယ်စားလှယ် တွေကိုပဲ မေးခွန်းပေးမေးထားပါတယ်။ အဲဒါက ဥပဒေရဲ့ အားနည်းချက်ကြောင့်ပါပဲ။ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုင်းဒေသကြီးအဆင့် လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လုပ်ငန်းတာဝန်တွေက အတူတူပဲ။ မြေပြင်မှာကျတော့ overlapping ဖြစ်နေတယ်။ ကျွန်မအနေနဲ့ ပြည်ထောင်စုလွှတ်တော်အလုပ်နဲ့ ကော်မတီအလုပ်တွေကို ပိုပြီးအာရုံစိုက်သင့်တယ်လို့ ထင်တယ်။ ကျွန်မ အရာရာတိုင်းကို လိုက်မလုပ်နိုင်ဘူး။ ကျွန်မက စောင့်ကြည့် ထိန်းညှိတာကို လုပ်ချင်တယ်။ လွှတ်တော်ကိုယ်စားလှယ် အများစုက အဲဒါကို မလုပ်ကြဘူး။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများထံမှ တင်ပြလာသော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အသုံးအများဆုံးနည်းလမ်းမှာ ခရိုင် သို့မဟုတ် မြို့နယ်အာဏာပိုင်များနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ (လွှတ်တော်ကိုယ်စားလှယ်များ၏ ၉၁ ရာခိုင်နှုန်းက ဤနည်းစနစ်ကို အသုံးပြုကြပြီး ဤသည်မှာ အသုံးအများဆုံးနည်းစနစ်ဖြစ်ကြောင်း ပြောကြားသူ လွှတ်တော်ကိုယ်စားလှယ်မှာ ၃၄ ရာခိုင်နှုန်း ရှိပါသည်)။ ထိုကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန် လွှဲပြောင်းပေးသည့် လွှတ်တော်ကိုယ်စားလှယ်များမှ ၅၃ ရာခိုင်နှုန်း ရှိပြီး ၅၄ ရာခိုင်နှုန်းကမူ ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်များကို တိုက်ရိုက်ချမှတ်ပြီး ဒေသခံအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်သည်ဟု ဆိုပါသည်။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရ (လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်း) နှင့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ (၇၅ ရာခိုင်နှုန်း) တိုက်ရိုက်တွန်းအားပေး အကြံပြုဆွေးနွေးခြင်း နည်းစနစ်ကိုလည်း အသုံးများပါသည်။

မဲဆန္ဒနယ်မြေများ၏ကိစ္စများကို ဖြေရှင်းရန် လွှတ်တော်သို့ ယူဆောင်လာရသော အခါများတွင် လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးခြင်းကို အလွန်တက်ကြွစွာ လုပ်ဆောင်ကြပါသည် (လွှတ်တော်ကိုယ်စားလှယ်များ၏ ၈၁ ရာခိုင်နှုန်းက ဤနည်းစနစ်ကို အသုံးပြု

ပုံ ၁၂ မဲဆန္ဒရှင်ပြည်သူများမှ တင်ပြလာသော ကိစ္စရပ်များအတွက် နောက်ဆက်တွဲဆက်လက်လုပ်ဆောင်ရန် လွှတ်တော်ကိုယ်စားလှယ်များ အသုံးအများဆုံး နည်းလမ်းများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ %)




ကြပြီး ဤနည်းစနစ်ကို အသုံးအများဆုံးအဖြစ် ပြောသည့် လွှတ်တော်ကိုယ်စားလှယ်မှာ ၃၅ ရာခိုင်နှုန်း ရှိသည်)။ ယင်းသည် မဲဆန္ဒရှင်ပြည်သူများ၏ ကိစ္စများကို ဆောင်ရွက်ရာတွင် အသုံးအများဆုံး နည်းစနစ်ဖြစ်ကြောင်း ဖြေကြားသူ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အချိုးအစားအနည်းငယ် ပိုမိုမြင့်မားပါသည် (၃၆ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများတွင် ၂၄ ရာခိုင်နှုန်းသာရှိခြင်းနှင့် နှိုင်းယှဉ်နိုင်သည်)။ လွှတ်တော် ကိုယ်စားလှယ်များ၏ ၄၇ ရာခိုင်နှုန်းသည် မဲဆန္ဒရှင်များ၏ ကိစ္စများကို ၎င်းတို့၏ ကော်မတီများတွင် တင်ပြဆွေးနွေး ဆောင်ရွက်ပြီး ၅၀ ရာခိုင်နှုန်းမှာမူ အခြားကော်မတီများသို့ ဆက်သွယ် စုံစမ်း မေးမြန်းပါသည်။

မဲဆန္ဒနယ်မြေလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များသည် ပုံမှန်အားဖြင့် မဲဆန္ဒနယ်မြေ၏ ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးရေးကိစ္စနှင့် ကဏ္ဍအသီးသီး၏ကိစ္စရပ်များတွင် တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နိုင်ရန် အာရုံစိုက်လေ့ရှိကြပြီး လွှတ်တော်အစည်းအဝေးများနှင့် ကော်မတီများတွင် စနစ်တစ်ခုလုံးနှင့်ဆိုင်သော ကိစ္စများကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းဖြင့် ဆောင်ရွက်လေ့ရှိကြပါသည်။ ဤနည်းဖြင့် လွှတ်တော်သည် အမျိုးသားအကျိုးစီးပွားအတွက်ကိုသာမက လွှတ်တော် ကိုယ်စားလှယ်တစ်ဦး၏ မဲဆန္ဒနယ်မြေမှ သီးခြား လိုအပ်ချက်များနှင့် အကျိုးစီးပွားများအတွက်ပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးနိုင်သည့် နေရာတစ်ခု ဖြစ်လာစေပါသည်။

> "လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခါစက ကျွန်တော့် မြို့နယ်က ပြဿနာတစ်ခုနဲ့ ပတ်သက်ပြီး မေးခွန်းတစ်ခု မေးခဲ့ပါ တယ်။ အဲဒီပြဿနာက တခြားနေရာတွေမှာလည်း ဖြစ်နေတဲ့ပြဿနာပါ။ အဲဒါက အစိုးရကနေ မြေငှားစာချုပ်တွေနဲ့ မြေဂရန်တွေ ထုတ်ပေးတဲ့ ကိစ္စပါ။
>
> မဲဆန္ဒနယ်မြေက ကိစ္စတွေက အသေးအဖွဲ ကိစ္စတွေပါ။ ပြည်ထောင်စုအဆင့်အတွက်တော့ အားလုံးကို ခြုံပြီး ကြည့်ဖို့ လိုအပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ဤနည်းဖြင့် ကိုယ်စားပြုနိုင်ဖို့ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏ အကျိုးစီးပွားနှင့်စပ်လျဉ်းသည့် ကျယ်ပြန့်သော အရေးကိစ္စများကို သတ်မှတ်ဖော်ထုတ်ကာ ဦးစားပေးအစီအစဉ် ချမှတ်နိုင်စွမ်း ရှိသင့်ပါသည်။ ထို့နောက် မိမိ၏မဲဆန္ဒရှင်ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒရည်မှန်းချက်များ ပြည့်မီရေးအတွက် များသောအားဖြင့် တူညီသော မူဝါဒရည်မှန်းချက်များရှိသည့် အခြားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ မိမိတို့၏လွှတ်တော်တွင် ထမ်းဆောင်ရသော လုပ်ငန်းများကို အကျိုးရှိရှိ အသုံးပြု၍ မဟာဗျူဟာကျကျ ဆောင်ရွက်နိုင်ပါသည်။ ယင်းသည် လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ထမ်းဆောင်ရသည့် မဲဆန္ဒနယ်မြေဆိုင်ရာနှင့် လွှတ်တော်ဆိုင်ရာ တာဝန်များကြား ဟန်ချက်ညီစေရန် ကြိုတင်မျှော်မှန်း၍ မဟာဗျူဟာကျစွာ ချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အချို့က ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများအတွက် အရေးကြီးသည့် မူဝါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲအချို့နှင့် အားမလို အားမရ ဖြစ်ရမှုများကိုလည်း ပြောပြကြပါသည်။

“အပိုင်းနှစ်ပိုင်း ရှိပါတယ်။ [ဒေသန္တရ] ဖွံ့ဖြိုးရေးကိစ္စတွေနဲ့ ပတ်သက်ရင် အများစုကို ကျေနပ်မှုရှိပါတယ်။ ဒါပေမဲ့ မြေသိမ်းမှု၊ မူးယစ်ဆေးဝါး၊ တရားဥပဒေစိုးမိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ မရှိတာ၊ တရားမဝင် ရွှေ့ပြောင်း နေထိုင်မှုတွေနဲ့ ပတ်သက်လာရင်တော့ ရိုးရှင်းတဲ့ အဖြေတွေ မရှိဘူး။ ကိုယ်လုပ်နိုင်တာလည်း ဘာမှသိပ်မရှိဘူး။ အဲဒါကြောင့် အဲဒီလိုကိစ္စတွေနဲ့ ကြုံရတိုင်း မကျေမနပ်၊ အားမလိုအားမရ ဖြစ်ရပါတယ်။

## နိုင်ငံတကာကျင့်သုံးမှုနှင့် ချိန်ထိုးကြည့်ခြင်း

ကမ္ဘာ့နေရာအနှံ့အပြားတွင် နိုင်ငံရေးသမားများသည် ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများ၏ များသထက် များလာသည့် မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရုန်းကန်ကြိုးစားနေရ ဟန်တူပါသည် ... မျှော်လင့်ချက်များသည် ၎င်းတို့၏ ဖြည့်ဆည်းပေးနိုင်စွမ်းထက် ကျော်လွန်နေပြီး ယင်းသည် ၎င်းတို့အား လွှတ်တော် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခြင်း မရှိအောင် အတားအဆီးဖြစ်စေသည့် အကြောင်းတစ်ခု ဖြစ်နိုင်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ပြဿနာတစ်ခုထက် မကကို တစ်ပြိုင်တည်း ဖြေရှင်းပေးနိုင်မည့်နည်းလမ်းအား ရှာဖွေနိုင်အောင်၊ မဲဆန္ဒနယ်မြေတွင် ရရှိလာသည့် အသိပညာဗဟုသုတများ၊ ကျွမ်းကျင်မှုများကို လွှတ်တော်လုပ်ငန်းစဉ်တွင် အသုံးပြုနိုင်အောင် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည် ... က) ပြဿနာများအား တစ်ခုချင်းစီ ကိုင်တွယ်ဖြေရှင်းခြင်းထက် တူညီသည့် ပြဿနာများအတွက် မူဝါဒဆိုင်ရာ နည်းလမ်းများကို ရှာဖွေနိုင်ရန် ကြိုးပမ်းခြင်း၊ ခ) လူတစ်ဦးတစ်ယောက်ချင်းစီအတွက်ထက် မဲဆန္ဒနယ်မြေရှိ လူအများအပြားအတွက် အကျိုးရှိစေမည့် တုံ့ပြန်ဆောင်ရွက်မှုများကို ရှာဖွေလုပ်ဆောင်ခြင်း၊ နှင့် ဂ) မဲဆန္ဒနယ်မြေမှ ရရှိသော အသိပညာဗဟုသုတများအား လွှတ်တော်နှင့် မူဝါဒလုပ်ငန်းစဉ်တွင် များစွာ ပိုမိုစနစ်ကျသော နည်းလမ်းများဖြင့် အသုံးပြုဆောင်ရွက်နိုင်ရန်နည်းလမ်းများ ရှာဖွေခြင်း ... [ဥပမာ]

- မက္ကစီကိုတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မဲဆန္ဒနယ်မြေရှိ ကိုယ်စားလှယ်ရုံးသို့ စိုးရိမ်ပူပန်နေသည့် မိခင်တစ်ဦးလာရောက်ခဲ့သည့်အကြောင်း ပြောပြပါသည်။ထိုမိခင်သည် ပါရမီရှင် ကလေးတစ်ဦး၏ကိစ္စကိုတင်ပြအကူအညီတောင်းခံခဲ့ပါသည်။ထိုလွှတ်တော်ကိုယ်စားလှယ်သည်ပင်ကိုအရည်အသွေးမြင့်မားသော ကလေးများအား အသက်အရွယ်အုပ်စုထက် ၎င်းတို့၏အရည်အသွေးပေါ် အခြေခံကာအတန်းများ တင်ပေးသည့် ပညာရေးမူဝါဒ အပြောင်းအလဲများအတွက် တွန်းအားပေး ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။
- ထိုင်းလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလိင်တူချစ်သူနှင့် လိင်ပြောင်း အမျိုးသားငယ်များအား စစ်တပ်ထဲတွင် နှိပ်စက်ခံရမှုများမှ ကာကွယ်ပေးရန် သူမ လုပ်ဆောင်ခဲ့ပုံများကို ပြောပြပါသည်။ သူမသည် ထို လူငယ်များ စစ်တပ်တွင် တာဝန်ထမ်းဆောင်နိုင်အောင် ဥပဒေကို ပြင်ဆင်နိုင်ရန် လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။
- သူမ၏ မဲဆန္ဒနယ်မြေတွင် မိခင်သေဆုံးနှုန်း မြင့်မားနေသည့် အင်ဒိုနီးရှား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ကျန်းမာရေး အရာရှိများ၊ လွှတ်တော်မှ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းကာ နိုင်ငံအဆင့် မိခင်ကုသစောင့်ရှောက်ရေး အစီအစဉ် တစ်ရပ် ပေါ်ပေါက်လာအောင် ဆောင်ရွက် နိုင်ခဲ့ပါသည်။
- အခြား လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများထံမှ မူဝါဒဆိုင်ရာဦးစား ပေးကိစ္စများ၊ဥပဒေအသစ်များ ပြဋ္ဌာန်းရန်အတွက် ၎င်းတို့၏အတွေးအမြင်များကို သိရှိခွင့်ရရန် မဲဆန္ဒနယ်မြေများတွင် အစည်းအဝေးများ ပုံမှန်ကျင်းပကြသည့် အကြောင်းပြောပြပါသည် ... ဂတ်ဘွန်မှ လွှတ်တော်ကိုယ်စားလှယ်[တစ်ဦး] က ထိုသို့သော အစည်းအဝေးတစ်ခုတွင် အလယ်တန်းပညာရေးအား မိန်းကလေးများ ပိုမိုသင်ကြားနိုင်ပြီး ၎င်းတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာအောင် လုပ်ဆောင်ပေးမည့် ဥပဒေတစ်ရပ်ကို အဆိုပြုရန်တောင်းဆိုခံရပုံကို ပြောပြပါသည်။

*(IPU နှင့် UNDP (၂၀၁၂)၊ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ၊ ပြောင်းလဲလာသော လွှတ်တော်ကိုယ်စားပြုရေးတာဝန်၏ သဘာဝ၊ စာမျက်နှာ ၅၉)*

မဲဆန္ဒနယ်မြေနှင့်စပ်လျဉ်း၍ ယုံကြည်ကိုးစားနိုင်သည့် အချက်အလက်များ ရရှိနိုင်မှုသည် လွှတ်တော်ကိုယ်စားလှယ်အများအပြားအတွက် အခက်အခဲတစ်ခု ဖြစ်ပါသည်။ နောက်ဆုံးရ အသေးစိတ်အချက်အလက်များ မရှိခြင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင် ပြည်သူများ၏ အကျိုးစီးပွားကို တိတိကျကျ ကိုယ်စားပြုနိုင်ရန် အခက်အခဲရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆိုပါသည်။

မဲဆန္ဒနယ်မြေနှင့်စပ်လျဉ်း၍ ယုံကြည်ကိုးစားနိုင်သော အချက်အလက်များ ရရှိရေးသည် လွှတ်တော်ကိုယ်စားလှယ် အများအပြားအတွက်အခက်အခဲဖြစ်နေပါသည်။လွှတ်တော်ကိုယ်စားလှယ်များသည် အချက်အလက်များ ရရှိရန် မြို့နယ်အာဏာပိုင်များအပေါ် များစွာအားထားကြပါသည်။ ၉၆ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များသည် အချက်အလက်များကို မြို့နယ်အာဏာပိုင်များထံမှ ရရှိပြီး ဒေသန္တရအဆင့်ရှိ အခြား

နေရာများမှ အချက်အလက်များကို အသုံးပြုခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၅၄ ရာခိုင်နှုန်းသည် အချက်အလက်များကို လွှတ်တော် သုတေသန ဝန်ဆောင်မှုများမှ ရရှိကြပါသည်။ မဲဆန္ဒနယ်မြေဆိုင်ရာ အချက်အလက်များ (constituency profiles) ကိုစတင်ပြုစုနေခြင်းကဲ့သို့တိုးတက်မှုများရှိနေသည့်တိုင် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် ၎င်းတို့အနေဖြင့် ပိုမိုတိကျမှန်ကန်သည့် သုတေသန ဝန်ဆောင်မှုများကို အချိန်မီ ရရှိရန်လိုအပ်ကြောင်းမကြာခဏထုတ်ဖော်ပြောဆိုကြပါသည်။ နောက်ဆုံးရ အသေးစိတ်သတင်းအချက်အလက်များ မရရှိသောအခါများတွင် မဲဆန္ဒရှင်ပြည်သူများ၏ အကျိုးစီးပွားကို တိကျစွာကိုယ်စားပြုဆောင်ရွက်ပေးနိုင်ရေးမှာ ခက်ခဲလျက် ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောပြပါသည်။

## ၆–၃။ မဲဆန္ဒရှင်ပြည်သူများနှင့် ထိတွေ့ဆက်သွယ်ရာတွင် လွှတ်တော် ကိုယ်စားလှယ်များအသုံးပြုသည့် ကျင့်သုံးမှုများ

လွှတ်တော်ကိုယ်စားလှယ် များသည် ၎င်းတို့ မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်အောင် ဆောင်ရွက်သည့် နည်းလမ်းအမျိုးမျိုးကို ပြောပြကြပါသည်။ ဖုန်းဖြင့် တိုက်ရိုက်ဆက်သွယ်ခြင်းကို အသုံးပြုသည့် လွှတ်တော်ကိုယ်စားလှယ်မှာ ၉၄ ရာခိုင်နှုန်း ရှိပါသည်။ ထို့ပြင် လွှတ်တော် ကိုယ်စားလှယ်များသည် ပါတီကိုယ်စားလှယ်များ (စစ်တမ်း ဖြေကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၈၉ ရာခိုင်နှုန်း)၊ ရွေးကောက်ခံ ဒေသန္တရအဆင့် ကိုယ်စားလှယ်များ[10] (၈၃%) နှင့်လည်း ပုံမှန် ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ပြည်သူများနှင့်ချိတ်ဆက်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (၅၀%) နှင့် လူမှုမီဒီယာများ (၄၇%) ကို အသုံးပြုသော လွှတ်တော်ကိုယ်စားလှယ် ရာခိုင်နှုန်းမှာ ပိုမို နည်းပါးပါသည်။

အချို့သော လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ မဲဆန္ဒနယ်မြေများ၏ လိုအပ်ချက်များနှင့် အကျိုးစီးပွားကို ကိုယ်စားပြုနိုင်ရန်အတွက် အဆင့်မြင့်နည်းစနစ်များကို အသုံးပြုကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မဲဆန္ဒနယ်မြေနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် အစီအစဉ်များ ရေးဆွဲထားပြီး မဲဆန္ဒနယ်မြေတစ်ခုသို့ သွားရောက်စဉ် ကိစ္စတစ်ခုချင်းစီအတွက် ရရှိသော သတင်းအချက်အလက်များကို မှတ်တမ်းတင်ထားရှိပုံကို ပြောပြပါသည်။ အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကလည်း သူ၏ မဲဆန္ဒနယ်မြေအတွက် ငါးနှစ်စာ အစီအစဉ်ကို ရေးဆွဲထားပြီး နောက်ထပ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သူ၏ မဲဆန္ဒနယ်မြေတွင် 'ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် လူထုစစ်တမ်းများနှင့် အကဲဖြတ်လေ့လာမှုများ' ကို အသုံးပြုကြောင်း ပြောပြပါသည်။ အချက်အလက်များကို စုဆောင်းပြီး ထိုအချက်အလက်များအား မဲဆန္ဒနယ်မြေ၏ လိုအပ်ချက်များကို စောင့်ကြည့်လေ့လာရန်နှင့် အရင်းအမြစ်များ ရရှိရန် မဟာဗျူဟာကျကျ အသုံးချပုံကို အောက်ပါဥပမာတွင် တွေ့ရှိရပါသည်။

**ပုံ ၁၃** မဲဆန္ဒနယ်မြေအကြောင်း အချက်အလက်များ သို့မဟုတ် စာရင်းအင်းများကို လွှတ်တော်ကိုယ်စားလှယ်များ ရယူသည့် နည်းလမ်းများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)




10 ဒေသန္တရအဆင့် ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ်များ – ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ

**ပုံ ၁၄** မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် လုပ်ဆောင်သည့် နည်းလမ်းများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)




> ကျွန်မ ဘာလုပ်သင့်တယ်ဆိုတာ သိအောင် ကျွန်မရဲ့ မဲဆန္ဒနယ်မြေမှာ စစ်တမ်းတစ်ခု ကောက်ခဲ့ပါတယ်။ တခြား အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် နှစ်ယောက်နဲ့ ပူးပေါင်းပြီး လုပ်တာပါ။ ကျွန်မက မေးခွန်းလွှာကို ပြုစုပေးပြီး အဲဒီမေးခွန်းလွှာနဲ့ပဲ ကျွန်မတို့ရဲ့ မဲဆန္ဒနယ်တွေမှာ စစ်တမ်းကောက်ပါတယ်။ ကျွန်မတို့က စေတနာ့ ဝန်ထမ်းလုပ်အားပေးတွေရဲ့ အကူအညီကို ယူခဲ့ပါတယ်။ အချက်အလက်တွေ ဘယ်လိုစုဆောင်းရမယ်ဆိုတာ ကျွန်မက သူတို့ကို လေ့ကျင့်ပေးပါတယ်။ စစ်တမ်းက တွေ့ရှိချက်တွေကို မြို့နယ်အစည်းအဝေးမှာ ကျွန်မ တင်ပြပါတယ်။ အဲဒီစစ်တမ်းက နိုင်ငံရေးနဲ့ လူမှုစီးပွားဆိုင်ရာ စစ်တမ်းပါ။ Women Political Action က ကူညီပံ့ပိုးပေးခဲ့တာပါ။

သို့သော် ဤသို့ မဲဆန္ဒနယ်မြေရှိ လိုအပ်ချက်များနှင့် ပြဿနာများကို ကြိုတင်သိရှိဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ခြင်းမျိုးအား လွှတ်တော်ကိုယ်စားလှယ် အနည်းစုကသာ လုပ်ဆောင်သည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံစဉ်တွင် မဲဆန္ဒနယ်မြေရှိ ပြဿနာအရေအတွက်နှင့် အမျိုးအစားများအကြောင်း သတင်းအချက်အလက်များကို စနစ်တကျ စုဆောင်းကောက်ယူကြသည့် အထောက်အထားမှာ အလွန်နည်းပါးပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် နောက်ဆုံးရ အချက်အလက်များကို အသေးစိတ်မှတ်တမ်းထားရှိခြင်းကိုလည်း နည်းစနစ်တကျ လုပ်ဆောင်ကြဟန် မတူပါ။ အချက်အလက်များမရှိသည့် ပြဿနာသည် အရေးကြီးသော ပြဿနာတစ်ခု ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒနယ်မြေ အကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များ အကြောင်း တိကျမှန်ကန်သည့် အခြေခံသတင်းအချက်အလက်များ လုံလောက်စွာမရှိပါက မဲဆန္ဒနယ်မြေမှ တောင်းဆိုမှုများ (နှင့် ပြည်သူများမှ ထားရှိသည့် မျှော်လင့်ချက်များ) ကို ဖြည့်ဆည်းပေးနိုင်ရန် ဆက်လက်ရုန်းကန်နေရဦးမည် ဖြစ်ပါသည်။ အဓိကကျသည့် ဤစိန်ခေါ်မှုကို ဖြေရှင်းရန်နည်းလမ်းတစ်ခုမှာ သတင်းအချက်အလက်များကို ပိုမို လက်လှမ်းမီရရှိအောင်၊ ICT အထောက်အပံ့များ ပိုမိုရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။



အရင်းအမြစ် – အမျိုးသားလွှတ်တော်

## ၆–၄။ မဲဆန္ဒနယ်မြေနှင့် ထိတွေ့ဆက်သွယ်နိုင်ရန် လိုအပ်သော အရင်းအမြစ်များ

လွှတ်တော်ကိုယ်စားလှယ်များအဖို့ ၎င်းတို့၏ မဲဆန္ဒနယ်မြေဆိုင်ရာ အလုပ်များကို ထိရောက်စွာ စွမ်းဆောင်နိုင်ရန် ၎င်းတို့၏ ဆန္ဒနယ်မြေတွင် အရင်းအမြစ်များ (ဝန်ထမ်း၊ ရုံးခန်း၊ ခရီးသွားလာရေးနှင့် ဆက်သွယ်ရေးနည်းပညာ) ကို လက်လှမ်းမီရရှိနိုင်မှုသည်အရေးကြီးသောအခန်းကဏ္ဍမှပါဝင်နေပါသည်။ မဲဆန္ဒနယ်မြေအလုပ်များအတွက် စရိတ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ဥပဒေတွင် ပြဋ္ဌာန်းချက်များ ရှိသော်လည်း လက်တွေ့တွင် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မဲဆန္ဒနယ်မြေသို့ သွားရောက်ရန်နှင့် မဲဆန္ဒနယ်မြေအတွင်း လှည့်လည်သွားလာရန် ခရီးစရိတ်များအတွက် အခက်အခဲများ ရှိနေဆဲဖြစ်ပါသည်။ ဝေးလံခေါင်ဖျားဒေသများနှင့် ကြီးမားသောမဲဆန္ဒနယ်မြေများမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် အထူးပင် ခက်ခဲပါသည်။ နေပြည်တော်မှ မဲဆန္ဒနယ်မြေများသို့ သုံးနာရီအတွင်း သွားရောက်နိုင်သည်ဟု ဆိုသူမှာ စစ်တမ်းတွင် ပါဝင်ဖြေကြားပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ၆ ရာခိုင်နှုန်းသာ ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၃၃ ရာခိုင်နှုန်းသည် နေပြည်တော်မှ မဲဆန္ဒနယ်မြေသို့ သွားရောက် ရန်အတွက် ၆ နာရီမှ ၁၂ နာရီကြား အချိန်ယူရပြီး ၂၅ ရာခိုင်နှုန်းသည် တစ်ရက်ကျော် အချိန်ယူရပါသည်။ လွှတ်တော်ကိုယ်စားလှယ် များသည် မဲဆန္ဒနယ်မြေများအတွင်း သွားလာရာ၌ ကား (၄၆%) နှင့် မော်တော် ဆိုင်ကယ် (၄၂%) ကို အများဆုံး အသုံးပြုပါသည်။

“မဲဆန္ဒနယ်မြေကို ပြန်ရင် ရွာတွေကို တတ်နိုင်သမျှ ရောက်အောင်သွားပါတယ်။ ရွာပေါင်းက ၇၀ရှိတယ်။ တစ်ရွာက တစ်ရွာကို လမ်းလျှောက်သွားရန် တစ်ရက်ကြာတယ်။ မော်တော်ဆိုင်ကယ်နဲ့ သွားလို့ ရပေမဲ့ ကျပ် ၁၀၀,၀၀၀ လောက် ကုန်ကျတယ်။

အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက မဲဆန္ဒနယ်မြေလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကို ပြောပြပါသည်။

“အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ပိုပြီးခက်ခဲပါတယ်။ ငွေကြေးအခက်အခဲတွေရှိသလို အချိန်အခက်အခဲလည်း ရှိပါတယ်။ လွှတ်တော် အစည်းအဝေးကာလမှာ စနေ၊ တနင်္ဂနွေဆိုရင် ရန်ကုန်ကို ညဘက် ဘတ်စ်ကားနဲ့ပြန်ပြီး ကားပေါ်မှာ အိပ်ပါတယ်။ မနက် ရန်ကုန်ကို ရောက်ရင် ကျွန်မရဲ့ မဲဆန္ဒနယ်ကို သွားပါတယ်။ တနင်္ဂနွေနေ့ ညနေကျတော့ ရန်ကုန်ပြန်ပြီး နေပြည်တော်ကို ခရီးဆက်ရပါတယ်။ နေပြည်တော်ကို မနက် လေးနာရီ ပြန်ရောက်ပြီး လွှတ်တော် ဆက်တက်ရပါတယ်။ အရမ်းကို ပင်ပန်းပါတယ်။

## ဓာတ်ပုံ (၁၄) ကိုယ်စားလှယ်များ မဲဆန္ဒနယ်များသို့ သွားရောက်နေစဉ်



အရင်းအမြစ် – UNDP

## ပုံ ၁၅ နေပြည်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒနယ်မြေများကြား ခရီးသွားလာရန် ကြာချိန် (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်းဖြင့်)




တချို့ရွာတွေကို သွားဖို့ သုံးညနဲ့ လေးရက်ကြပါတယ်။ လှေနဲ့ ငါးနာရီလောက် သွားရပါတယ်။ ကျွန်မရဲ့ အချိန်အများစုကို မိသားစုထက် ကျွန်မရဲ့ မဲဆန္ဒရှင်ပြည်သူတွေနဲ့အတူ ကုန်ဆုံးပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့တွင်ရှိသော အရင်းအမြစ်များအား ဆန်းသစ်တီထွင်မှုရှိစွာဖြင့် ထိထိရောက်ရောက် သုံးစွဲကြပါသည်။ အချို့အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့မဲဆန္ဒနယ်မြေရှိ အမျိုးသမီးလုပ်အားပေးများ၊ အမျိုးသမီးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပုံကို ပြောပြပါသည်။

ကျွန်မတို့က စေတနာ့ဝန်ထမ်းလုပ်အားပေးတွေရဲ့ အကူအညီကို ယူခဲ့ပါတယ်။ အချက်အလက်တွေ ဘယ်လို စုဆောင်းရမယ်ဆိုတာ ကျွန်မက သူတို့ကို လေ့ကျင့်ပေးပါတယ်။ စစ်တမ်းက တွေ့ရှိချက်တွေကို မြို့နယ်အစည်း အဝေးမှာ ကျွန်မ တင်ပြပါတယ်။ အဲဒီစစ်တမ်းက နိုင်ငံရေးနဲ့ လူမှုစီးပွားဆိုင်ရာ စစ်တမ်းပါ။ Women Political Action က ကူညီပံ့ပိုးပေးခဲ့တာပါ။

ပြည်သူများနှင့် ဆက်သွယ်သောအခါတွင် ၉၃ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ် များသည် ၎င်းတို့၏ မဲဆန္ဒရှင်များထံမှ ဖုန်းများကို တိုက်ရိုက်လက်ခံဖြေကြားကြပြီး မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်သွယ်မှုများ လွယ်ကူချောမွေ့စေရန် ကြိုတင်စီစဉ် ဆောင်ရွက်သူလည်း အများအပြား ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၅၄ ရာခိုင်နှုန်းသည် ဖေ့စ်ဘွတ် နှင့် Viber ကဲ့သို့သော လူမှုမီဒီယာများကိုလည်း အသုံးပြု ကြပြီး ယင်းတို့သည် လွှတ်တော်ကိုယ်စားလှယ်များ အဖို့ အရေးအပါဆုံး ဆက်သွယ်ရေးနည်းလမ်းနှစ်ခု ဖြစ်ပါသည်။ သို့သော် မဲဆန္ဒနယ်မြေများသည် အင်တာနက်ကို ပြတ်တောင်းပြတ်တောင်းသာ ရရှိသည့်၊ တစ်ခါတစ်ရံ လုံးဝ မရရှိနိုင်သည့် အလွန်ဝေးလံသော ဒေသများ သို့မဟုတ် ပဋိပက္ခဒေသများ ဖြစ်နေသည့် လွှတ်တော် ကိုယ်စားလှယ်များအဖို့ ထိုဆက်သွယ် ရေးပုံစံများသည် အသုံးပြုရန် ခက်ခဲလေ့ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများအား နောက်ဆုံး သတင်းအချက်အလက်များကို အသိပေးရန်အတွက် သတင်းလွှာများ ပြုစုရိုက်နှိပ်သည်ဟု ဆိုသော လွှတ်တော်ကိုယ်စားလှယ် အရေအတွက် (၆%) မှာ အလွန်ပင် နည်းပါးပါသည်။ လွှတ်တော် ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေရုံး သို့မဟုတ် မြို့နယ်ရုံးများ (၇၅%) နှင့် ကျေးရွာများ (၉၀%) တွင် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများကိုများစွာ အားထားကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏ ၇၈ ရာခိုင်နှုန်းသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော ဒေသန္တရအဆင့် ကိုယ်စားလှယ်များတစ်ဆင့် ဆက်သွယ်ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၈ ရာခိုင်နှုန်းတွင်သာ ကိုယ်ပိုင်ရုံးများ ရှိကြပြီး ၈၇ ရာခိုင်နှုန်းက ၎င်းတို့၏ ပါတီရုံးများကို အသုံးပြု၍ မဲဆန္ဒရှင်များနှင့် တွေ့ဆုံပါသည်။ လွှတ်တော် ကိုယ်စားလှယ်များ၏ ၁၈ ရာခိုင်နှုန်းက ၎င်းတို့၏ အိမ်ကို ရုံးခန်းတစ်ခုအဖြစ် အသုံးပြုပါသည်။

လွှတ်တော်အစည်းအဝေး ဘယ်အချိန်ပြီးမယ်ဆိုတာ သိရင် မဲဆန္ဒရှင်ပြည်သူတွေကို ဘယ်အချိန် တွေ့ဆုံနိုင်မယ် ဆိုတာ လူမှုမီဒီယာကနေတစ်ဆင့် အသိပေးထားပါတယ်။ ပြည်သူတွေ၊ အဖွဲ့အစည်းတွေက အချိန်မရွေး ဖိတ်ကြားနိုင်အောင်လည်း စီစဉ်ပေးထားပါတယ်။ တစ်ချို့က messenger၊ အီးမေးလ်၊ ဖုန်းနဲ့ ဆက်သွယ်ကြပါတယ်။ တစ်ချို့ ပါတီကနေတစ်ဆင့် ဆက်သွယ်ကြပါတယ်။’

ကျွန်တော်တို့ရဲ့ လုပ်ဆောင်ချက်တွေကို ပြည်သူတွေကို အသိပေးဖို့ လက်ကမ်းစာစောင်တွေတစ်လ တစ်ကြိမ် ထုတ်ပြီး ရွာတွေမှာ ဖြန့်ဝေပေးပါတယ်။ လက်ကမ်းစာစောင်တွေကို [တိုင်းရင်းသား လူနည်းစု] ဘာသာစကားတွေနဲ့ ထုတ်ဝေတာပါ။

လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် ၎င်းတို့ နေပြည်တော်တွင် ရှိနေစဉ်အတွင်း မဲဆန္ဒရှင်ပြည်သူများနှင့် အဆက်အသွယ်မပြတ်စေရန်နှင့် မဲဆန္ဒနယ်မြေဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရန်အတွက် စေတနာ့ဝန်ထမ်းများကို မှီခိုအားထားကြပါသည်။ စစ်တမ်းဖြေကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၈၇ ရာခိုင်နှုန်းက ပါတီမှ စေတနာ့ဝန်ထမ်းများကို အသုံးပြုပြီး ၆၆ ရာခိုင်နှုန်း က ရပ်ရွာမှ စေတနာ့ဝန်ထမ်းများကို အသုံးပြုပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မိသားစုဝင်များ (၄၆%) နှင့် မိတ်ဆွေ သူငယ်ချင်းများ (၆၀%) ကိုလည်း မှီခိုအားထားကြပါသည်။ သို့သော် စေတနာ့ဝန်ထမ်း ကူညီပေးနေကြခြင်း ဖြစ်သည့်အတွက် ထိုသူများကို ၎င်းတို့ စိတ်တိုင်းကျ လုပ်စေချင်သည့် အတိုင်းအတာအထိ လုပ်ခိုင်း၍ မရကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက သိရှိထားပါသည်။ထို့ကြောင့်လွှတ်တော်ကိုယ်စားလှယ်များအတွက် ကိုယ်စားလှယ်ရုံးခန်း ငှားရမ်းနိုင်ရန်၊ ဝန်ထမ်းခန့်ထားနိုင်ရန် အရင်းအမြစ်များ ခွဲဝေချထားပေးရန် တောင်းဆိုမှုများ ရှိနေခြင်း ဖြစ်ပါသည်။ လစာပေး၍ ခန့်ထားသော ပါတီဝန်ထမ်းများကို အသုံးပြုသည်ဟု ဖြေဆိုသော လွှတ်တော်ကိုယ်စားလှယ်မှာ ၁၈ ရာခိုင်နှုန်းသာ ရှိပါသည်။

မဲဆန္ဒနယ်မြေမှာ တစ်ယောက်ယောက်ရှိနေမှ အဲဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူတို့က သတင်းပို့ပေးနိုင်မယ်၊ သူတို့နဲ့ ဆက်သွယ်ပြီး လိုအပ်တဲ့ ညွှန်ကြားချက်တွေပေးတာ၊ ပြဿနာတွေ ဖြေရှင်းပေးတာ လုပ်နိုင်မှာ ဖြစ်ပါတယ်။

ပုံ ၁၆ မဲဆန္ဒနယ်မြေဆိုင်ရာ တာဝန်များကို ထမ်းဆောင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ကူညီပံ့ပိုးမှုများ လက်ခံရရှိသည့် နည်းလမ်းများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ် ရာခိုင်နှုန်းဖြင့်)




## ၆-၅။ ပြည်သူလူထုအား အသိပညာပေးခြင်း

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်၏ လုပ်ငန်းနှင့် လွှတ်တော်၏ တန်ဖိုးကို မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံသားများ သိရှိအောင် ပိုမိုထိရောက်စွာ ဆက်သွယ်အသိပေးရန် လိုအပ်သည်ဟု အလေးပေးပြောကြားကြပါသည်။ နိုင်ငံသားများ၏ ဒီမိုကရေစီစနစ်နှင့် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေးအခြေအနေတို့ကို နားလည်သဘောပေါက်မှု အတိုင်းအတာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက အတော်လေး စိုးရိမ်ပူပန်ခြင်း ရှိနေကြပါသည်။ နိုင်ငံသားများအနေဖြင့် မည်မျှအချိန်အတိုင်းအတာအတွင်း မည်သည်ကို ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဆိုသည်ကို မှန်ကန်စွာ သိမြင်နိုင်အောင် ကူညီပေးခြင်းသည် နုနယ်လုသေးသည့် ဒီမိုကရေစီစနစ်ကို ဆက်လက်ကြီးထွား ရှင်သန်လာအောင် ကာကွယ်စောင့်ရှောက်ပေးရန် အတွက် အရေးကြီးသည့် နည်းလမ်းတစ်ခုပင်ဖြစ်သည်ဟု ခံစားနားလည်ထားကြပါသည်။ 'ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များ ဘာမှမလုပ်ဟု ထင်မြင်ယူဆမည်'ကို လွှတ်တော်ကိုယ်စားလှယ်များက စိုးရိမ်ကြကြောင်း ပြောကြားပြီး 'လွှတ်တော်ကိုယ်စားလှယ်များသည် လူမြင်ကွင်းတွင် ရှိရန် လိုအပ်ကြောင်း'ကိုလည်း သိရှိကြပါသည်။ ရုပ်မြင်သံကြားတွင် လွှတ်တော်လိုင်းကို ကြည့်ရှုသူအရေအတွက် အလွန်နည်းသည့်အတွက် ပြည်သူများသည် ဥပဒေပြုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ပုံအကြောင်း နားလည်သိရှိမှု နည်းပါးသည်ဟုဆိုပါသည်။ လွှတ်တော်အား မီဒီယာမှ စောင့်ကြည့်လေ့လာမှုလည်း နည်းပါးသည်ဟု ပြောပြကြပါသည်။ ယင်းသည် လွှတ်တော်အဖွဲ့အစည်းအပေါ် ပြည်သူအများ လက်ခံယုံကြည်မှုအား သက်ရောက်မှုရှိသည်ဟု လွှတ်တော်ကိုယ်စားလှယ်အချို့က ရှုမြင်ပါသည်။

ဤသည်မှာ မြန်မာလွှတ်တော်ကိုယ်စားလှယ်များသာ ကြုံတွေ့ရသည့် ကိစ္စမဟုတ်ပါ။ 'လွှတ်တော်အားလုံးနီးပါးသည် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပြည်သူများ ပိုမိုနားလည်သိရှိလာအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်းကို သိရှိကြပြီး ... လွှတ်တော်အများအပြားသည် ထိုအတွက် အပြောင်းအလဲများကို ပြုလုပ်ရန်ပင် ကြိုးပမ်းနေကြပါသည်။'[12] ထို့ပြင် လွှတ်တော်သည် အများပြည်သူကို ဆက်သွယ်ပညာပေးရန်အတွက် မဟာဗျူဟာကျသော ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းနှင့် လက်တွေ့ကျသော နည်းလမ်းများကို ချမှတ်ကျင့်သုံးရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကူညီပေးနိုင်ပါသည်။ လွှတ်တော်သင်ကြားရေးဗဟိုဌာနသည် ပြည်သူများအား

12 IPU ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ၊ ၂၀၁၂၊ ပြောင်းလဲလာသော လွှတ်တော်ကိုယ်စားပြုရေးတာဝန်၏ သဘာဝ၊ စာမျက်နှာ ၂၃၊ အောက်ပါလင့်ခ်တွင် ရနိုင်ပါသည် – http://archive.ipu.org/pdf/publications/gpr2012-full-e.pdf

ပညာပေးခြင်းနှင့် လွှတ်တော်အကြောင်း အသိပညာများ မြှင့်တင်ပေးခြင်းတို့အတွက် အရေးပါသော တာဝန်ခံဌာန တစ်ခုအဖြစ် ဆောင်ရွက်နိုင်ပါသည်။ ICT ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း၊ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ထားသော ဝက်ဆိုက်နှင့် လူမှုမီဒီယာများကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းများမှ တစ်ဆင့် လွှတ်တော်အကြောင်း ပိုမို သိရှိအောင် လုပ်ဆောင်ပေးခြင်းသည် လွှတ်တော်တွင် ပါဝင်ဆောင်ရွက်နေသူများအဖို့ ပြည်သူများကို ယခုထက်ပို၍ ထိတွေ့ဆက်သွယ်ပညာပေးနိုင်မည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ဓာတ်ပုံ (၁၅) ရှမ်းပြည်နယ်၊ ရွာငံဒေသမှ ဒေသခံများနှင့် ကိုယ်စားလှယ်များ တွေ့ဆုံနေစဉ်



အရင်းအမြစ် – UNDP

# ၇။ လွှတ်တော်ရုံးများ၏ ဝန်ဆောင်မှုများ

လွှတ်တော်ရုံးအဖွဲ့များသည် လွှတ်တော်၏ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီများ၏ လုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေရန်၊ အဆင့်ဆင့် လက်ဆင့်ကမ်းသွားရမည့် လွှတ်တော်၏ အတွေ့အကြုံ၊ ဗဟုသုတများ(institutional memory) ကို စုဆောင်းနိုင်ရန် ရည်ရွယ် ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ လွှတ်တော် ကိုယ်စားလှယ်များ ရရှိနိုင်သည့် ဝန်ဆောင်မှုများသည် ပထမအကြိမ်လွှတ်တော်ကထက် ပို၍ များပြား လာပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များက ဝန်ဆောင်များကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ဖို့ လိုအပ်ကြောင်း၊ သို့မှသာ ဥပဒေပြုသူများသည် ၎င်းတို့၏ တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရေးအတွက် လုံလောက်သော သတင်းအချက်အလက်များ ရရှိနိုင်မည် ဖြစ်ကြောင်း တညီတညာတည်း ပြောကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ အသုံးအများဆုံး ဝန်ဆောင်မှုများမှာ သုတေသနပံ့ပိုးမှု (လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၀%)၊ စာကြည့်တိုက် (၅၁%)နှင့် သုတေသနနှင့် စာတမ်းတိုပြုစုပေးခြင်းများအပါအဝင် ကော်မတီဆိုင်ရာ ပံ့ပိုးမှုများ (၅၁%) ဖြစ်ပါသည်။ ICT အကူအညီများ (၃၂%)၊ မေးခွန်းများ သို့မဟုတ် အဆိုများကို ပြုစုရာတွင် ပံ့ပိုးကူညီခြင်းများ(၂၈%) နှင့် မီဒီယာနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်သွယ်ရေးဆိုင်ရာ အကူအညီများ (၁၇%) ကို လက်ခံ ရရှိသော လွှတ်တော်ကိုယ်စားလှယ်များမှာ ဖြေဆိုသူများ၏ သုံးပုံ တစ်ပုံအောက်သာ ရှိပါသည်။ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် လွှတ်တော် ကိုယ်စားလှယ်များမှ အလိုလားဆုံး ဦးစားပေး ဝန်ဆောင်မှုများမှာ သုတေသနဆိုင်ရာ ပံ့ပိုးမှုများ (ဤသည်ကို ဖော်ပြပြောဆိုသော လွှတ်တော်ကိုယ်စားလှယ် ၇၁%)၊ လွှတ်တော် အစည်းအဝေးဆိုင်ရာ ပံ့ပိုးမှုများ (၅၁%) နှင့် ICT ပံ့ပိုးမှုများ (၄၇%) ဖြစ်ပါသည်။

ဓာတ်ပုံ (၁၆) လွှတ်တော် Intranet လက်တွေ့အသုံးပြုခြင်းသင်တန်းတွင် လွှတ်တော် ICT ဝန်ထမ်းများက ကိုယ်စားလှယ်များကို ရှင်းလင်းပြသနေစဉ်



အရင်းအမြစ် – UNDP

ပုံ ၁၇ လွှတ်တော်ရုံးများမှ လွှတ်တော်ကိုယ်စားလှယ်များ ရရှိသည့်ဝန်ဆောင်မှုများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)




ပုံ ၁၈ လွှတ်တော်ကိုယ်စားလှယ်များမှ ဦးစားပေးအဖြစ် တိုးတက်ကောင်းမွန်လာစေရန် အလိုလားဆုံးသော လွှတ်တော်ရုံးများမှ ဝန်ဆောင်မှုများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)



**သုတေသနဝန်ဆောင်မှု** – သုတေသနဌာနသည် လွှတ်တော်ကိုယ်စားလှယ်များ အများဆုံး ဖော်ပြပြောဆိုကြသည့် လွှတ်တော်ဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ သုတေသန ဝန်ဆောင်မှုများသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် အထောက်အကူဖြစ်ပြီး ပထမအကြိမ် လွှတ်တော်တုန်းကထက် ပိုမိုများပြားလာပြီး တိုးတက်ကောင်းမွန်လာသည်ဟု အသိအမှတ်ပြုမှုများ ရှိပါသည်။

> ဒုတိယအကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးမှာ [သုတေသနဌာန] က ပိုပြီး အားထုတ်လာတယ်လို့ ထင်ပါတယ်။ သတင်းလွှာတွေကို ပိုထုတ်ပေးလာတယ်။ မေးခွန်းတွေ၊ အဆိုတွေ ပြင်ဆင်ဖို့အတွက် သုတေသနဌာနကို အားကိုးချင်ပါတယ်။
>
> လိုအပ်တဲ့အချက်အလက်တွေကို တောင်းနိုင်ပါတယ်။ သုတေသနဝန်ဆောင်မှုက ကောင်းပါတယ်။ အသုံးပြုဖြစ်ပါတယ်။

သုတေသနဝန်ဆောင်မှုများ၏ အချို့အပိုင်းများတွင် အားနည်းချက်များ ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက သတင်းအချက်အလက်များ ရရှိနိုင်မှု နှောင့်နှေးခြင်းနှင့် အချက်အလက်များ၏ အရည်အသွေးနှင့် စပ်လျဉ်းသော ပြဿနာများကို ပြောပြကြပါသည်။ သုတေသနဌာနသည် လွှတ်တော် ကိုယ်စားလှယ်များ တောင်းခံသော အချက်အလက်များကို ပံ့ပိုးပေးခြင်းအပြင် လွှတ်တော်ကိုယ်စားလှယ်များ အာရုံစိုက်သင့်သည့် သတင်းအချက်အလက်များကို တောင်းဆိုထားခြင်း မရှိသည့်တိုင် ကြိုတင်ရှာဖွေ စုဆောင်းကာ ပေးအပ်ခြင်းများလည်း ပြုသင့်သည်ဟုဆိုသော လွှတ်တော်ကိုယ်စားလှယ်အချို့လည်း ရှိပါသည်။

> သုတေသနဌာနက တောင်းတဲ့ အချက်အလက်တွေ ပေးတဲ့နေရာမှာ နည်းနည်းနှေးနေပါတယ်။အခု တောင် အချက်အလက်အချို့ကို တောင်းထားပါသေးတယ်။ ၁၀ ရက် ရှိသွားပြီ။ အခုထိ မရသေးဘူး။
>
> သုတေသနဝန်ဆောင်မှုမှာ အချိန်ကတော့ အဆင်ပြေပါတယ်။ ဒါပေမဲ့ အကြောင်းအရာမှာ ပြဿနာရှိတယ်။ ကျွန်တော် လိုတာလည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ ကျွန်တော် ဘာလိုချင်တယ်ဆိုတာကို သေချာမပြောခဲ့မိတာလည်း ဖြစ်နိုင်ပါတယ်။

> သုတေသနဝန်ဆောင်မှုကနေ နောက်ဆုံးရ အချက်အလက်တွေ၊ သတင်းတွေကို လိုချင်ပါတယ်။ (တောင်းတာကို စောင့်မနေဘဲ) သတင်းတွေ၊ အချက်အလက်တွေ၊ အနှစ်ချုပ်ရှင်းလင်းချက်တွေကို ပံ့ပိုးပေးသင့်ပါတယ်။

သုတေသနဌာနသည် အချက်အလက်များကို လက်လှမ်းမီ ရရှိရန်နှင့် စုံစမ်းမေးမြန်းမှုများကို ဖြေကြားပေးနိုင်ရန် အခက်အခဲများ ရှိကြောင်း၊ ဝန်ကြီးဌာနများနှင့် အခြား အစိုးရရုံးများမှ အချက်အလက်များကို တောင်းခံနိုင်သည့် အနေအထားမရှိကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များက နားလည်သိရှိထားပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောပြသည်မှာ 'သုတေသနဌာနက ပြောပါတယ်။ သူတို့ ဝန်ကြီး ဌာနတွေက အချက်အလက်တွေ လှမ်းတောင်းတော့ ဌာနတွေက သူတို့မှာ အဲဒီလိုအချက်အလက်တွေကို ပေးပိုင်ခွင့် မရှိဘူးလို့ ပြန်ပြောတယ်တဲ့' ဟူ၍ ဖြစ်ပါသည်။ သုတေသနဌာနဝန်ထမ်းများကို အခြားအစိုးရအဖွဲ့အစည်းများ၊ သတင်းရင်းမြစ်များနှင့် ဆက်သွယ်ရာတွင် လုပ်ပိုင်ခွင့် တိုးမြှင့်ပေးအပ်ထားခြင်းဖြင့် သတင်းအချက်အလက်များပံ့ပိုးပေးမှုနှုန်းနှင့် အရည်အသွေးကို တိုးတက်စေနိုင်မည်ဟု ယူဆရပါသည်။

**ကော်မတီရုံးများ** – ကော်မတီဝန်ထမ်းများထံမှ သတင်းအချက်အလက်များနှင့် အကျဉ်းချုပ်ရှင်းလင်းချက် စာတမ်းတိုများကို ရရှိသည်ဟုပြောသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ အနည်းငယ်မျှသာရှိပြီး စစ်တမ်းဖြေဆိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၄၆ ရာခိုင်နှုန်းက ဤအပိုင်းတွင် ဝန်ဆောင်မှုများကိုပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ပေးစေလိုကြောင်း ပြောပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအား စောင့်ကြည့်ထိန်းညှိရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်နိုင်အောင် ကူညီပံ့ပိုးရာတွင် ကော်မတီဝန်ထမ်းများသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ကော်မတီဝန်ထမ်းများတွင် ရှိရန်လိုအပ်သည့် အရေးကြီးသော ကျွမ်းကျင်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည် – "ကျားမရေးရာရှုထောင့်မှ အပါအဝင် သက်သေအထောက်အထား၊ အချက်အလက်များအား စုစည်းပေါင်းစပ် တင်ပြနိုင်စွမ်း၊ ကော်မတီအကြံပြုချက်နှင့် အစီရင်ခံစာ မူကြမ်းများကို ပြုစုပေးနိုင်စွမ်း၊ ဝန်ထမ်းများသည် လွှတ်တော် ကိုယ်စားလှယ်များအား မည်သို့ ဆက်ဆံရမည်၊ လုပ်ထုံးလုပ်နည်းများကို မည်သို့ ကျင့်သုံးရမည်ဆိုသည်တို့ကို လည်း လေ့လာရန် လိုအပ်ပါသည်။[12]"

ကော်မတီစနစ်တစ်ခု ထိရောက်စွာ လည်ပတ်နိုင်စေရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ကော်မတီ အထောက်အကူပြု ကျွမ်းကျင်ဝန်ထမ်းများသည် အလွန်အရေးပါသည်ဟု ယူဆကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ကော်မတီများအား ဝန်ထမ်းအင်အား၊ စွမ်းရည်မြှင့်တင်မှုနှင့် ဘတ်ဂျက်ပိုင်းတွင်

12 (IPU နှင့် UNDP (၂၀၁၇)၊ IPU ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော် ၏ အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ၊ ပြင်သစ်။ www.ipu.org/oversight. စာမျက်နှာ ၃၂

ယခုထက်ပို၍ ပံ့ပိုးကူညီပေးရန် လိုလားကြပါသည်။ ထို့ပြင် ကော်မတီများတွင် ကွင်းဆင်းစစ်ဆေးမှုနှင့် သုတေသနများ ပြုလုပ်ရာတွင် အသုံးပြုနိုင်သော ကိုယ်ပိုင်ဘတ်ဂျက်များ ရှိရန်ကိုလည်း များစွာလိုလားကြပါသည်။ စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၄၆ ရာခိုင်နှုန်းက ကော်မတီဝန်ထမ်းများထံမှ စီမံရေးရာ အထောက်အကူပြုဝန်ဆောင်မှုများကို ပိုကောင်းအောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားပါသည်။

> လွှတ်တော်ကော်မတီတွေအနေနဲ့ သုတေသနတွေ၊ လေ့လာစိစစ်မှုတွေ၊ အစိုးရနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ ခုထက်ပိုပြီး အများကြီးလုပ်ဖို့ လိုပါတယ်။ ကော်မတီတွေအနေနဲ့ ငါးနှစ်တာ သက်တမ်း ကုန်ဆုံးတဲ့အချိန်မှာ သိသာထင်ရှားတဲ့ ရလဒ်တချို့ ပြနိုင်ဖို့ သင့်ပါတယ်။

**လွှတ်တော်အစည်းအဝေးအတွက် ပံ့ပိုးကူညီမှု** – လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့အား လက်တွေ့ဆောင်ရွက်သောအခါ အခက်အခဲအချို့ရှိကြောင်း ထောက်ပြပြီး မေးခွန်းများ၊ အဆိုများကို ပြင်ဆင်ရေးသားရာတွင် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာနှင့် ရေးသားမှုပိုင်းဆိုင်ရာ အကူအညီများကို မည်သည့်နေရာမှ ရယူနိုင်မည်ဆိုသည်ကို မသိရှိကြောင်းလည်း ပြောကြပါသည်။ ဤသည်ကို ကြည့်လျှင် လွှတ်တော်ရုံး၏ အငယ်တန်းဝန်ထမ်းများအဆင့်တွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပေးအပ်နိုင်ခြင်း မရှိသေးကြောင်း သိနိုင်ပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များသည် လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စများအတွက် အပါအဝင် လွှတ်တော်ဝန်ထမ်းများထံမှ ၎င်းတို့ရယူနိုင်သည့် ဝန်ဆောင်မှုများအားလုံးကို သိရှိကြဟန် မတူပါ။ လွှတ်တော်ကိုယ်စားလှယ်များအဖို့ ဒုတိယဦးစားပေးမှုအမြင့်မားဆုံး ဝန်ဆောင်မှုမှာ လွှတ်တော် အစည်းအဝေးဆိုင်ရာအထောက်အကူပြုပံ့ပိုးမှုများဖြစ်ပါသည်။ ယင်းကို ဦးစားပေးအဖြစ်ဖော်ပြပြောဆိုသူ လွှတ်တော်ကိုယ်စားလှယ်မှာ ၁၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ လွှတ်တော်လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသော အကြံဉာဏ်များပံ့ပိုးခြင်းကို ဦးစားပေးဆောင်ရွက်ပေးစေလိုသော လွှတ်တော်ကိုယ်စားလှယ်မှာ ၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။

**သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှုများ** – ယနေ့ နည်းပညာတိုးတက်နေသည့် ခေတ်အခါတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) သည် ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီ အဖွဲ့အစည်းများအားကောင်းရေးတွင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လာပါသည်။[13] ထိုနည်းပညာများသည် လွှတ်တော်ဆိုင်ရာသတင်းအချက်အလက်များနှင့် စာရွက်စာတမ်းများကို စီမံခန့်ခွဲခြင်းနှင့် ဖြန့်ဝေခြင်းတို့အား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း မိမိဖာသာလေ့လာ သင်ယူမှုများ ပြုနိုင်အောင် ကူညီပေးနိုင်ပါသည်။ ကော်မတီများနှင့် ပါဝင်ပတ်သက်သူများကြား ဆက်သွယ်ရေးများကို တိုးတက်ကောင်းမွန်စေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မဲဆန္ဒရှင်ပြည်သူများနှင့် ထိတွေ့ဆက်သွယ်မှုများကို ပို၍ အားကောင်းစေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းများကို ပိုမိုထိရောက်မြန်ဆန် အကျိုးရှိစေရန် ကူညီပေးနိုင်သလို လွှတ်တော်အား အများပြည်သူက ပိုမို သိရှိအာရုံစိုက်လာအောင်လည်း လုပ်ဆောင်ပေးနိုင်ပါသည်။ မြန်မာလွှတ်တော်ကိုယ်စားလှယ်များအတွက် ICT နည်းပညာများကို လက်လှမ်းမီ အသုံးပြုနိုင်ရေးတွင် အတားအဆီးအချို့ ရှိနေပါသည်။ တင်ပြကြသောပြဿနာ၊ အခက်အခဲများတွင် ရည်ရွယ်ချက်နှင့် ကိုက်ညီသည့် စနစ်များကို ဒီဇိုင်းရေးဆွဲခြင်း၊ ဝန်ထမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် သင်တန်းများနှင့် ကျွမ်းကျင်မှု လိုအပ်ချက်များရှိခြင်း၊ လုံခြုံရေး၊ ယုံကြည်အားထားနိုင်မှုနှင့် ရရှိနိုင်မှုဆိုင်ရာ ပြဿနာများပါဝင်ပါသည်။ စစ်တမ်းပါဝင်ဖြေဆိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၄၇ ရာခိုင်နှုန်းက ICT ဝန်ဆောင်မှုများကို ပိုကောင်းအောင် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြပါသည်။ ဤသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ ၁၄ ရာခိုင်နှုန်းအတွက် ထိပ်ဆုံးဦးစားပေးဖြစ်ပါသည်။

လွှတ်တော်အဆောက်အဦအတွင်းတွင် wifi ကို အသုံးပြုနိုင်ပါသည်။ သို့သော် ပထမအကြိမ်လွှတ်တော်တုန်းကကဲ့သို့ မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့နေထိုင်သော ဧည့်ရိပ်သာတွင် အခမဲ့အသုံးပြုနိုင်သော wifi ကို မရရှိတော့ပါ။ ထိုအတွက် လတ်တလော အကျိုးသက်ရောက်မှုမှာ ကြီးမားပါသည်။ မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်သွယ်ရန် အခက်အခဲဖြစ်ခြင်း၊ မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းများ လျော့နည်းသွားခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ညနေခင်းများတွင် တာဝန်များ ထမ်းဆောင်နိုင်သည့် အတိုင်းအတာ နည်းပါးသွားခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့၏ တာဝန် ဝတ္တရားများကို ထမ်းဆောင်ရာတွင် ၎င်းတို့တည်းခိုနေထိုင်သော ဧည့်ရိပ်သာတွင် ICT အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်ပြည့်စုံရေးသည် အရေးကြီးကြောင်း စစ်တမ်းဖြေကြားပေးသူ လွှတ်တော် ကိုယ်စားလှယ်များ၏ ၆၁ ရာခိုင်နှုန်းက ဆိုပါသည်။

> Wifi က လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အသက်ပဲ။ လွှတ်တော်ကိုယ်စားလှယ်လုပ်ငန်းတွေ ထိရောက်မှု ရှိဖို့ wifi ကို အသုံးပြုနိုင်ဖို့ လိုပါတယ်။ ဧည့်ရိပ်သာမှာ သုံးဖို့ လိုပေမဲ့ မရပါဘူး။ British Council က အွန်လိုင်းသင်တန်းတွေ ရှိပါတယ်။ ဒါပေမဲ့ wifi ရမှ လေ့လာလို့ရမှာလေ။

13 IPU (၂၀၁၈) ကမ္ဘာ့အီလက်ထရောနစ်လွှတ်တော်အစီရင်ခံစာ၊ ၂၀၁၈ ကိုကြည့်ပါရန်။ အောက်ပါဝက်ဆိုက်တွင် ရရှိနိုင်ပါသည် – https://www.ipu.org/resources/publications/reports/2018-1/world-e-parliament-report-2018.

# ၈။ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု

လွှတ်တော်ကိုယ်စားလှယ် များအားလုံးသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ချိန်မှစ၍ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်နှင့် သင်တန်း အများအပြားတွင် ပါဝင်တက်ရောက် လေ့လာခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဖြစ်လာရခြင်းသည်ပင်လျှင် ပညာလေ့လာဆည်းပူးနိုင်သည့် အတွေ့အကြုံတစ်ခုဖြစ်ပြီး ထိရောက်သော လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်လာစေမည့် အဓိကလေ့လာ သင်ယူမှုနည်းလမ်းတစ်ခုမှာ အခြားသူ၏လုပ်ပုံကိုင်ပုံများကို စောင့်ကြည့်လေ့လာခြင်းနှင့် လက်တွေ့လုပ်ကြည့်ခြင်းပင် ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် အချို့က သတိပြုသိရှိထားကြပါသည်။ သို့သော် ထိရောက်သော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်လာစေရန် ကူညီပံ့ပိုးပေးရာတွင် မဟာဗျူဟာကျသော၊ လက်တွေ့အသုံးချနိုင်သော ပံ့ပိုးကူညီမှုများ လိုအပ်ကြောင်းကို မြန်မာလွှတ်တော်ကိုယ်စားလှယ်များထံမှလည်း ရှင်းရှင်းလင်းလင်း သိရှိခဲ့ရပါသည်။ အထူးသတိပြုမိသည့်အချက်မှာ လွှတ်တော်ကိုယ်စားလှယ်များသည် လေ့လာသင်ယူရန် ထက်သန်ကြပြီး လက်ရှိလွှတ်တော်၏ အစောပိုင်းအဆင့်များတွင် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများရှိလျှင် ရယူလိုစိတ်များလည်း ရှိကြရာ များသောအားဖြင့် မိမိကိုယ်တိုင် လေ့လာသင်ယူမှုများ ပြုလုပ်ကြပါသည်။ အချိန်ကာလရွေ့လျားလာသည်နှင့်အမျှ လွှတ်တော်ကိုယ်စားလှယ်များ အလုပ်များလာကြပြီး အခြေအနေမပေးတော့သဖြင့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်များတွင် ပါဝင်ရန် ခက်ခဲလာပါသည်။

## ၈-၁။ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ မိတ်ဆက်တင်ပြဆွေးနွေးခြင်း

ဒုတိယအကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဆိုင်ရာလုပ်ငန်းများအား မိတ်ဆက်တင်ပြဆွေးနွေးသည့် အစီအစဉ်များကို များစွာ တန်ဖိုးရှိကြောင်း ပြောကြားကြပြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် ကူညီပံ့ပိုးမှုအမျိုးမျိုးကို ဝမ်းပန်းတသာ ကြိုဆိုကြကာ ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် ထိုကဲ့သို့သော အခွင့်အလမ်းများ မရရှိခဲ့ကြောင်း ပြောပြကြပါသည်။

ဓာတ်ပုံ (၁၇) မဲဆန္ဒနယ်နှင့် ထိတွေ့ဆက်ဆံခြင်းနှင့် ကိုယ်စားပြုခြင်းဆိုင်ရာ စွမ်းရည်မြှင့်ရေးအစီအစဉ်တစ်ရပ်တွင် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နေစဉ်



အရင်းအမြစ် – UNDP

“လွှတ်တော်ဆိုင်ရာ လုပ်ငန်းတွေကို မိတ်ဆက် ရှင်းလင်းတဲ့ သုံးရက်ကြာ အစီအစဉ်တစ်ခု တက်ရောက်ခဲ့ရတာကို မှတ်မိပါတယ်။ နိုင်ငံတကာက လွှတ်တော်ကိုယ်စားလှယ်တွေက သူတို့ရဲ့ အတွေ့အကြုံတွေကို မျှဝေပေးကြတာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ ဒီနိုင်ငံက အတွေ့အကြုံတွေကိုလည်း သင်ယူဖို့ လိုပါတယ်။ မှတ်မိသလောက် အဲဒီအစီအစဉ်မှာ ပထမအကြိမ် သက်တမ်းတုန်းက လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်က လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ရဲ့ဘဝ၊ မဲဆန္ဒနယ်မြေလုပ်ငန်းတွေ၊ လွှတ်တော်လုပ်ငန်းတွေနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေကို မျှဝေသွားပါတယ်။ အဲဒီလို ကိုယ့်နိုင်ငံက အတွေ့အကြုံတွေကို ဒီထက်ပိုပြီး လေ့လာသင်ယူချင်ပါသေးတယ်။ နိုင်ငံတကာ အတွေ့အကြုံတွေထဲမှာ အထူးသဖြင့် ပါကစ္စတန်က လွှတ်တော်ဥက္ကဋ္ဌနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါ က လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံတွေကို သဘောကျပါတယ်။

## ပထမအကြိမ်လွှတ်တော်နှင့်မတူ ပြောင်းလဲလာမှုကို လေ့လာခြင်း

ပထမအကြိမ်လွှတ်တော်မှ ကိုယ်စားလှယ်များအား လေ့လာသည့် စစ်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ တာဝန်နှင့် ဝတ္တရားများမှာ အဘယ်နည်း၊ ထိုတာဝန်ဝတ္တရားများကို ကျေပွန်အောင် အကောင်းဆုံး မည်သို့ ထမ်းဆောင်ရမည်နည်းဆိုသည်ကို အတိအကျနားလည်သိရှိခြင်း မရှိခဲ့ကြောင်း တွေ့ရပါသည်။ ၎င်းတို့သည် လွှတ်တော်အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ရန်ကောင်းစွာ အဆင့်သင့်မဖြစ်ခဲ့ဟု ဆိုကြပါသည်။ ဒုတိယအကြိမ် လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များကမူ ၎င်းတို့သည် အစပိုင်းတွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် လိုအပ်သည့် ကျွမ်းကျင်မှုများ မရှိခဲ့သည့်တိုင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ မိတ်ဆက် ရှင်းလင်းသည့် အစီအစဉ်ကြောင့် မိမိတို့၏အခန်းကဏ္ဍများကို အစကနဦးကတည်းက နားလည်သိရှိ ခွင့်ရခဲ့ကြသည်ဟုဆိုပါသည်။ ပထမအကြိမ် စစ်တမ်းကနှင့်ကွာခြားသည့် တွေ့ရှိချက်မှာ ဘာလုပ်၍ဘာကိုင်ရမှန်း သေချာရေရာစွာ မသိသည့်အခြေအနေမျိုး ကြုံတွေ့ခဲ့ရသည်ဟု ပြောသူတစ်ဦးမျှမရှိခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ မိတ်ဆက်ပေးမှုသည် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အခန်းကဏ္ဍအသစ်နှင့် ပတ်ဝန်းကျင်အသစ်တွင် လိုက်လျောညီထွေဖြစ်စေရန် ညှိနှိုင်းရသည့် အစောပိုင်းနေ့ရက များသည် အဆင်ပြေချောမွေ့ခဲ့သည်ဟု ယူဆနိုင်ဖွယ် ရှိပါသည်။

## ၈-၂။ တာဝန်များကို ထမ်းဆောင်ရန် လိုအပ်သော ကျွမ်းကျင်မှုများ

လွှတ်တော်ဆိုင်ရာ ပင်မလုပ်ငန်းတာဝန်များကို နားလည်သိရှိရန်နှင့် ထမ်းဆောင်နိုင်ရန်အတွက် ပံ့ပိုးကူညီမှုများ ဆက်လက်ပေးအပ်ရန် လိုအပ်နေဆဲဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆိုပါသည်။ စစ်တမ်းဖြေဆိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၄၉ ရာခိုင်နှုန်းက ဥပဒေပြုခြင်း၊ မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုခြင်းနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကို စောင့်ကြည့်ထိန်းညှိခြင်း တာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်သည့် အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရရှိရေးသည် စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည့် ပညာရပ်ပိုင်း/ လုပ်ငန်းပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွင် ထားရှိရမည့် အရေးအကြီးဆုံး ဦးတည်ချက် ဖြစ်သည်ဟု ဆိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအဖို့ ကူညီပံ့ပိုးမှု အများဆုံး လိုအပ်နေသည်ဟု ခံစားရသော လုပ်ငန်းနယ်ပယ်မှာ ဥပဒေပြုရေး ဖြစ်ပါသည် (လွှတ်တော်ကိုယ်စားလှယ်များ၏ ၅၁ ရာခိုင်နှုန်းက ယင်းသည် ၎င်းတို့၏ ဦးစားပေးဖြစ်ကြောင်း ပြောပါသည်)။

ဥပဒေပြုခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များအဖို့ စိန်ခေါ်မှုများ အများဆုံးကြုံတွေ့ရသည့် အပိုင်းကဏ္ဍတစ်ခုဖြစ်ဟန်တူပါသည်။ အထူးသဖြင့် ဥပဒေပညာရပ်ဆိုင်ရာအတွေ့အကြုံများမရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ပို၍ခက်ခဲပုံရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်တွင် အတွေ့အကြုံများ ရလာသည်နှင့်အမျှဥပဒေပြုခြင်းကို ပိုမိုရင်းနှီးကျွမ်းဝင်လာကြသည်ကို သတိပြုမိသည့်တိုင် ထိရောက်ကျွမ်းကျင်သည့် ဥပဒေပြုသူတစ်ဦးဖြစ်လာရန် လိုအပ်သည့် အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများမှာ အားနည်းနေသေးသည်ဟု လွှတ်တော်ကိုယ်စားလှယ်အများအပြားက ခံစားနေရဆဲ ဖြစ်ပါသည်။ အဆင့်မြင့်ဥပဒေသင်တန်းများ စဉ်ဆက်မပြတ် ကျင်းပပေးခြင်းကို ထောက်ခံအားပေးသော လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ အတော်ပင် များပြားပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေဆိုင်ရာ အခြေခံ အသိပညာများကို လေ့လာဆည်းပူးရုံမျှမက ဥပဒေကြမ်းများ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းနှင့် စိစစ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ရရှိလာသည်အထိ လေ့လာသင်ယူရန်လည်း စိတ်အားထက်သန်ကြပါသည်။

**ပုံ ၁၉** ပညာရပ်ပိုင်း/လုပ်ငန်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ဦးစားပေးများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)




- ဥပဒေပြုခြင်း
(ဥပမာ – ဥပဒေအား နားလည်သဘောပေါက်ခြင်း၊ ဥပဒေကြမ်းများအား စိစစ်သုံးသပ်ခြင်း၊ ဥပဒေကြမ်းရေးဆွဲခြင်း၊ ဘတ်ဂျက်သုံးသပ်ခြင်း)
- စောင့်ကြည့်ထိန်းညှိခြင်း
(ဥပမာ – ကော်မတီမှတဆင့် ထိရောက်စွာ ထိတွေ့ဆောင်ရွက်ခြင်း၊ လွှတ်တော် အစည်းအဝေးတွင် မေးခွန်းများမေးမြန်းခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို နားလည်သဘောပေါက်၍ စိစစ်သုံးသပ်နိုင်သည့် စွမ်းရည်)
- ကိုယ်စားပြုခြင်း
(ဥပမာ – မဲဆန္ဒရှင်များနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊ မဲဆန္ဒနယ်သို့ သွားရောက်ရန် စီစဉ်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများ၏ ကိစ္စရပ်များကို ဆောင်ရွက်ပေးခြင်း)

> အခု အတွေ့အကြုံ နှစ်နှစ် ရှိလာပြီဆိုတော့ ကိုယ် ဘာလိုအပ်တယ်ဆိုတာ ကိုယ် သိလာပါပြီ။ တစ်ဦးချင်း အနီးကပ် ကြီးကြပ်သင်ကြားပေးတာကို လိုချင်ပါတယ်။ ဥပဒေနှစ်ခုကို ရေးဆွဲချင်ပါတယ် – ပရဟိတဥပဒေနဲ့ အမျိုးသား 'ရေ' ဥပဒေတွေပါ။ အဲဒီဥပဒေတွေကို ရေးဆွဲနိုင်ဖို့အတွက် အကူအညီ လိုပါတယ်။ ဥပဒေမူကြမ်းနဲ့ ပြင်ဆင်ချက်တွေကို အစိုးရကပဲ လုပ်ပါတယ်။ အဲဒီလို မဖြစ်သင့်ပါဘူး။
>
> ဥပဒေကြမ်းတွေနဲ့ ပြင်ဆင်ချက်တွေအကြောင်း ဆွေးနွေးဖို့ အတော်လေးခက်ခဲနေပါတယ်။ လွှတ်တော်ကနေ လွှတ်တော်ကိုယ်စားလှယ် တွေအတွက် ဥပဒေဆိုင်ရာ သင်တန်းတွေ ပိုပြီးပေးသင့်ပါတယ်။ ဒါမှ ဥပဒေအကြောင်း ဆွေးနွေးမှုတွေမှာ လွှတ်တော်ကိုယ်စားလှယ်တိုင်း ထိထိရောက်ရောက် ပါဝင်ဆွေးနွေးနိုင်မှာပါ။
>
> အလိုချင်ဆုံး ကူညီပံ့ပိုးမှုကတော့ ဥပဒေဆိုင်ရာ အခြေခံအသိပညာတွေပါပဲ။ ဒါမှ လူထုနဲ့ ထိတွေ့ ဆက်သွယ်တဲ့အခါ ဥပဒေတွေအကြောင်း ရှင်းပြနိုင်မှာပါ။

ဥပဒေကြမ်းများအား ပြင်ဆင်ခြင်းနှင့် စိစစ်လေ့လာခြင်းများ အတွက် ဥပဒေပညာရပ်ပိုင်းဆိုင်ရာ အဆင့်မြင့်ကျွမ်းကျင်မှု များ ရှိရန် မလိုအပ်ကြောင်းကို သတိပြုရန် အရေးကြီးပါသည်။ အခြားလွှတ်တော်များတွင် ဥပဒေကြမ်းများကို စိစစ်လေ့လာ နိုင်ရန်အတွက် အရေးကြီးသည်မှာ မူဝါဒဆိုင်ရာ အသိပညာ ဗဟုသုတများသာ ဖြစ်ပြီး ဥပဒေပညာရပ်ဆိုင်ရာ အသိပညာ များသည် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရာ၌ များစွာ အထောက်အကူမပြုကြောင်း တွေ့ရပါသည်။

လွှတ်တော်များအားလုံးတွင် အစိုးရ၏ ဘတ်ဂျက်ကို လေ့လာ စိစစ်ခြင်းသည် ထိပ်ဆုံးမှ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး ဘတ်ဂျက်ကို အထူးပြုလေ့လာသော ကော်မတီများက ထို လုပ်ငန်းတာဝန်ကို အထူးအလေးပေး ထမ်းဆောင်ကြသလိုနှင့် ရေးရာကော်မတီများကလည်း ၎င်းတို့၏ လုပ်ငန်းအစိတ်အပိုင်း တစ်ခုအဖြစ် ထမ်းဆောင်ကြပါသည်။ လွှတ်တော်ကိုယ်စား လှယ်များက ၎င်းတို့သည် ဘတ်ဂျက်များ လေ့လာစိစစ်ခြင်း၊ ဘဏ္ဍာရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းခြင်းတို့တွင် အသိ ပညာနှင့် ကျွမ်းကျင်မှုများ လုံလောက်စွာ မရှိသေးဟု ရှုမြင်ကြ ပါသည်။

> လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဘတ်ဂျက်တွေကို လေ့လာစိစစ်ရတဲ့အတွက် ဘတ်ဂျက်နဲ့ ဘဏ္ဍာရေးဆိုင်ရာ သင်တန်းတွေ လိုအပ်မယ်လို့ ထင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခိကတာဝန်တွေထဲမှာ တစ်ခုက ဘတ်ဂျက်သုံးစွဲမှုတွေကို စောင့်ကြည့်ကြပ်မတ်ရတာ ဖြစ်တဲ့အတွက် အဲဒါနဲ့စပ်လျဉ်းတဲ့ နည်းပညာရပ်ပိုင်းဆိုင်ရာတွေကို လေ့လာနိုင်ဖို့ ပံ့ပိုးကူညီမှုတွေ ပိုပြီးလိုအပ်ပါတယ်။

## ပထမအကြိမ်လွှတ်တော်နှင့်မတူ ပြောင်းလဲလာမှုကို လေ့လာခြင်း

ပထမအကြိမ်လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဘတ်ဂျက်နှင့် အစိုးရအသုံးစရိတ်များဆိုင်ရာ သင်တန်းများ လိုအပ်ချက်သည် ယခုလောက် မကြီးမားခဲ့ပါ။ လွှတ်တော်စနစ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရ၏အသုံးစရိတ်များကို စောင့်ကြည့်ထိန်းကျောင်းရသည့် ၎င်းတို့၏ အခန်းကဏ္ဍကို ပိုမိုနားလည်သိရှိလာကြပါသည်။ ဘတ်ဂျက်များနှင့် အစိုးရငွေစာရင်းများကို နားလည်သိရှိရန်နှင့် စောင့်ကြည့်ကြပ်မတ်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ နှင့်/သို့မဟုတ် ဌာနတစ်ခုထားရှိခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ် အများအပြားနှင့် ကော်မတီများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဝန်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ကိုယ်စားလှယ်ရုံးကို စီမံခန့်ခွဲမှုနှင့် မဲဆန္ဒနယ်မြေမှ အချက်အလက်များ ကောက်ယူစုဆောင်းမှုဆိုင်ရာ သင်တန်းများ ပေးမည်ဆိုလျှင်လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုကြောင်း အတိအလင်း ဆိုပါသည်။

လွှတ်တော်လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သော ကျွမ်းကျင်မှုများနောက်တွင် ဦးစားပေးမှုအမြင့်မားဆုံး ကျွမ်းကျင်မှုများမှာ တွန်းအားပေးဆွေးနွေးနိုင်မှု (advocacy) စွမ်းရည်နှင့် လူအများရှေ့ စကားပြောဆိုနိုင်မှု စွမ်းရည် (လွှတ်တော် ကိုယ်စားလှယ်များ၏ ၃၀% နှင့် ၁၇% က ပထမဦးစားပေးအဖြစ် အသီးသီး ဖော်ပြကြပါသည်) တို့ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ အများဆုံး တောင်းဆိုသော ကျွမ်းကျင်မှုမှာ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုဖြစ်ပြီး (၆၉%) ICT ကျွမ်းကျင်မှုနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် ကျွမ်းကျင်မှု များသည်လည်း တတ်မြောက်ကျွမ်းကျင်လိုကြောင်း အပြောများသည့်အရာများ ဖြစ်ပါသည် (လွှတ်တော် ကိုယ်စားလှယ်များ၏ ၁၂ ရာခိုင်နှုန်း နှင့် ၁၀ ရာခိုင်နှုန်းက ပထမ ဦးစားပေးအဖြစ် အသီးသီး ဖော်ပြကြပါသည်)။

ဘာသာစကားကျွမ်းကျင်မှုများသည်လည်း အရေးကြီးကြောင်း ပြောဆိုမှုမှာ မကြာခဏ ကြားသိရခြင်း ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားကို ပြောဆိုနိုင်ခြင်းသည် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်များနှင့် နိုင်ငံတကာအတွေ့အကြုံများကို နှိုင်းယှဉ်လေ့လာနိုင်မှုများ (အရင်းအမြစ်အများစုမှာ အင်္ဂလိပ်

ပုံ ၂၀

လွှတ်တော်ကိုယ်စားလှယ်များ၏ ဦးစားပေး ကျွမ်းကျင်မှုသင်တန်းများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)



ဘာသာဖြင့်သာ ရရှိနိုင်)ကို ပိုမိုပြုလုပ်နိုင်ရန်နှင့် အခြား နိုင်ငံမှ လွှတ်တော်များ၏ လုပ်ငန်းဆောင်ရွက်ပုံများကို သွားရောက်လေ့လာနိုင်မည့် နိုင်ငံတကာ လေ့လာရေးခရီးစဉ်များ သွားရောက်နိုင်ရန် လိုအပ်သည့် အရည်အချင်းတစ်ခုဟု ရှုမြင်ကြပါသည်။ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်အချို့သည် မြန်မာဘာသာစကားကို ကျွမ်းကျင်ရေလည်စွာ ပြောဆိုရန် ယုံကြည်ချက် နည်းပါးနေခြင်းက ၎င်းတို့အတွက် အခက်အခဲဖြစ်စေပြီး ၎င်းတို့၏ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို ထိခိုက်စေနိုင်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင်၊ ကော်မတီများတွင် ပါဝင်ဆွေးနွေးရန်နှင့် မဲဆန္ဒနယ်မြေတွင် လုပ်ငန်းများ လုပ်ဆောင်ရာ၌ အထောက်အကူဖြစ်စေရန် လူအများရှေ့ စကားပြောဆိုမှု စွမ်းရည်သည်လည်း အရေးကြီးကြောင်း ပြောကြပါသည်။ လူများနှင့် ထိရောက်စွာ ပြောဆိုဆက်သွယ်နိုင်စွမ်းသည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များကို လူထုထောက်ခံမှု ရရှိစေရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်၏ လုပ်ငန်းများကို အများလက်ခံမှု ရရှိစေရန် အရေးကြီးကြောင်း လွှတ်တော်ကိုယ်စားလှယ်များက သိရှိကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ နိစ္စဓူဝ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းအချို့တွင် အခက်အခဲများ ကြုံတွေ့ရသည့် လွှတ်တော်ကိုယ်စားလှယ် အနည်းငယ်လည်း ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ရုံးစာတစ်စောင်ကို မည်သို့ ရေးသားရမည်ဆိုသည် ကို မသိရှိကြောင်း ဤသို့ ပြောပြပါသည် –

> ရုံးစာရေးတယ်ဆိုတာက အရမ်းခက်ခဲတဲ့ကိစ္စမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော် အရင်က တစ်ခါမှ မလုပ်ဖူးဘူးလေ။

## ၈–၃။ မူဝါဒနှင့် အကြောင်းကိစ္စရပ်များပေါ် အခြေခံသော ပံ့ပိုးကူညီမှု

လွှတ်တော်ကိုယ်စားလှယ် အများအပြားအား နိုင်ငံရေးသမားများ ဖြစ်လာစေရန် စေ့ဆော်သောအကြောင်းတစ်ခုမှာ ၎င်းတို့သည် အချို့သော မူဝါဒနယ်ပယ်များတွင် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်စေရန် ကြိုးပမ်းအားထုတ်လိုမှု ဖြစ်ပါသည်။ ဥပမာ ၎င်းတို့သည် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး၊ ကျန်းမာရေးစနစ် တိုးတက်ကောင်းမွန်ရေး၊ ပဋိပက္ခ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှု ပြဿနာကို ဖြေရှင်းခြင်း၊ စသည်တို့အတွက် ဆောင်ရွက်ပေးလိုကြပါသည်။ ဤသည်မှာ နိုင်ငံတကာတွင်လည်း တွေ့ရများသည့် အချက် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းများနှင့် ကော်မတီတွင်း သုံးသပ်ဆွေးနွေးမှုများတွင် ပညာရပ်ပိုင်းဆိုင်ရာများကို ပိုမို ထိရောက်စွာ ပါဝင်ဆွေးနွေးနိုင်ရေးအတွက် မူဝါဒနယ်ပယ်နှင့် အကြောင်းကိစ္စရပ်များအပေါ် အခြေခံသည့် အဆင့်မြင့်သင်တန်းများပေးရန် လိုအပ်ကြောင်း ပြောကြားကြပါသည်။

> လွှတ်တော်ကိုယ်စားလှယ်တွေဟာ နယ်ပယ်တစ်ရပ်မှာ ကျွမ်းကျင်အောင် လုပ်သင့်တယ်။ သက်ဆိုင်ရာ ဘာသာရပ်/စိတ်ဝင်စားတဲ့ ပညာရပ်နယ်ပယ် ဒါမှမဟုတ် ကျွမ်းကျင်မှုနယ်ပယ်ပေါ် မူတည်ပြီးတော့လည်း တာဝန်ပေးသင့်တယ် … တချို့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် သူတို့စိတ်ဝင်စားတဲ့ နယ်ပယ်တွေနဲ့ တာဝန် ထမ်းဆောင်နေရတဲ့ ကော်မတီတွေက မကိုက်ညီဘူး ဖြစ်နေတယ်။
>
> ကော်မတီအလုပ်တွေနဲ့ ဆက်စပ်တဲ့ အကြောင်းအရာအတွက် ဆွေးနွေးဖလှယ်ပွဲနဲ့ debate တချို့ကို တက်ရောက် ဖြစ်ပါတယ်။ အဲဒီအစီအစဉ်တွေက အထောက်အကူဖြစ်ပါတယ်။
>
> ‘ပိုပြီးထိရောက်မှုရှိဖို့အတွက် လွှတ်တော် ကိုယ်စားလှယ်တွေမှာ ကိုယ့်ကော်မတီနဲ့ ဆက်စပ်နေတဲ့ နိုင်ငံတကာဥပဒေ တွေအကြောင်း သိရှိသင့်ပါတယ်။ သက်ဆိုင်ရာကော်မတီတွေအတွက် သင့်လျော်တဲ့ အကြောင်းအရာဘာသာရပ်နဲ့ သက်ဆိုင်တဲ့ အသိပညာဗဟုသုတတွေကို မျှဝေပေးနိုင်မယ်ဆိုရင် အထောက်အကူဖြစ်ပါလိမ့်မည်။
>
> လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်တွေ၊ လူ့အခွင့်အရေးဥပဒေနဲ့ အိမ်နီးချင်းနိုင်ငံတွေက ဥပဒေတွေအပါအဝင် နိုင်ငံတကာဥပဒေတွေကို သိဖို့လိုပါတယ်။

ဤကဲ့သို့သော သင်တန်းများ၊ ကူညီပံ့ပိုးမှုမျိုးကို အစိုးရအရာရှိများက ပေးနိုင်ပြီး (ထိုသို့ဆောင်ရွက်ပေးမှု အချို့လည်း ရှိပါသည်) ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ (အထူးသဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို နားလည်သိရှိသူများ) ပေါင်းစပ်ကာ ပံ့ပိုးပေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်ဟု လွှတ်တော်

ကိုယ်စားလှယ်များက ဆိုပါသည်။ လွှတ်တော်ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ အခြားနိုင်ငံများနှင့်မတူ တမူထူးခြားသော အခြေအနေများကို သတိပြုနားလည်ကာ သင့်လျော်သည့် နည်းလမ်းများဖြင့် လက်ခံရရှိသော သတင်းအချက်အလက်များကိုလည်း များစွာတန်ဖိုးထားကြပါသည်။ ထိုအကူအညီမျိုးအား စိတ်ဝင်စားသော လွှတ်တော်ကိုယ်စားလှယ်များအတွက် ဆွေးနွေးဖလှယ်ပွဲပုံစံဖြင့် ပေးအပ်နိုင်သလို ကော်မတီတစ်ခုချင်းစီကို ရွေးချယ်ကာ ပိုမို မဟာဗျူဟာကျသည့် နည်းလမ်းဖြင့် တိုက်ရိုက်ပံ့ပိုး ပေးနိုင်ပါသည်။ နှစ်စဉ် စီမံကိန်းများ ရေးဆွဲထားသော ကော်မတီများတွင် ထိုစီမံကိန်းများပေါ် မူတည်ကာ ကော်မတီ၏ ဦးစားပေးကိစ္စရပ်များနှင့် အနာဂတ်တွင် လုပ်ဆောင်ရန်ရည်ရွယ်ထားသော လုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေမည့် မူဝါဒဆိုင်ရာပံ့ပိုးမှုများကို ပေးအပ်နိုင်မည် ဖြစ်ပါသည်။

သို့သော် ကော်မတီများသည် မိမိတို့ကော်မတီက ကိုင်တွယ်ရသည့် ကိစ္စရပ်များကို အသေးစိတ် လေ့လာစိစစ်မှုများ ပြုလုပ်မည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာ မူဝါဒနယ်ပယ်တွင် ကျွမ်းကျင်လာအောင် လုပ်ရင်းကိုင်ရင်း သင်ယူနိုင်ပြီး အစိုးရ၊ ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ညှိနှိုင်းဆွေးနွေးရင်း သင်ယူနိုင်မည်ဖြစ်သလို ကော်မတီသို့ ပေးပို့လာသော အကြံပြုစာများ၊ တင်ပြစာများ၊ ကြားနာမှုများမှတစ်ဆင့် စုဆောင်းရရှိသော သက်သေအထောက်အထားများမှလည်း ကျွမ်းကျင်မှုများ ရရှိလာနိုင်ပါသည်။ နိုင်ငံတကာတွင် လွှတ်တော် ကိုယ်စားလှယ်အများအပြားသည် ကော်မတီ လေ့လာစိစစ်မှု လုပ်ငန်းစဉ်ကို အသုံးပြုကာ နည်းပညာပိုင်းဆိုင်ရာ၊ မူဝါဒပိုင်းဆိုင်ရာ အသိပညာ ဗဟုသုတများစွာကို စုဆောင်းကြပြီး ထိုအသိပညာများက ၎င်းတို့၏ ဥပဒေပြုရေး၊ ကိုယ်စားပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတာဝန်များကို ထမ်းဆောင်ရာတွင် အထောက်အကူပြုပါသည်။

## ၈–၄။ ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အကူအညီများကို ပံ့ပိုးပေးခြင်း

အကောင်းဆုံးသင်ယူလေ့လာနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များတွင် အကြိုက်အမျိုးမျိုး ကွဲပြားကြပါသည်။ လွှတ်တော်သက်တမ်း ဤအဆင့်တွင် လူအများ ပါဝင်တက်ရောက်သည့် အလုပ်ရုံဆွေးနွေးပွဲများထက် တစ်ဦးချင်း အနီးကပ်သင်ကြားပေးခြင်း၊ drop-in အစီအစဉ်များနှင့် သင်တန်းသားအရေအတွက် အနည်းငယ်ဖြင့် master-class များ ပို့ချပေးခြင်းကို ပိုမိုနှစ်သက်ကြသည်ကို တွေ့ရပါသည်။ စစ်တမ်းဖြေဆိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၆၅ ရာခိုင်နှုန်းက သင်တန်းသား အနည်းငယ်မျှဖြင့် ပို့ချသော သင်တန်းများကို ပို၍ နှစ်သက်ကြပါသည်။

လွှတ်တော်ကိုယ်စားလှယ်များက မိမိဘာသာ လေ့လာသင်ယူမှုဆိုင်ရာ လိုအပ်ချက်များအကြောင်းကိုလည်း ပြောဆိုကြပါသည်။ ထိုအတွက် စာအုပ်များ၊ ရည်ညွှန်းကိုးကားနိုင်သည့် အရင်းအမြစ်များ လိုအပ်သည်ဟု ဆိုပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ဥပမာ International IDEA ကဲ့သို့သော မိတ်ဖက်အဖွဲ့အစည်းများထံမှ စာအုပ်များနှင့် ရည်ညွှန်းကိုးကားနိုင်သော အထောက်အကူများသည် အသုံးတည့်ကြောင်းလည်း ပြောပြကြပါသည်။ သို့သော် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အခြားရင်းမြစ်များထံမှ လွှတ်တော်ကိုယ်စားလှယ်များ ရရှိနိုင်သည့် အထောက်အကူပစ္စည်း၊ စာအုပ်စာတမ်းအမျိုးမျိုးကို ၎င်းတို့အနေဖြင့် ကောင်းစွာမသိရှိသည့် အခြေအနေများလည်းရှိနိုင်ပါသည်။ ဤနေရာတွင် လွှတ်တော်သင်ကြားရေးဗဟိုဌာန၏ အခန်းကဏ္ဍသည် အရေးပါလာပါသည်။ သင်ကြားရေးဗဟိုဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ၎င်းတို့ဘာသာ လေ့လာသင်ယူရာတွင် အထောက်အကူပြုနိုင်သည့် မည်သည့် စာအုပ်စာတမ်းများ၊ အရင်းအမြစ်များ ရရှိနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် ဆက်သွယ်အသိပေး၍ ပံ့ပိုးပေးနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အလွန်အလုပ်များကြသဖြင့် အွန်လိုင်းသင်တန်းများ ပံ့ပိုးပေးနိုင်မည်ဆိုလျှင် ရသမျှအချိန်တွင် မိမိတို့ဘာသာ လေ့လာသင်ယူနိုင်မည်ဟုလည်း ပြောဆိုမှုများရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မိမိဘာသာလေ့လာသင်ယူမှုနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ၎င်းတို့နေထိုင်သော ညေ့ရိပ်သာတွင် အပါအဝင် wifi ကို လက်လှမ်းမီ အသုံးပြုနိုင်ရေးသည် အရေးကြီးသော အဟန့်အတားတစ်ခုဖြစ်သည်ဟု ဆိုကြပါသည်။

> အွန်လိုင်းအင်္ဂလိပ်စာသင်တန်းလိုမျိုး
> အွန်လိုင်းသင်တန်းတွေကို ပိုကြိုက်တယ်။
> ဆရာနဲ့ တစ်ရက်လောက် သင်ပြီးရင်
> နောက်ပိုင်း အချိန်ပေးနိုင်ရင် ပေးနိုင်သလို
> ကိုယ့်ဘာသာ လေ့လာသွားလို့ရပါတယ်။ အဲဒါက
> အထိရောက်ဆုံးလို့ ထင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအတွက် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးမှုများပေးရာတွင် အချိန်ရွေးချယ်မှုသည် အရေးကြီးပါသည်။ လွှတ်တော်အစည်းအဝေးများကို မပျက်မကွက်တက်ရောက်ရပြီး ကော်မတီလုပ်ငန်းတာဝန်များလည်း ရှိနေရာ လွှတ်တော်ကိုယ်စားလှယ်များအဖို့ နေ့ဘက်တွင် သင်တန်းများ တက်ရောက်ရန် အချိန်ရရှိမှု နည်းပါးပါသည်။ လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ် ကာလအတွင်း အခြားသော တာဝန်များကို ပို၍ဦးစားပေးရမည် ဖြစ်သောကြောင့် သင်တန်းများ တက်ရောက်နိုင်သည့်အချိန် နည်းပါး

သည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ဆိုပါသည်။ လွှတ်တော်လုပ်ငန်းတာဝန်များမှ အားလပ်သည့် ညနေပိုင်းအချိန်များတွင် သင်တန်းများနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးအကူအညီများ ပေးသင့်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုပါသည်။ သို့သော် ညနေပိုင်းတွင် အကြိုအပို့ယာဉ်များ မရရှိနိုင်မှုနှင့် ညစာအတွက် အဆင်မပြေမှု အခက်အခဲများကြောင့် ညနေပိုင်းများတွင် လွှတ်တော်မှ မပြန်ဘဲ နေခဲ့ဖို့မှာလည်း မလွယ်ကူပြန်ပါ။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၀ ရာခိုင်နှုန်းက သင်တန်းများအတွက် အကောင်းဆုံးအချိန်နှင့် နေရာမှာ လွှတ်တော်အပြင်ဘက် ညနေ ၄ နာရီ နောက်ပိုင်းဖြစ်ကြောင်း ပြောပါသည်။ စနေ၊ တနင်္ဂနွေများက အကောင်းဆုံးဟု ပြောသူမှာ ၃၈ ရာခိုင်နှုန်း ရှိပါသည်။ လွှတ်တော်အတွင်းတွင် နေ့လယ် ၁ နာရီမှ ၄ နာရီ အတွင်း သင်တန်းတက်နိုင်ကြောင်း ပြောသော လွှတ်တော်ကိုယ်စားလှယ် မှာ ၃၁ ရာခိုင်နှုန်း ရှိပါသည်။

National Democratic Institute မှ ပံ့ပိုးသော အကူအညီများသည် အသုံးဝင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်း ဆိုပါသည်။ ထိုအဖွဲ့အစည်းမှ ပေးအပ်သော ပံ့ပိုးကူညီမှုများသည် အရည်အသွေးမြင့်မားပြီး ၎င်းတို့၏ ရုံးခန်းများတွင်လည်း wifi ကို အသုံးပြုနိုင်ပါသည်။ ထို့ပြင် အကြိုအပို့နှင့် စားရေးသောက်ရေးကိုလည်း တာဝန်ယူသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် ညနေပိုင်းများတွင် ၎င်းတို့ ပေးအပ်သော ဝန်ဆောင်မှုနှင့် အထောက်အပံ့များကို အခက်အခဲမရှိ ရယူသုံးစွဲနိုင်ကြပါသည်။

# ၉။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရသည့် ဘဝ

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ ဘဝအပေါ် သက်ရောက်မှုများအရ စိတ်ကျေနပ်ဖွယ် ကောင်းသလို စိန်ခေါ်မှုများလည်း ရှိနေပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အလုပ်အကျွေးပြုရခြင်းသည် အလွန်တရာဂုဏ်ယူဖွယ်ကောင်းပြီး တာဝန်ကြီးလေးလှခြင်းနှင့်အတူ တစ်ဖက်တွင် ပုဂ္ဂိုလ်ရေးနှင့် မိသားစုဘဝတွင် ပေးဆပ်အနစ်နာခံရမှုများလည်း ရှိနေပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အားပေးပံ့ပိုးကြသော မိသားစုများသည် အတိုင်းအတာတစ်ခုအထိ ပင်ပန်းဆင်းရဲခံကြရပြီး အနစ်နာခံ စွန့်လွှတ်ရမှုများ ရှိပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် ၎င်းတို့ မိသားစုများ၏ အနစ်နာခံ ပေးဆပ်မှုများအတွက် စိတ်မကောင်းဖြစ်ကြရပြီး မိမိတို့ မိသားစုအတွက် အချိန်မပေးနိုင်ခြင်း၊ ပံ့ပိုးပေးနိုင်မှု မရှိခြင်းများအတွက် ဝမ်းနည်းကြေကွဲကြရပါသည်။

> ကျွန်တော့်အမျိုးသမီးက ကျွန်တော့်ကို အရမ်းပံ့ပိုးအားပေးပါတယ်။ အဲဒီအတွက် သူ့ကို ကျွန်တော် အရမ်းကျေးဇူးတင်တယ်။
>
> ကျွန်တော့်အတွက် တိုင်းပြည်က ပထမဦးစားပေးပါ။ မိသားစုက ဒုတိယပါ။
>
> ကျွန်တော့်မိသားစုက ကျွန်တော် လွှတ်တော်ကိုယ်စားလှယ် လုပ်တာကို လုံးဝသဘောမတူပါဘူး။ သူတို့ကို ကျွန်တော်ထားခဲ့ရတာကိုး။ လွှတ်တော်ကိုယ်စားလှယ် မလုပ်ခင်တုန်းကတော့ ကျွန်တော်က ရှေ့နေဆိုတော့ ဝင်ငွေလည်း ပိုကောင်းတယ်။ အခုတော့ မိသားစုကို သိပ်ပြီး မထောက်ပံ့နိုင်တော့ဘူး။

လွှတ်တော်ကိုယ်စားလှယ်များအတွက် အကြီးမားဆုံးသော ပေးဆပ်ရမှုမှာ သားသမီးများနှင့်စပ်လျဉ်းသည့် ပေးဆပ်ရမှုဖြစ်ပါသည်။ အချို့ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏ မိသားစုနှင့် သားသမီးများကို နေပြည်တော်သို့ ခေါ်လာချင်သော်လည်း လွှတ်တော်အစည်းအဝေးနားချိန်တွင် ဧည့်ရိပ်သာရှိ အခန်းများကို အသုံးပြုခွင့်မရှိသည့်အတွက် အခက်အခဲတွေ့ရပါသည်။ သားသမီးများနှင့် ၎င်းတို့၏ ပညာရေးအပေါ်တွင် သက်ရောက်မှု ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ပို၍ပြင်းထန်စွာ ခံစားရနိုင်ပါသည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ‘အမျိုးသမီးတစ်ယောက် နိုင်ငံရေးလုပ်ပြီဆိုရင် အဲဒီအမျိုးသမီး ကိုယ်တိုင်တင်မကဘူး သူ့ရဲ့သားသမီးတွေပါ ဘဝမှာ ပေးဆပ်ရတာပါ။’

> အလုပ်နဲ့ မိသားစုဘဝကို ချိန်ထိုးရတဲ့အခါတိုင်း အလုပ်ကို ဦးစားပေးခဲ့ပါတယ်။ ကျွန်မ ရွေးကောက်ပွဲဝင်တဲ့ အချိန်တုန်းက ကိုယ်ဝန်ကြီးနဲ့ပါ … လွှတ်တော်အစည်းအဝေး မတက်ရောက်နိုင်ဘဲ ပျက်ကွက်ခဲ့တာ တစ်ကြိမ်တည်း ရှိဖူးပါတယ်။ အဲဒါကလည်း သားလေးအတွက်ကြောင့်ပါ။

လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် ပါတီစုံမှ မိတ်ဆွေသူငယ်ချင်းများစွာ ရှိကြသည်ကို တွေ့ရပါသည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့သည် တစ်ဦးကို တစ်ဦး ပံ့ပိုးကူညီကြသည်ဟု ဆိုပါသည်။ ပထမအကြိမ်လွှတ်တော်ကိုယ်စားလှယ်များ စစ်တမ်းတွင်လည်း ဤအတိုင်း တွေ့ရှိခဲ့ရပါသည်။

> အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တွေဆီက စိတ်ဓာတ်ရေးရာ အားပေးမှုတွေ ရပါတယ်။ သူတို့က နွေးထွေးပြီး ခင်မင်စရာကောင်းတယ်။ သူတို့က နားလည်မှု ပိုရှိတဲ့အတွက် အလုပ်တွဲလုပ်ရတာ၊ ပူးပေါင်းဆောင်ရွက်ရတာ အဆင်ပြေတယ်။

ထိုကဲ့သို့သော ရင်းနှီးခင်မင်မှုမျိုးသည် ပုဂ္ဂိုလ်ရေးအဆင့်တွင်သာမက ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များကြား နားလည်မှု ရရှိရေးအတွက်ပါ အရေးကြီးပါသည်။ ဤနားလည်မှုသည် နိုင်ငံတည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် အရေးကြီးပါသည်။ ထိုခင်မင်ရင်းနှီးမှုသည် ပေါင်းစည်းညီညွတ်မှု ရှိသော လွှတ်တော်များကို တည်ဆောက်နိုင်ရန် အထောက်အကူပြုပြီး ပေါင်းစည်းညီညွတ်မှုရှိသော လွှတ်တော်များသည် စိန်ခေါ်မှုကြီးမားသော နိုင်ငံ့အရေးကိစ္စများကို အပြုသဘောဆောင်၍ တစ်ဦးအပေါ်တစ်ဦး လေးစားမှုရှိစွာဖြင့် ကိုင်တွယ်ဖြေရှင်းပေးနိုင်ပါသည်။

တစ်နိုင်ငံလုံးက တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ကျွန်တော်တို့ ဒီမှာ ဆုံတွေ့ခွင့်ရတယ်၊ သူတို့ရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေနဲ့ သူတို့ရဲ့ ပြဿနာတွေ၊ ခံစားချက်တွေကိုလည်း လေ့လာသိရှိခွင့် ရပါတယ်။

ပါတီအမျိုးမျိုးက မိတ်ဆွေတွေ ရှိတဲ့အတွက် ကျွန်တော်တို့ အစိုးရအပေါ် သူတို့ရဲ့အမြင်တွေကို သိခွင့်ရပါတယ်။

အရမ်းကောင်းတဲ့အချက်က လွှတ်တော်ကိုယ်စားလှယ်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် အထင်သေးတာမျိုး မရှိပါဘူး။ အပြန်အလှန် လေးစားမှု ရှိကြပါတယ်။

## ၉-၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ လစဉ်ချီးမြှင့်ငွေနှင့် အဆောင်အယောင်များ

မြန်မာ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခြင်းကြောင့် ငွေရေးကြေးရေးဆိုင်ရာ အကျိုးစီးပွား များများစားစား မရရှိကြပါ။ လွှတ်တော်ကိုယ်စားလှယ် အများအပြားသည် ၎င်းတို့ မိသားစုများ၏ လိုအပ်ချက်များကို ပိုမို ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည့် ၎င်းတို့၏ မူလအလုပ်အကိုင်များကို စွန့်လွှတ်ခဲ့ကြရပါသည်။ ထိုမျှသာမက လွှတ်တော်ကိုယ်စားလှယ်များ အဖို့ မဲဆန္ဒနယ်မြေဆိုင်ရာ အလုပ်များကို လုပ်ဆောင်ရာတွင် မိမိတို့၏ ကိုယ်ပိုင်ငွေကြေးပစ္စည်းများကို သုံးစွဲရန် လိုအပ်ပါသည်။ နေပြည်တော်နှင့် သိပ်မဝေးသော နေရာတွင် နေထိုင်သော သို့မဟုတ် နေပြည်တော်နှင့် သိပ်မဝေးသော မဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်အချို့သည် အချိန်ပိုင်း အလုပ်များကို ဆက်လုပ်ကြရပါသည်။

ကျွန်တော် လွှတ်တော်ကိုယ်စားလှယ် မဖြစ်ခင်တုန်းက ကျောင်းဆရာပါ၊ လူလတ်တန်းစား မိသားစုက လာတာပါ။ ကျွန်တော့်မိသားစုကို ကျွန်တော် မပံ့ပိုးနိုင်ပါဘူး။ ကျွန်တော့်သမီးက နိုင်ငံခြားမှာ အလုပ်လုပ်ပြီး မိသားစုကို ပံ့ပိုးပေးနေတာပါ။

မိသားစုကို ပံ့ပိုးဖို့ စီးပွားရေးအလုပ်ကို မလုပ်နိုင်တဲ့အတွက် ကျွန်တော်တို့ ဇနီးတွေက သိပ် မကျေနပ်ကြပါဘူး။ ကျွန်တော်တို့က လွှတ်တော်မှာပဲ အချိန်အများဆုံး ကုန်လွန်ရပါတယ်။

ကျွန်တော့်အနေနဲ့ အပိုဝင်ငွေမရှိဘဲ နိုင်ငံရေးသမား တစ်ယောက်အနေနဲ့ ရေရှည်မရပ်တည်နိုင်ပါဘူး။

စစ်တမ်းအချက်အလက်များအရ လွှတ်တော်ကိုယ်စားလှယ်များသည် လစာတိုးပေးရန်ထက် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ကုန်ကျသည့် စရိတ်များ ယခုထက်ပို၍ ကာမိထေမိစေမည့် ထောက်ပံ့ကြေးများကိုသာ မျှော်လင့်ကြောင်း ပြောကြပါသည်။ ထိုသို့ ထောက်ပံ့ကြေးများ၊ နေ့တွက်စရိတ်များသာ ရမည်ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်မြေသို့ ခရီးသွားလာရန်အတွက် မိမိအိတ်ထဲမှ စိုက်ထုတ်ကုန်ကျရန် မလိုဘဲ သွားလာနိုင်မည်ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ရရှိသည့် လစဉ်ချီးမြှင့်ငွေဖြင့် မိမိဘာသာ အိမ်ငှားနေရန် မတတ်နိုင်ကြပါ။ ထို့ကြောင့် လွှတ်တော်မှ စီစဉ်ပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး စုနေရသော ဧည့်ရိပ်သာတွင် နေထိုင်ရပါသည်။ လွှတ်တော်ကိုယ်စားလှယ်တိုင်းအတွက် အခန်းငယ်တစ်ခန်းစီ ရရှိကြပြီး လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်ကာလတွင် ထိုအခန်းငယ်လေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အိမ်ပင်ဖြစ်ပါသည်။ ထိုအခန်းလေးများသည် သေးငယ်သဖြင့် မိသားစုနှင့် အတူနေရန် မဖြစ်နိုင်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်အများစုသည် တစ်ဦးတည်း နေထိုင်ကြရပါသည်။ လျှော်ဖွပ်ခြင်း၊ ချက်ပြုတ်ခြင်းနှင့် သန့်ရှင်းရေးအတွက် လွှတ်တော် ကိုယ်စားလှယ်များ ရရှိနိုင်သည့် ထောက်ပံ့ပစ္စည်း ဝန်ဆောင်မှုများမှာလည်း အဆင်မပြေလှပါ။ စစ်တမ်းဖြေဆိုသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ၅၆ ရာခိုင်နှုန်းက အိမ်ရာအနေအထား ပိုမိုကောင်းမွန် အဆင်ပြေလျှင် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အထောက်အကူဖြစ်မည်ဟု ဆိုပြီး နေရေးထိုင်ရေးကို ပထမဦးစားပေးအဖြစ် သတ်မှတ်သည့် လွှတ်တော်ကိုယ်စားလှယ်များမှာ ၁၂ ရာခိုင်နှုန်း ရှိပါသည်။

ကျွန်တော်တို့ နေရတဲ့ နေရာက ကျဉ်းပါတယ်။ သီးသီးသန့်သန့်လည်း မရှိပါဘူး။ ကျွန်တော်တို့မှာ ကိုယ်ပိုင်ရုံးခန်း မရှိဘူး၊ ကိုယ်ပိုင်ဝန်ထမ်းမရှိဘူး။ ချက်ပြုတ်တာ၊ လျှော်ဖွပ်တာလည်း ကိုယ်တိုင်ပဲ လုပ်ရပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝက တခြား နိုင်ငံက လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ဘဝနဲ့ တော့ ကွာမယ်ထင်ပါတယ်။ ကျွန်တော်လွှတ်တော်မှာ ရှိနေတဲ့အချိန်တွေမှာ မဲဆန္ဒနယ်မြေက ပြဿနာတွေကို ဖုန်းနဲ့ ဖြေရှင်းပေးရပါတယ်။

ကျွန်တော်အခုနေတဲ့ အခန်းက အရမ်းကျဉ်းတယ်။ အခန်းကို ဓာတ်ပုံရိုက်ပြီး ကျွန်တော့်တူဆီကို ပို့လိုက်တော့ သူက ကျွန်တော့်ကို "ဦးလေး နွားတင်းကုပ်မှာ နေနေတာလား" လို့ ကျွန်တော့်ကို မေးတယ်။

နေပြည်တော်တွင် မိမိတို့ဘာသာ သွားလာရန် သယ်ယူပို့ဆောင်စရိတ် မတတ်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိပါသည်။ လွှတ်တော်မှ နေ့စဉ် အကြိုအပို့ စီစဉ်ပေးထားပါသည်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်များသည် ထိုအကြိုအပို့ အစီအစဉ်ကို အားကိုးကာ သွားလာရသည့်အတွက် အချို့ လုပ်ငန်းကိစ္စများကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ရန် အခက်အခဲရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် ငွေရေးကြေးရေး အခက်အခဲများကို ဖြေရှင်းရန် ခက်ခဲလာသောအခါ သို့မဟုတ် အနစ်နာခံရမှုများသည် မိသားစုဘဝအပေါ် ကြီးမားသော သက်ရောက်မှုများရှိကြောင်း တွေ့ရှိလာရသောအခါတွင် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်များ လျော့နည်းလာပြီး လွှတ်တော်ကိုယ်စားလှယ်အများအပြားသည် နောက်သက်တမ်းတွင် ဆက်လက် တာဝန်ထမ်းဆောင်တော့ခြင်း မရှိသည်များ ဖြစ်လာနိုင်ကြောင်းကို သတိပြုရန် အရေးကြီးပါသည်။ ဒီမိုကရေစီစနစ်သည် ကာလရှည်ကြာ တာဝန်ထမ်းဆောင်သော နိုင်ငံရေးသမားများ၏ ဦးဆောင်မှုဖြင့် အမြစ်တွယ်ခိုင်မာလာ လေ့ရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်အပြောင်းအလဲများပြားခြင်းသည် ဒီမိုကရေစီအမြစ်တွယ်မှုကို အဟန့်အတားဖြစ်စေနိုင်သောကြောင့် လွှတ်တော်အဖွဲ့အစည်းအတွက်လည်း နစ်နာနိုင်ပါသည်။ အရေးကြီးသည့်အချက်မှာ လွှတ်တော်အတွေ့အကြုံနှင့်လွှတ်တော်တွင်းအဆင့်ဆင့်လက်ဆင့်ကမ်းလာသော အသိပညာနှင့် ကျင့်သုံးမှုများကို သိရှိမှုနည်းပါးသော လွှတ်တော်ကိုယ်စားလှယ်အသစ် အများအပြားအတွက် လွှတ်တော်ဆိုင်ရာလုပ်ငန်းများ မိတ်ဆက်တင်ပြဆွေးနွေးပေးရခြင်းနှင့် သင်တန်းများ ကျင်းပပေးရခြင်းများ ပြုလုပ်ပေးရမည်ဆိုပါက လွှတ်တော်နှင့်ဒီမိုကရေစီစနစ်အတွက် ကုန်ကျစရိတ်များလည်း ကြီးမားနိုင်ပါသည်။

## ပထမအကြိမ်လွှတ်တော်နှင့်မတူ ပြောင်းလဲလာမှုကို လေ့လာခြင်း

ပထမအကြိမ်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်စစ်တမ်းတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ရခြင်းက ငွေရေးကြေးရေးအခြေအနေ အပေါ်သက်ရောက်မှုရှိကြောင်း ပြောဆိုသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာ အနည်းငယ်သာ ရှိပါသည်။ ဒုတိယအကြိမ်စစ်တမ်းတွင်မူ ငွေရေးကြေးရေး အခြေအနေအား ပြဿနာတစ်ရပ်အဖြစ် တင်ပြသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်မှာများစွာပိုမိုများပြားနေပါသည်။ ယင်းသို့ဖြစ်ရခြင်း အကြောင်းရင်းသည် ပထမအကြိမ်နှင့် ဒုတိယအကြိမ်လွှတ်တော်များရှိ လွှတ်တော်ကိုယ်စားလှယ်များ၏ နောက်ခံအခြေအနေများ ကွာခြားခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

မည်သည်ကို အလိုအပ်ဆုံးဟု ခံစားရပါသနည်းဟု မေးမြန်းသောအခါ လွှတ်တော်ကိုယ်စားလှယ်များ အများဆုံး ဖြေကြားချက်မှာ မဲဆန္ဒနယ်မြေဆိုင်ရာ ပံ့ပိုးမှုများ ဖြစ်ပါသည်။ မဲဆန္ဒနယ်မြေတွင် အထောက်အကူပြုဝန်ထမ်းများရှိရေးသည် ပထမဦးစားပေး ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၅ ရာခိုင်နှုန်းက ဤသည်ကို လိုအပ်ကြောင်းဆိုပြီး ပထမဦးစားပေးဟုဆိုသူ လွှတ်တော်ကိုယ်စားလှယ် ၃၂ ရာခိုင်နှုန်း ရှိပါသည်။ ခရီးသွားလာရေးအတွက် ရန်ပုံငွေ လိုအပ်ချက်သည် ဒုတိယလိုက်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ၇၂ ရာခိုင်နှုန်းက ဤသည်ကို လိုအပ်ကြောင်းဆိုပြီး ပထမဦးစားပေးဟုဆိုသူ လွှတ်တော်ကိုယ်စားလှယ် ၃၁ ရာခိုင်နှုန်း ရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော်က နေထိုင်သည့် နေရာရှိ ICT အထောက်အကူများ တိုးတက်ကောင်းမွန်ရေး (၆၁%)နှင့် နေရေးထိုင်ရေး အခြေအနေ ပိုမိုကောင်းမွန်ရေး (၅၆%) တို့သည် အရေးကြီးကြောင်းပြောကြပါသည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များက မဲဆန္ဒနယ်မြေရှိ အထောက်အကူပြု ဝန်ထမ်းများကို ပို၍ဦးစားပေးပုံရပါသည်။ ယင်းကို ထိပ်ဆုံးဦးစားပေးအဖြစ် ဖော်ပြသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ၃၁ ရာခိုင်နှုန်းသာရှိသော်လည်း အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များမှာမူ ၄၃ ရာခိုင်နှုန်း ရှိပါသည်။ မဲဆန္ဒနယ်မြေများသို့ အသွားအပြန်နှင့် မဲဆန္ဒနယ်မြေအတွင်း သွားလာမှုများအတွက် စရိတ်များကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက ပို၍ ဦးစားပေးကြပါသည်။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ၃၃ ရာခိုင်နှုန်းက ယင်းကို ထိပ်ဆုံး ဦးစားပေးအဖြစ် သတ်မှတ်သော်လည်း ထိုသို့ သတ်မှတ်သည့် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်မှာ ၂၃ ရာခိုင်နှုန်းသာ ရှိပါသည်။

ပုံ ၂၁ လွှတ်တော်ကိုယ်စားလှယ်များကို လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အထောက်အပံ့ဖြစ်စေမည့် အပြောင်းအလဲများ (ဖြေကြားသည့် လွှတ်တော်ကိုယ်စားလှယ်များ ရာခိုင်နှုန်းဖြင့်)



# နိဂုံး

မြန်မာနိုင်ငံတွင် ဒီမိုကရေစီအဖွဲ့အစည်းများ တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်သည် ဆက်လက်အရှိန်ရလျက် ရှိပါသည်။ ယခုစစ်တမ်းတွင် မြန်မာနိုင်ငံရှိ ဒီမိုကရေစီ ရင့်သန်ရေးတွင် ထပ်တလဲလဲ ကြုံတွေ့ရသည့် ကိစ္စရပ်အချို့ကို တွေ့ရှိရပါသည်။ ယခုလွှတ်တော်နှင့် ယခင်လွှတ်တော်ကြား လွှတ်တော်လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ပုံနှင့်စပ်လျဉ်း၍ ကွာခြားချက်အချို့ ရှိသည်ကိုလည်း ရှင်းရှင်းလင်းလင်း မြင်တွေ့ရပါသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ‘*ရှေ့ခရီးဆက်လေ၊ ပိုပြီးခက်ခဲရှုပ်ထွေးတဲ့ အခြေအနေတွေကို တွေ့လာရလေပဲ*’ ဟု ပြောကြားခဲ့မှုက လက်ရှိအနေအထားကို ညွှန်ပြလျက်ရှိပါသည်။

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် ပိုမိုတက်ကြွသော ကော်မတီများ ရှိလာခြင်းနှင့် မဲဆန္ဒနယ်မြေနှင့် ပိုမိုဆက်သွယ်ဆောင်ရွက်မှုများ ပိုများလာခြင်းတို့မှတစ်ဆင့် အရေးကြီးသော တိုးတက်မှုအချို့ကို ရရှိနေပြီဖြစ်ပါသည်။ လွှတ်တော်လုပ်ငန်းများ နိစ္စဓူဝ စီမံခန့်ခွဲမှုများတွင် တိုက်ရိုက် ပါဝင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိလာခြင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုကြပြီး လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များကို မြန်မာပြည်သူများ ပိုမိုသိရှိလာအောင် ဆောင်ရွက်လိုစိတ်များလည်း ထက်သန်နေကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် နေထိုင်လုပ်ကိုင်ရသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အခက်အခဲများ ရှိနေကြသည့်တိုင် လွှတ်တော်နှင့် ဒီမိုကရေစီစနစ်အတွက် ထက်ထက်သန်သန် နှစ်မြှုပ်ကြိုးပမ်းလိုစိတ်များရှိနေကြဆဲ ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ ဥပဒေပြုရေး၊ စောင့်ကြည့်ထိန်းညှိရေးနှင့် ကိုယ်စားပြုရေးတာဝန်များကို အပြည့်အဝထမ်းဆောင်နိုင်ရေးတွင် အဟန့်အတားများ ဖြစ်စေသည့် လွှတ်တော်အစည်းအဝေးနှင့် ကော်မတီများ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ကျင့်သုံးမှုများအကြောင်းပြောပြကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ငန်းတာဝန်များကို ပြည်သူလူထုက ထဲထဲဝင်ဝင် နားလည်သိရှိမှု မရှိခြင်းသည်လည်း လွှတ်တော်အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့ ထမ်းဆောင်နေရသည့် တာဝန်များ၏ အပိုင်းကဏ္ဍများအားလုံးနှင့် စပ်လျဉ်း၍ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လွှတ်တော်ရုံးဝန်ဆောင်မှုများအပါအဝင် ရင်းမြစ်အမျိုးမျိုးမှ ပိုမိုကောင်းမွန်သော သတင်းအချက်အလက် ပံ့ပိုးဝန်ဆောင်မှုများကို ဆက်လက်ပေးအပ်ရန် လိုအပ်လျက် ရှိပါသည်။

အာဏာခွဲဝေကျင့်သုံးခြင်းကို အကောင်းဆုံးဖော်ဆောင်ခြင်း၊ ကျင့်သုံးမှုနှင့် လုပ်ငန်းအသစ်များ ချမှတ်ဆောင်ရွက်ခြင်း၊ အသားကျနေသော တွေးခေါ်ပုံများ ပြောင်းလဲခြင်းနှင့် နိုင်ငံရေးစံအသစ်များ ချမှတ်ခြင်း လုပ်ငန်းစဉ်သည် ရေရှည် ကြိုးပမ်းဆောင်ရွက်သွားရမည့် အရာတစ်ခု ဖြစ်ပါသည်။ ယနေ့အချိန်အထိ တွေ့ရှိရသည့် မြန်မာလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ လိုက်လျောညီထွေ ပြောင်းလဲ လုပ်ဆောင်နိုင်စွမ်းနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် အားကောင်း ခိုင်မာလာရေး လေ့လာသင်ယူလိုစိတ်သာမက ပါဝင်ကူညီပံ့ပိုးလိုစိတ်များရှိနေသည် ချီးကျူးလေးစားဖွယ် ဖြစ်ပါသည်။ ၎င်းတို့၏ အားထုတ်ကြိုးပမ်းမှု၊ သစ္စာစောင့်သိမှုနှင့် အနစ်နာခံမှုများဖြင့် ယနေ့နှင့် အနာဂတ်လွှတ်တော်ကို တည်ဆောက်နေခြင်း ဖြစ်ပါသည်။

## တွေ့ရှိချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ

အဖွဲ့အစည်း၏ စွမ်းဆောင်ရည်မြှင့်တင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဝန်ဆောင်မှုများ၊ ပံ့ပိုးကူညီမှုများနှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်လွှတ်တော်အုပ်ချုပ်ရေးပိုင်းကနည်းလမ်းများ ရှာဖွေရာတွင် ဤစစ်တမ်းမှ လေ့လာတွေ့ရှိချက်များက အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို အကြံပြုရာတွင် မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း ၂၀၁၉–၂၀၂၂ တွင် ပါရှိသည့် ရည်ရွယ်ချက်များ၊ လုပ်ဆောင်ချက်များနှင့် ဆက်စပ်၍ အကြံပြုထားပါသည်။ ဒုတိယလွှတ်တော်၏ ကျန်ရှိသော သက်တမ်းအတွင်း အဆိုပါ အကြံပြုချက်များအတိုင်း လုပ်ဆောင်သွားမည်ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့၏ ဒီမိုကရေစီနှင့် စပ်လျဉ်းသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုထိရောက်စွာ ထမ်းဆောင် ကျင့်သုံးနိုင်အောင် ပံ့ပိုးပေးနိုင်မည်ဖြစ်သည့်အတွက် ဒီမိုကရေစီကူးပြောင်းမှုကို ပိုမိုအားကောင်းစေရန် အထောက်အကူ ပြုနိုင်ပါသည်။

### မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၉–၂၀၂၂ ၏ ရည်မှန်းချက် (၁) – လွှတ်တော်အစည်းအဝေးများနှင့် ကော်မတီများ၏ အကျိုးသက်ရောက်မှု မြှင့်တင်ခြင်း

၁။ **ရေးရာကော်မတီများ၏ ကျင့်သုံးမှုများ တညီတညွတ်တည်း ဖြစ်စေခြင်း။** ကော်မတီများသည် လွှတ်တော်အဖွဲ့အစည်းများ၏ အင်ဂျင်စက်ခန်းများပင် ဖြစ်ပါသည်။ ကော်မတီများသည် ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိရေးတာဝန်နှစ်ရပ်စလုံးကို ထမ်းဆောင်ကြပါသည်။ ရေးရာကော်မတီများသည် နိုင်ငံအဆင့် အရေးကြီးကိစ္စရပ်များကို ကြိုတင်မျှော်တွေးသိရှိပြီး စနစ်တကျဖော်ထုတ်၍ အထောက်

အထား၊ အချက်အလက်များ စုစည်းရန်အတွက် ပြည်သူများ၊ ပါဝင် ပတ်သက်သူများနှင့် ထိတွေ့ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ ဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းကျောင်းရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေပါလိမ့်မည်။ မူဝါဒများကို သုံးသပ်ခြင်း၊ ဥပဒေကြမ်းများ စိစစ်ခြင်းနှင့် ဥပဒေပြုပြီးနောက် စိစစ်ခြင်းတို့ ဆောင်ရွက်ရာတွင် လေ့လာစိစစ်သုံးသပ်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် စနစ်တကျ ဖြစ်စေနိုင်ပါသည်။ စနစ်တကျ ဆောင်ရွက်သည့် နည်းလမ်းသည် လွှတ်တော်ကိုယ်စားလှယ်များအား ပိုမို အားကောင်းသော ပြည်သူ့ရေးရာ မူဝါဒများနှင့် ဥပဒေများ ရေးဆွဲခြင်းနှင့် အဓိက အမျိုးသားဦးစားပေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်သူများ၏ အသံကို ဆောင်ယူလာခြင်းတို့တွင် ပိုမိုထိရောက်စွာ ပါဝင်ကူညီပေးနိုင်စွမ်းရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် ဤသို့စနစ်တကျ ဆောင်ရွက်သည့် နည်းလမ်းသည် ကော်မတီများ၊ လွှတ်တော်အစည်းအဝေးနှင့် ပိုမိုကျယ်ပြန့်သော လွှတ်တော်စနစ်ကြီးတစ်ခုလုံး၏ ထိရောက်မှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

အသေးစိတ်လေ့လာစိစစ်ရမည့် ကိစ္စရပ်များကို ဖော်ထုတ်သိရှိနိုင်ရေးတွင် အရေးကြီးသော ခြေလှမ်းတစ်ရပ်မှာ တိုင်ကြားစာများ စီမံခန့်ခွဲပုံကို ပြုပြင်ပြောင်းလဲရန် ဖြစ်ပါသည်။ သို့မှသာ ကော်မတီတစ်ခုသည် ၎င်း၏ terms of reference နှင့် စပ်လျဉ်းသည့် နိုင်ငံအဆင့် အရေးကြီးသော ကိစ္စများကို စနစ်တကျ ဖော်ထုတ်နိုင်မည်ဖြစ်သည်။ တိုင်ကြားစာများ အားလုံးကို ပေါင်းစုလေ့လာသည့် စနစ်တစ်ခု (ပြည်သူ့ တိုင်ကြားစာများ ကော်မတီမှ ကြီးကြပ်ပေးနိုင်) ကို အသုံးပြု၍ ပြည်ထောင်စုအဆင့်လွှတ်တော်များ၏ ကော်မတီများမှ မည်သည့် စနစ်ပိုင်းဆိုင်ရာ ပြဿနာများကို အသေးစိတ် လေ့လာစိစစ်သင့်ကြောင်း လေ့လာအကဲဖြတ်နိုင်ပါသည်။

၂။ **လွှတ်တော်၏ ကျင့်သုံးမှုများနှင့် လုပ်ထုံးလုပ်နည်းများ၊ လွှတ်တော်လုပ်ငန်းများ စီမံခန့်ခွဲမှုတို့ကို ပြင်ဆင်ပြောင်းလဲရာတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ပါဝင်ကူညီပေးနိုင်မည့် လုပ်ငန်းစဉ်များ ထားရှိဆောင်ရွက်ခြင်း၊** – လွှတ်တော်လုပ်ငန်းများ ထိရောက် လျှင်မြန်စွာလည်ပတ်နိုင်ရေးတွင် လွှတ်တော်ကိုယ်စားလှယ်များက စိတ်ဝင်စားရှိသော လွှတ်တော်များတွင် လွှတ်တော်လုပ်ငန်းများ လည်ပတ်မှုသည် အချောမွေ့ဆုံးပင်ဖြစ်ပါသည်။ လွှတ်တော်လုပ်ငန်းများကို လည်ပတ်ဆောင်ရွက်ရန်နှင့် လွှတ်တော်အစည်းအဝေး အစီအစဉ်များ ရေးဆွဲရန်အတွက် အားလုံးပါဝင်နိုင်မှု ပိုမိုရရှိစေမည့် လုပ်ငန်းစဉ်များ ထားရှိမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်လုပ်ငန်းများကို စီမံခန့်ခွဲရာတွင် ပို၍ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်သည်။ ထို့အတွက် လက်ရှိကော်မတီများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ၊ လွှတ်တော်အစည်းအဝေးအစီအစဉ်များကို ချမှတ်သည့် အလေ့အထများနှင့် အခြားသော လွှတ်တော်တွင်း လုပ်ငန်းစဉ်များကို သင့်လျော်သလို ပြင်ဆင်ပြောင်းလဲပေးခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ လွှတ်တော်လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများကိုလည်း ပြင်ဆင်ခြင်း၊ ပိုကောင်းအောင် ရေးဆွဲခြင်းတို့ ပြုလုပ်နိုင်ပါသည်။

## မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ၏ ရည်မှန်းချက် (၂) – လွှတ်တော်ကိုယ်စားလှယ်များ ၎င်းတို့ တာဝန်များကို ထမ်းဆောင်ရန်အတွက် အရည်အသွေး စွမ်းရည်မြှင့်တင်ခြင်း

၃။ **လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်မည့်ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်များကို ရွေးချယ်ကာ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေမည့် အချိန်များတွင် လိုအပ်သလို ပြင်ဆင်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊** မြန်မာနိုင်ငံတွင် ဒီမိုကရေစီကူးပြောင်းမှု ဖြစ်ပေါ်တိုးတက်လျက်ရှိနေပြီး တစ်ဖက်တွင် လွှတ်တော်သည် သက်တမ်းအားဖြင့် အတန်ငယ်နုနယ်နေသေးသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီစနစ်၏ လိုင်းတံပိုးများနှင့် တောင်းဆိုချက်များကို အလိုက်သင့် ကျော်လွှားဖြည့်ဆည်းနိုင်စွမ်းရှိစေရန် ပညာရပ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆက်လက်ရရှိရန် လိုအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ရန် လိုအပ်သည့်စွမ်းရည်များအား မြင့်တက်လာအောင် ကြိုးပမ်းနေသည့် အားလျော်စွာ ၎င်းတို့အား ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီမှုများကို အလေးထားပေးအပ်သွားဖို့ လိုအပ်ပါသည်။ အောက်ဖော်ပြပါ အသိပညာနှင့် အတတ်ပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဆိုပါက ကြီးမားကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုများကို ရရှိစေမည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ဆိုပါ သည် –

- ဥပဒေစနစ်အကြောင်းနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို နားလည်သိရှိခြင်း၊
- ကော်မတီလေ့လာစိစစ်မှု လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ပါဝင်ဆောင်ရွက်မှု၊
- မဲဆန္ဒနယ်မြေသို့ သွားရောက်မည့် ခရီးစဉ်များအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိခြင်း၊

၄။ **လွှတ်တော်ကိုယ်စားလှယ်များ၏ နေထိုင်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးခြင်း –** လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကို ထမ်းဆောင်ရာတွင် အထောက်အကူပြုနိုင်မည့် ပံ့ပိုးမှုနှစ်ခုမှာ လွှတ်တော်ကိုယ်စားလှယ်များ နေထိုင်သော ဧည့်ရိပ်သာတွင် အခမဲ့အသုံးပြုနိုင်သော wifi ကို ပြန်လည် ရရှိအောင် ပြုလုပ်ပေးခြင်းနှင့် မဲဆန္ဒနယ်မြေနှင့် ခရီးသွားလာစရိတ်များ ထုတ်ပေးခြင်းတို့ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ် အဆောင်အယောင်ဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို ရေးဆွဲခြင်းဖြင့် အထက်ပါ ပံ့ပိုးမှုများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ နေထိုင်မှု အခြေအနေများ တိုးတက်ကောင်းမွန်လာစေမည့် အပြောင်းအလဲများကို ပြုလုပ်နိုင်မည်ဖြစ်ပါသည်။ တိုးတက်လာမှုများက လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များကို ဆက်လက်ထမ်းဆောင်ချင်လာအောင်၊ အထူးပြု ကျွမ်းကျင်မှုများရရှိရန် လေ့လာဆည်းပူးလိုစိတ်များ ထက်သန်လာအောင် စေ့ဆော်ပေးနိုင်မည် ဖြစ်ပါသည်။

## မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၉–၂၀၂၂ ၏ ရည်မှန်းချက် (၃) – လွှတ်တော်ဝန်ထမ်းများနှင့် ၎င်းတို့၏ ဝန်ဆောင်မှုများ အရည်အသွေးကို မြှင့်တင်ခြင်း

၅။ **လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးခြင်း။** လွှတ်တော်ကိုယ်စားလှယ်များသည် ယုံကြည်ကိုးစားနိုင်သော၊ မှန်ကန်တိကျသော အချက်အလက်များနှင့် သုတေသနဆိုင်ရာ ပံ့ပိုးမှုများကို လက်လှမ်းမီ ရရှိမည်ဆိုပါက လွှတ်တော်၏ စောင့်ကြည့်ထိန်းညှိမှု၊ ဥပဒေပြုခြင်းနှင့် မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှု အရည်အသွေးများ တိုးတက်လာမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ICT၊ သုတေသနနှင့် ကော်မတီစာတမ်းတို့များ အပါအဝင် ကဏ္ဍစုံမှ၊ လွှတ်တော်ဌာနများအားလုံးမှ ပိုမိုအရည်အသွေးပြည့်ဝသော သတင်းအချက်အလက်များ လိုအပ်ပါသည်။ လွှတ်တော်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ကြိုတင်ဖြန့်ဝေပေးရန်အတွက် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ထားသည့်လုပ်ငန်းစဉ်များ (business paper အပါအဝင်) ကို ဆက်လက်ဆောင်ရွက်သွားသင့်ပြီး ပိုမိုအားကောင်းလာအောင်လည်း လုပ်ဆောင်သင့်ပါသည်။ မေးခွန်းများနှင့် အဆိုများ၏ စာသားအပြည့်အစုံကို ပုံနှိပ်ဖြန့်ဝေပေးရန် မဖြစ်နိုင်လျှင် မေးခွန်းများနှင့် အဆိုများ၏ အကြောင်းအရာများကို ဖော်ပြပေးခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများအား အသိပေးနိုင်ပါသည်။

၆။ **လွှတ်တော်သင်ကြားရေးဗဟိုဌာနမှတစ်ဆင့် ပညာရပ်နယ်ပယ်အလိုက် လေ့လာနိုင်စေရန် ကူညီပံ့ပိုးမှုပေးခြင်းနှင့် မိမိဖာသာလေ့လာသင်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း။** လွှတ်တော်သင်ကြားရေးဗဟိုဌာနသည် လွှတ်တော်ကိုယ်စားလှယ်များအတွက် ၎င်းတို့ဘာသာ လေ့လာသင်ယူနိုင်မှု ပိုမိုရရှိအောင် ဆောင်ရွက်ပေးသင့်ပြီး စာကြည့်တိုက်များနှင့် ပူးပေါင်း၍ မိမိဘာသာ လေ့လာသင်ယူရန် လိုအပ်သော အထောက်အကူပစ္စည်းများကို ပံ့ပိုးပေးသင့်ပါသည်။ လွှတ်တော်သင်ကြားရေးဗဟိုဌာနနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များကြား ပေါင်းစပ်ညှိနှိုင်းမှုများ ပိုမို အားကောင်းလာပါက လွှတ်တော်အစည်းအဝေးနှင့် ကော်မတီ၌ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်တွယ်ဖြေရှင်းနေသည့်ကိစ္စရပ်များ၊ အကြောင်းအရာများအတွက် ပါဝင်ပတ်သက်သူ အမျိုးမျိုး (အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း)မှ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဆက်သွယ် ဆောင်ရွက်လာစေရန်လည်း အားပေးနိုင်ပါသည်။ လွှတ်တော်စာကြည့်တိုက်သည် မိမိဘာသာ သင်ယူလေ့လာနိုင်သည့် အထောက်အကူပစ္စည်းများကို စုဆောင်းပေးနိုင်ပြီး ထိုအထောက်အကူပစ္စည်းများကို လွှတ်တော် intranet မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးကြော်ငြာ၍ ဖြန့်ဝေပေးနိုင်ပါသည်။

## မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၉–၂၀၂၂ ၏ ရည်မှန်းချက် (၄) – ဆက်သွယ်ရေး၊ နည်းပညာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်း

၇။ **လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များအကြောင်း ပညာပေးရန်အတွက် လွှတ်တော်၏ လူထုနှင့် ထိတွေ့ဆက်သွယ်ပညာပေးမှုများ ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း။** မည်သည့်နိုင်ငံမှ ဒီမိုကရေစီကူးပြောင်းမှုတွင်မဆို ပါဝင်ပတ်သက်သူများ၊ ထောက်ခံအားပေးသူများနှင့် မဲဆန္ဒရှင်ပြည်သူများကို ဦးတည်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းများကို အသိပညာပေးခြင်းသည် လွှတ်တော်အဖွဲ့အစည်းအပေါ် အများ၏ လက်ခံယုံကြည်မှု တိုးပွားလာစေရန် အထောက်အကူပြုနိုင်ပါသည်။ ထို့အတွက် လူထုနှင့် ထိတွေ့ဆက်သွယ်ပညာပေးမှုများတွင် လွှတ်တော်တစ်ရပ်လုံးမှ မဟာဗျူဟာကျ ချဉ်းကပ်ဆောင်ရွက်မှုလိုအပ်ပြီး လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများနှင့် လုပ်ငန်းတာဝန်များအကြောင်းကို ပြည်သူများ သိရှိမှုမြင့်မားလာစေရန် ပြည်သူ့ဆက်ဆံရေး/ လွှတ်တော်ပညာပေးဝန်ဆောင်မှုများကို တိုးမြှင့်ပြုလုပ်သွားရန် လိုအပ်ပါသည်။ အဆိုပါပညာပေးမှုများတွင် လူငယ်များအတွက် အသက်အရွယ်နှင့် သင့်လျော်သည့် လွှတ်တော်စနစ်အကြောင်း

သတင်းအချက်အလက်များကို ခေတ်နှင့်အညီ ပြုစုထားသော ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းများထဲ ထည့်သွင်းသင်ကြားပေးနိုင်ပါသည်။

၈။ **ဒီမိုကရေစီစနစ်တစ်ခု၏ အာဏာခွဲဝေကျင့်သုံးခြင်းကို နက်နက်နဲနဲ နားလည်သိရှိလာအောင် ဆောင်ရွက်ခြင်း၊** နိုင်ငံရေးစနစ်တစ်ခု၏ မဏ္ဍိုင်အသီးသီးကြား အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုသည် တာဝန်ခံမှုရှိစေရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများ ထိရောက် အားကောင်းစေရေးအတွက် အဓိကကျသော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထို့အတွက် ပြုလုပ်နိုင်သည့် အပြောင်းအလဲအချို့တွင် ကော်မတီများမှ အစိုးရ၊ ပါဝင်ပတ်သက်သူများနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပုံမှန်လုပ်ရိုးလုပ်စဉ်များအဖြစ် ပိုမိုပြုလုပ်နိုင်စေရေးအတွက် ကော်မတီများ၏ ကျင့်သုံးဆောင်ရွက်မှု အလေ့အထများကို ပိုမိုထိရောက်မှု ရှိလာအောင် ပြုပြင်ပြောင်းလဲခြင်းနှင့် လွှတ်တော်ပညာပေး ဝန်ဆောင်မှုများကို အားကောင်းအောင်ပြုလုပ်ခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။ ထိုအပြောင်းအလဲများကိုလုပ်ဆောင်ခြင်းဖြင့်အစိုးရနှင့်အကျိုးသက်ဆိုင်သူများ၊ ပါဝင်ပတ်သက်သူများသည် လွှတ်တော်အစည်းအဝေးနှင့်သော်လည်းကောင်း၊ ကော်မတီများနှင့်သော်လည်းကောင်း ပိုမိုထိရောက်စွာ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်စေမည်ဖြစ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တစ်ခုအတွင်း အနိုင်ရပါတီနှင့် အတိုက်အခံပါတီ နှစ်ခုစလုံးမှ လွှတ်တော်ကိုယ်စားလှယ်များ၏ စောင့်ကြည့်ထိန်းညှိရေးတာဝန်ကို ထမ်းဆောင်ရသည့် အခန်းကဏ္ဍအား ပိုမိုနားလည်သိရှိစေမည်ဖြစ်ပါသည်။

| ရေ့လုပ်ငန်းစဉ်များ | မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း၊ ၂၀၁၉-၂၀၂၂ - ဦးစားပေးလုပ်ငန်းများ |
|---|---|
| ရေးရာကော်မတီများ၏ ကျင့်သုံးမှုများအား တညီတညွတ်တည်းဖြစ်စေခြင်း | ၁-၅။ ဘတ်ဂျက်စိစစ်ခြင်းနှင့် စောင့်ကြည့်ထိန်းညှိခြင်း လုပ်ငန်းစဉ်များတွင် လွှတ်တော်က ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊<br>၁-၆။ ဥပဒေကြမ်းမရေးဆွဲမီ တိုင်ပင်ဆွေးနွေးခြင်း လုပ်ငန်းစဉ်၊ ဥပဒေကြမ်း တင်သွင်းရေး ဆောင်ရွက်သည့်လုပ်ငန်းစဉ်နှင့် ဥပဒေပြုပြီးနောက် ပြန်လည်ဆန်းစစ်သည့်လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊<br>၂-၄။ လွှတ်တော်ကိုယ်စားလှယ်များသည် မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်၊ လိုလားချက်များကို အချိန်မီ သိရှိ ဆောင်ရွက်နိုင်ရေးအတွက် ကောင်းမွန်သည့် အစီအမံများထားရှိ ဆောင်ရွက်ရန်၊ |
| လွှတ်တော်၏ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းလည်ပတ်မှုများအတွက် လွှတ်တော်ကိုယ်စားလှယ်များက အကြံဉာဏ်များ ပေးအပ်နိုင်မည့် အစီအမံများ ထားရှိဆောင်ရွက်ခြင်း၊ | ၁-၂။ လွှတ်တော်ဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေမှုများနှင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များကို ထိရောက်အားကောင်းလာစေရန် ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ပုံပိုးမှုများ ချမှတ်ကျင့်သုံးရေး စီမံဆောင်ရွက်ရန်၊ |
| လွှတ်တော်ကိုယ်စားလှယ်များအတွက် အသုံးဝင်မည့် ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်များကို ရွေးချယ်ကာ လွှတ်တော်ကိုယ်စားလှယ်များ အဆင်ပြေမည့် အချိန်များတွင် လိုအပ်သလို ပြင်ဆင်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း | ၂-၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ မူလတာဝန်များကို ပိုမို ထိရောက်မှုရှိစေရန်နှင့် ပြည်သူများကို ဦးဆောင်မှုပေးနိုင်ရန်အတွက် အထောက်အကူပေးခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်၊<br>၂-၅။ ဥပဒေပြုခြင်း၊ စောင့်ကြည့်ထိန်းညှိခြင်း၊ ကိုယ်စားပြုခြင်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာလွှတ်တော်များမှ အကောင်းဆုံး အလေ့အကျင့်များကို ပိုမိုလေ့လာနိုင်ရေးအတွက် စီမံဆောင်ရွက်ရန်၊ |
| လွှတ်တော်ကိုယ်စားလှယ်များ၏ နေထိုင်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးခြင်း | ၂-၈။ လွှတ်တော်ကိုယ်စားလှယ်တာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ် အဆောင်အယောင်ဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်၊ |
| လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက် ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးခြင်း၊ | ၃-၇။ လွှတ်တော်ဝန်ထမ်းများ၏ သုတေသနဝန်ဆောင်မှုနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှု နည်းပညာအရည်အသွေး မြှင့်တင်ရေးအစီအစဉ်များ စီစဉ်ဆောင်ရွက်သွားရန်၊ |

| ရှေ့လုပ်ငန်းစဉ်များ | မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း၊ ၂၀၁၉–၂၀၂၂ – ဦးစားပေးလုပ်ငန်းများ |
|---|---|
| ပညာရပ်နယ်ပယ်အလိုက် လေ့လာနိုင်စေရန် ကူညီပံ့ပိုးမှုပေးခြင်းနှင့် မိမိဘာသာ လေ့လာသင်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ | ၃–၆။ လွှတ်တော်ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ပညာရပ်နယ်ပယ်အလိုက် ပြည်တွင်းပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများဖြင့် အရည်အသွေးမြှင့်တင်သည့် အစီအစဉ်များကို ထိရောက်စွာစီမံဆောင်ရွက်ရန်၊<br>၄–၈။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် လွှတ်တော်သင်ကြားရေး ဗဟိုဌာနက ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်သင်ကြားရေးဗဟိုဌာန ဖွံ့ဖြိုးရေးဗျူဟာတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် |
| လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် တာဝန်များကို အများပြည်သူ သိရှိစေရန် လွှတ်တော်မှ လူထုနှင့် ထိတွေ့ဆက်သွယ်ပညာပေးမှုများ ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်း၊ | ၄–၁။ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ပြည်သူများ ပိုမိုသိရှိလာစေရေးအတွက် လွှတ်တော် သတင်းအချက်အလက်များကို ကျယ်ပြန့်စွာ ဖြန့်ဝေနိုင်ရေးနှင့် ပြည်သူ့အသံကို ပိုမိုနားထောင်နိုင်စေရန် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်၊ |
| ဒီမိုကရေစီစနစ်တစ်ခု၏ အာဏာခွဲဝေကျင့်သုံးခြင်းကို နက်နက်နဲနဲ နားလည်သိရှိအောင် ဆောင်ရွက်ခြင်း၊ | ၄–၇။ လွှတ်တော်အချင်းချင်းသော်လည်းကောင်း၊ လွှတ်တော် ပြင်ပအဖွဲ့အစည်းများနှင့်သော်လည်းကောင်း၊ အခြားပါဝင် ပတ်သက်သူများနှင့် သော်လည်းကောင်း ကျယ်ပြန့်စွာ တိုက်ရိုက် ဆက်သွယ်မှုများ ပါဝင်သည့် လွှတ်တော်ဆက်သွယ်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေးအတွက် ဆက်သွယ်ရေး ဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန်၊ |

# ကျမ်းကိုးစာရင်း


Hluttaw Brochure Working Group. (2017) The Republic of the Union of Myanmar Hluttaw Brochure. (မြန်မာ့လွှတ်တော်၊ Hanns Seidel Foundation နှင့် German Bundestag and Bundesrat တို့မှ ပံ့ပိုးကူညီပါသည်)။

Hubli, S. (၂၀၁၀) *ဒီမိုကရေစီလွှတ်တော်များအတွက် ဆန်းစစ်လေ့လာမှု မူဘောင် – လေ့လာဆန်းစစ်မှုများသော အကြောင်းအရာများ (Assessment Framework for Democratic Parliaments: Common Themes)*၊ ဒီမိုကရေစီလွှတ်တော်များအတွက် စံအမှတ်များ သတ်မှတ်ခြင်းနှင့် မိမိဖာသာ ဆန်းစစ်ခြင်းဆိုင်ရာ နိုင်ငံတကာ ညီလာခံ (the International Conference on Benchmarking and Self–Assessment for Democratic Parliaments) တွင် ဖတ်ကြားသော စာတမ်း၊ ပဲရစ်၊

Hubli, S. (၂၀၀၉) *ဒီမိုကရေစီလွှတ်တော်များအတွင် စံချိန်စံနှုန်းများနှင့် စံအမှတ်များ (Standards and Benchmarks for Democratic Parliaments)*၊ အက်ခရာတွင် ကျင်းပသော ထိရောက်သည့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီများ ပူးတွဲအစည်းအဝေး (Joint Meeting on Effective Electoral Assistance)၊ National Democratic Institute တွင် တင်ပြဆွေးနွေးချက်၊ အက္ကရာ၊

IPU (၂၀၁၈) *ကမ္ဘာ့ အီလက်ထရောနစ်လွှတ်တော်အစီရင်ခံစာ၊ ၂၀၁၈ (World e–Parliament Report 2018)* https://www.ipu.org/resources/publications/reports/2018–1/world–e–parliament–report–2018 တွင် ရရှိနိုင်ပါသည်။

IPU နှင့် UNDP (၂၀၁၇)၊ *ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – လွှတ်တော်မှ စောင့်ကြည့်ထိန်းညှိခြင်း – လွှတ်တော် ၏ အစိုးရကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ၊ (Global Parliamentary Report 2017 – Parliamentary oversight: Parliament's power to hold government to account)*၊ ပြင်သစ် – https://www.ipu.org/resources/publications/reports/2017–10/global–parliamentary–report–2017–parliamentary–oversight–parliaments–power–hold–government–account တွင် ရရှိနိုင်ပါသည်။

IPU နှင့် UNDP (၂၀၁၂)၊ *ကမ္ဘာလုံးဆိုင်ရာ လွှတ်တော်အစီရင်ခံစာ – ပြောင်းလဲလာသော လွှတ်တော်၏ ကိုယ်စားပြုမှု သဘာဝ (Global Parliamentary Report: The Changing Nature of Parliamentary Representation)*၊ ဒိန်းမတ်၊ http://archive.ipu.org/pdf/publications/gpr2012–full–e.pdf တွင် ရရှိနိုင်ပါသည်။

Yamamoto, H. (၂၀၀၇) *လွှတ်တော်စောင့်ကြည့်ထိန်းညှိရေးအတွက် နည်းလမ်းအထောက်အကူများ – နိုင်ငံအဆင့် လွှတ်တော် ၈၈ ခုအား နှိုင်းယှဉ်လေ့လာချက် (Tools for parliamentary oversight: A comparative study of 88 national parliaments)*၊ ဆွစ်ဇာလန်၊ archive.ipu.org/PDF/publications/oversight08–e.pdf တွင် ရရှိနိုင်ပါသည်။

https://www.mm.undp.org/content/myanmar/en/home/library/democratic_governance/survery–of–myanmar–members–of–parliament––reflections–from–the–f.html

# နောက်ဆက်တွဲ (၁)

## ဒုတိယအကြိမ်လွှတ်တော်တွင် ပါတီများအလိုက် ကိုယ်စားလှယ်များပါဝင်မှု

| ပါတီများ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် |
|---|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) | 253 | 134 |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) | 29 | 12 |
| တပ်မတော်သားကိုယ်စားလှယ် | 110 | 56 |
| ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNDP) | 14 | 3 |
| ရခိုင်အမျိုးသားပါတီ (ANP) | 13 | 10 |
| ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) | 3 | 1 |
| တအောင်း (ပလောင်) အမျိုးသားပါတီ (TNP) | 3 | 2 |
| လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | 2 | 0 |
| ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် | 2 | 2 |
| ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | 1 | 0 |
| ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | 1 | 0 |
| “ဝ” ဒီမိုကရက်တစ်ပါတီ | 1 | 0 |
| အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ | 1 | 0 |
| မွန်အမျိုးသားပါတီ | 0 | 1 |
| တစ်သီးပုဂ္ဂလ | 1 | 2 |
| လစ်လပ် | 6 | 0 |
| စုစုပေါင်း | 440 | 224 |

## မြန်မာလွှတ်တော်၏ အမျိုးသမီးကိုယ်စားလှယ်များ

အမျိုးသမီးကိုယ်စားလှယ် ရာခိုင်နှုန်းသည် ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် ၄.၃% ဖြစ်ပြီး ဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် ၁၁.၁၁% သို့ တိုးတက်လာပါသည်။ လက်ရှိဒုတိယအကြိမ်လွှတ်တော်သက်တမ်းတွင် အမျိုးသမီးကိုယ်စားလှယ်ဦးရေ (၇၅) ဦးရှိပါသည်။ ပြည်သူ့လွှတ်တော်တွင် (၄၈) ဦးနှင့် အမျိုးသားလွှတ်တော်တွင် (၂၇) ဦးဖြစ်ပါသည်။ IPU ၏ လွှတ်တော်တွင် အမျိုးသမီးပါဝင်မှု အဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံသည် အဆင့် (၁၆၀) ဖြစ်ပါသည်။

# နောက်ဆက်တွဲ (၂)

## ဒုတိယအကြိမ်လွှတ်တော်ဆိုင်ရာ အချက်အလက်များ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် နှစ်ဆင့်စလုံးတွင် လွှတ်တော်များကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ထိုလွှတ်တော်များ၏ ပထမအကြိမ်လွှတ်တော်သက်တမ်းသည် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ပြည်ထောင်စုအဆင့်တွင် လွှတ်တော်သုံးရပ် ရှိပါသည်။ ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ် ၄၄၀ ဦး ရှိပြီး ကိုယ်စားလှယ် ၃၃၀ ဦးမှာ မြို့နယ်များမှ ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပြီး ၁၁၀ ဦးမှာ ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်သော တပ်မတော်သားကိုယ်စားလှယ်များ ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု မှ ၁၂ ဦးစီအညီအမျှ အသီးသီးရွေးကောက်တင်မြှောက်ပေးလိုက်သည့် ကိုယ်စားလှယ် ၁၆၈ ဦးနှင့် ကာကွယ်ရေးဦးစီးချုပ်မှ ခန့်အပ်သည့် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦး ရှိပါသည်။[14] ပြည်ထောင်စုလွှတ်တော်ကိုမူ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်စလုံးမှ ကိုယ်စားလှယ် ၆၆၄ ဦး စလုံး နှင့် ပါဝင်ဖွဲ့စည်းထားပါသည်။

လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်ချိန်မှ ငါးနှစ်တာကာလ ကြာမြင့်ပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ပါတီစုံ အထွေထွေရွေးကောက်ပွဲများအပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရအပြောင်းအလဲ ဖြစ်ခဲ့ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့်များရှိ လွှတ်တော်များသည်လည်း အပြောင်းအလဲ ဖြစ်ခဲ့ပါသည်။ ဤသို့ လွှတ်တော်တစ်ရပ်မှ အခြားလွှတ်တော်တစ်ရပ်သို့ ကူးပြောင်းခြင်းသည် ၅၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ ပြည်ထောင်စု အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် နှစ်ဆင့်စလုံးတွင် လွှတ်တော်ကိုယ်စားလှယ် များ၏ ၉၀% ခန့်သည် အသစ်ရွေးကောက် တင်မြှောက်ခံရသူများ ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သောကိစ္စရပ်များ၊ အစိုးရအဖွဲ့အစည်းများနှင့် သက်ဆိုင်သော ကိစ္စရပ်များ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌမှ ခွင့်ပြုသော အခြားကိစ္စများကို လွှတ်တော်အစည်းအဝေးတွင် အဆိုတင်သွင်းနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရ၏ လုပ်ဆောင်ချက်များ၊ မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းသည့် ကိစ္စများနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းနိုင်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ကိုယ်တိုင်လာရောက်၍ နှုတ်ဖြင့် ဖြေကြားပေးရသည့် ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းနိုင်သလို ဝန်ကြီးဌာနများမှ စာဖြင့် ရေးသားဖြေကြားနိုင်သည့် ကြယ်ပွင့်မပြမေးခွန်းများကိုလည်း မေးမြန်းနိုင်ပါသည်။

ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်သို့ဖြစ်စေ၊ အမျိုးသားလွှတ်တော်သို့ဖြစ်စေ ဦးစွာတင်သွင်းပါသည်။ ထိုလွှတ်တော်နှစ်ရပ်ကြား သဘောကွဲလွဲမှုရှိသော ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ဆက်လက်တင်သွင်း၍သုံးသပ်ဆွေးနွေးအတည်ပြုပါသည်။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု အစိုးရမှ တင်သွင်းသော ပြည်ထောင်စု ဘတ်ဂျက်ကိုစိစစ်၍ ထိုဘတ်ဂျက်ကို လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီမှုဖြင့် အတည်ပြုခြင်း၊ ပယ်ချခြင်း သို့မဟုတ် လျှော့ချခြင်း တို့ကို ပြုလုပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်တွင် ပူးပေါင်းကော်မတီသုံးရပ် ရှိပါသည်။ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့ ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထားသော 'အမြဲတမ်းကော်မတီ' လေးခု (ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ) ရှိပါသည်။ ထို့ပြင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားရေးရာ ကိစ္စများ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးကိစ္စများ၊ နိုင်ငံခြားရေးနှင့် အခြားကိစ္စများအတွက် ရေးရာကော်မတီများကို အချိန်ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါသည် (လွှတ်တော်နှစ်ရပ်စလုံးတွင် အဓိကမူဝါဒ နယ်ပယ်များအတွက် ဖွဲ့စည်းထားသော ရေးရာကော်မတီများ ရှိပါသည်)။

14 တပ်မတော်သားကိုယ်စားလှယ်များကို ကာကွယ်ရေးဦးစီးချုပ်က သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ခန့်အပ်ပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း – +၉၅(၁) ၅၄၂၉၁၀ မှ ၁၉ အထိ
ဖက်စ် – +၉၅ (၁) ၅၄၄ ၅၃၁
အီးမေးလ် – registry.mm@undp.org
www.mm.undp.org
UNDP Myanmar
UNDP_Myanmar